### အခြေခံဥပဒေရေးရာ

# အခြေခံဥပဒေရေးရာ ဆွေးနွေးခန်း ဆောင်းပါးများ

*မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ရေးသားစီစဉ်တင်ဆက်သော နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးရာ အခန်းဆက် ဆွေးနွေးခန်းဆောင်းပါးများကို ဒီမိုကရက်တစ်မြန်မာ့ အသံက ဇူလိုင်လ လဆန်းမှစ၍ အပတ်စဉ် အင်္ဂါနေ့တိုင်း ည၇း၁၅ မှ ၈း၁၅အထိ အစီအစဉ်တွင် ထုတ်လွှင့်လျက်ရှိသည်။ အခြေခံဥပဒေရေးရာစာစောင် ပရိသတ်များတွက် အပိုင်းခွဲ၍ ပြန်လည်ဖော်ပြလျက်ရှိရာ အပိုင်း (၁)မှ (၁၀)အထိ အခြေခံဥပဒေရေးရာ စာစောင် အမှတ်စဉ်(၈)တွင်ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤအမှတ်စဉ်(၉) စာစောင်တွင် အပိုင်း (၁၀)မှ (၁၆)အ ထိ ဆက်လက်ဖော်ပြလိုက်ရပါသည်။*

အယ်ဒီတာ

## အပိုင်း(၁၀)
## အစိုးရဖွဲ့စည်းခြင်း (ဒုတိယပိုင်း)

ဦးမြင့်အောင်။ ကဲ ဒီနေ့တော့သူဇာပြောတဲ့အတိုင်း သမ္မတအစိုးရစံနစ်အကြောင်း ဆွေးနွေးကြရအောင်လား၊ အစိုးရကို ဘယ်ပုံဘယ်နည်းနဲ့ဖွဲ့မလဲ၊ ဝန်ကြီးတွေကို ဘယ်ပုံဘယ်နည်းနဲ့ ရွေးမလဲဆိုတာပေ့ါ၊

ကိုရင်မောင်။ သမ္မတ အစိုးရစံနစ်ကို အမေရိကန်ပြည်ထောင်စုက စတင်ကျင့်သုံးခဲ့တာနော်၊ ၁၇၇၆ခုနှစ် လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းကစပြီးတော့ပေ့ါ၊

ဦးမြင့်အောင်။ ဟုတ်တာပေ့ါဗျာ၊ နောက်တခုက သမ္မတစံနစ်ကို ကျင့်သုံးတဲ့နိုင်ငံတွေမှာက သမ္မတကို နိုင်ငံရေးအရ အာဏာအရှိဆုံးပုဂ္ဂိုလ် အဖြစ်ထားကြတယ်၊ သမ္မတဆိုတာ အစိုးရအဖွဲ့ ကက်ဘိနက်ရဲ့အကြီးအကဲဖြစ်သလို နိုင်ငံရဲ့ ဥသျှောင်လဲ ဖြစ်တယ်ပေ့ါ၊

မသူဇာ။ နိုင်ငံဦးသျှောင် ဆိုတာ ဘာလဲ အကိုကြီး။

ဦးမြင့်အောင်။ ဆရာမလုပ်နေပြီး ဒါတောင်မသိဘူးလား၊သူဇာရယ်၊

သူ။ ဘုရင်ကိုပြောတာလား၊

ရင်။ အဲ့ဒီလိုလဲ ပြောလို့ရပါတယ်၊ နိုင်ငံတခုမှာ တနိုင်ငံလုံးရဲ့ အမျိုးသားရေးကိုစွ မှန်သမျှကို ကိုယ်စားပြုဆောင်ရွက်ကြတဲ့ သူတွေလေ၊ ကမ္ဘာ့နိုင်ငံအသီးသီး မှာရှိတဲ့ နိုင်ငံဦးသျှောင်တွေကို အကြမ်းအားဖြင့်တော့ ဘုရင်၊ဘုရင်မ တွေနဲ့ သမတတွေဆိုပြီး နှစ်မျိုးခွဲခြားလို့ရတယ်၊

မြင့်။ နိုင်ငံဦးသျှောင်တွေရဲ့ အဓိကတာဝန်ဝတ္တရားတွေကတော့ နိုင်ငံတော်အခမ်း အနားတွေဖွင့်လှစ်ပေးတာမျိုး၊ ပါလီမန်လွှတ်တော်က ပြဋ္ဌာန်းလာတဲ့ ဥပဒေ တွေကို အတည်ပြုလက်မှတ်ရေးထိုး ထုတ်ပြန်ရတာမျိုးတွေပေါ့၊

ရင်။ နောက်ပြီးသံအမတ်ခန့်အပ်လွှာပေးတာတွေ၊ ဝန်ကြီးချုပ်နဲ့ဝန်ကြီးတွေကို ရာ ထူးခန့်အပ်တာတွေ၊ ဝန်ကြီးချုပ်ရဲ့ အကြံပြုချက်နဲ့ ဝန်ကြီးတွေကို တာဝန်က ရပ်စဲတာတွေ၊ ပါလီမန်အစည်းဝေးခေါ်ရတာတွေလဲ လုပ်ရတယ်မှတ်လားအ ကိုကြီး၊

မြင့်။ ဟုတ်တာပေါ့ဗျ၊ ဒါ့အပြင် ဝန်ကြီးချုပ်ရဲ့အကြံပြုချက်နဲ့ ပါလီမန်ကိုလည်းဖျက် သိမ်းနိုင်တယ်၊ လက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ စစ်သေနာပတိချုပ်အဖြစ် ဆောင် ရွက်တာတွေလဲရှိတယ်၊

သူ။ အမေရိကန်သမတ လိုမျိုးပေါ့နော်အကိုကြီး၊ သူဟာနိုင်ငံဦးသျှောင်တယောက် ဖြစ်သလို စစ်သေနာပတိ ချုပ်လဲ ဖြစ်တယ်နော်၊

မြင့်။ အေးကွ၊ ဒါပေမဲ့ နိုင်ငံရေးအရ မူဝါဒ ရေးဆွဲချမှတ်နိုင်တဲ့အာဏာမျိုး နိုင်ငံဦး သျှောင်အနေနဲ့မရဘူး၊ ပါလီမန်က ရေးဆွဲချမှတ်ပေးတဲ့ မူဝါဒတွေအရသာ လိုက်နာ ဆောင်ရွက်ရတယ်၊

သူ။ ဘုရင် ဘုရင်မတွေ နိုင်ငံဦးသျှောင်လုပ်တဲ့နိုင်ငံတွေက ဘယ်နိုင်ငံတွေလဲဟင်၊

ရင်။ ဘုရင်ဒါမှမဟုတ်ဘုရင်မက နိုင်ငံဦးသျှောင်အဖြစ်တာဝန်ယူအုပ်ချုပ်တဲ့ နိုင်ငံ တွေကတော့ယူနိုက်တက်ကင်းဒန်း၊ ထိုင်း၊ ကမ္ဘောဒီးယား၊ နော်ဝေး နဲ့ ဆွီဒင် နိုင်ငံတွေပေါ့၊

မြင့်။ ကဲ နိုင်ငံဦးသျှောင်အကြောင်း နောက်မှ အေးအေးဆေးဆေး ထပ်ဆွေးနွေးကြ တာပေါ့၊ အခုတော့ စောစောကပြောထားတဲ့ သမတ အစိုးရစံနစ်ကြောင်း ဆက်ကြအုံးစို့လား၊

သူ။ သမတ အစိုးရစံနစ်ကို ဘာဖြစ်လို့ကျင့်သုံးကြတာလဲဟင်၊

ရင်။ သမတ စံနစ်ကိုကျင့်သုံးကြရတာက အာဏာခွဲခြားကျင့်သုံးမှုအယူအဆအရ သမတကိုအုပ်ချုပ်ရေးအာဏာ အလေးပေးကျင့်သုံးစေဘို့ပဲဗျ၊

မြင့်။ အင်္ဂလန်နိုင်ငံမှာ (၁၇)ရာစုတွေအထိဘုရင်က အုပ်ချုပ်ရေးအာဏာ တင်မက ပဲ ဥပဒေပြုရေး အာဏာပါ ယူထားတယ်လေ၊ အဲ့ဒီမှာ ဘုရင်နဲ့ ဘုရင်ရဲ့ လုပ် ပိုင်ခွင့်တွေကို ကန့်သတ်ဘို့ ကြိုးပမ်းနေတဲ့ ပါလီမန်တို့အကြား တင်းမာမှုတွေ အာဏာလွန်ဆွဲပွဲတွေ ဖြစ်ခဲ့ကြတယ်၊

သူ။ အင်း– စိတ်ဝင်စားစရာပဲ ဆက်ပါအုံးအကိုကြီး နောက်တော့ဘယ်လိုဖြစ်သွား လဲ၊

မြင့်။ နောက်ဆုံးတော့ ဘုရင်က အုပ်ချုပ်ရေးသက်သက်ပဲ လုပ်ခွင့်ရသွားတယ်၊

သူ။ ပါလီမန်ကတော့ ဥပဒေပြုရေး ပေါ့နော်။

မြင့်။ ဒါပေါ့၊ အခုခေတ်မှာတော့ ဘုရင်တွေနေရာမှာ သမတဆိုတာပေါ်လာတယ်၊ ဒီလိုနဲ့ပဲ သမတဟာ အုပ်ချုပ်ရေးအာဏာကိုသာ ကျင့်သုံးရတယ်၊ ဥပဒေပြုရေးတို့ တရားစီရင်ရေးတို့ကို သီးခြားအာဏာပိုင် အဖွဲ့တွေထားပြီးကျင့်သုံးလာကြတယ်၊

သူ။ ဥပဒေပြုလွှတ်တော်က ရေးဆွဲပြဋ္ဌာန်းလာတဲ့ ဥပဒေတွေကိုတော့ သမတကပဲ လက်မှတ်ထိုး အတည်ပြု ပေးရတာပေါ့နော်၊

ရင်။ ဟုတ်တယ်ဗျ၊ အမေရိကန်နိုင်ငံမှာတော့ ဒီအတိုင်းကျင့်သုံးတာပဲ၊ သမတက လက်မှတ်မထိုးရင် ဗီတိုအာဏာနဲ့ပယ်ချရင် ဥပဒေကြမ်းဟာဥပဒေဖြစ်မလာဘူး၊ ဒါပေမဲ့လည်း လွှတ်တော်တရပ်စီကနေ သုံးပုံပုံနှစ်ပုံ မဲအရည်အတွက်နဲ့ ပြန်ပြီးအတည်ပြုလို့ရပါတယ်၊

သူ။ အကိုကြီး အမေရိကန်နိုင်ငံမှာ သမတကို ဘယ်လိုရွေးလဲဟင်၊

မြင့်။ ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်တယ်လို့ပဲ ပြောရမှာပေါ့၊ အရေးကြီးတာကလဲ အဲ့ဒါပဲဟ၊ ရွေးချယ်တင်မြှောက်ပုံ အဆင့်ဆင့်လေးတွေတော့ ရှိတာပေါ့လေ၊

နန်း။ ဝန်ကြီးချုပ်ရွေးတော့ကော ဘယ်လိုပုံစံနဲ့ရွေးတာများလဲဟင်၊

ရင်။ ပါလီမန်ဒီမိုကရေစီစံနစ်မှာတော့ (၅၀)ရာခိုင်နှုန်းကျော် အမတ်အများစု ရတဲ့ပါတီက ပါတီရဲ့ဥက္ကဌကို ဝန်ကြီးချုပ်ခန့်လေ့ရှိကြတယ်၊ ဘယ်ပါတီကမှ အမတ်အများစုကမနိုင်ရင် အစိုးရဖွဲ့နိုင်လောက်တဲ့ အမတ်အရည်အတွက်ရအောင် ပါတီကြီးတွေက ကျန်ပါတီလေးတွေက အမတ်တွေကို စည်းရုံးပြီး (၅၀) ရာခိုင်နှုန်းကျော်အောင်လုပ်ယူရတာပေါ့၊

သူ။ ဝန်ကြီးအဖွဲ့ကျတော့ရော ဘယ်လို ရွေးကြသလဲ၊

ရင်။ ကျနော် ဆက်ရှင်းပြလိုက်မယ်နော် အကိုကြီး၊

မြင့်။ ရှင်းပါဗျာ ရှင်းပါ၊ သူကလဲ ခင်ဗျားရှင်းပြတာ ပိုနားထောင်ချင်မှာပေါ့၊

ရင်။ ဟာ–အကိုကြီးကလဲ လုပ်တော့မယ်၊ ဒီလိုလေဆရာမရဲ့ အမေရိကန် သမတစံနစ်မှာ သမတက ဝန်ကြီးအမည်စာရင်းကို အထက်လွှတ်တော်မှာ တင်သွင်းရတယ်၊ အထက်လွှတ်တော်ရဲ့ အတည်ပြုချက်နဲ့သာ ခန့်အပ်ရတဲ့သဘောပေါ့၊ နောက်ပြီးတော့ ဝန်ကြီးတွေဟာ ဘယ်လွှတ်တော်ရဲ့ အမတ်မှ မဖြစ်ရဘူး၊

နန်း။ ပါလီမန်အစိုးရစံနစ်မှာတော့ အစိုးရအဖွဲ့ဝင်ဝန်ကြီးတွေကို ဝန်ကြီးချုပ်က ပြည်သူလွှတ်တော် ကိုယ်စားလှယ်တွေထဲက ရွေးချယ်တယ်နော်၊

မြင့်။ ဟုတ်ပါတယ်၊ ဒါပေမဲ့ တချို့ပါလီမန်ဒီမိုကရေစီ နိုင်ငံတွေမှာကတော့ ပါလီမန်အမတ်မဟုတ်တဲ့ သူတွေကိုလည်း အစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြစ် ခန့်တတ်ပါတယ်၊ ဥပမာ ဂျပန်မှာဆိုရင် သုံးပုံနှစ်ပုံထက်မပိုတဲ့ ဝန်ကြီးဦးရေကိုပြင်ပကပုဂ္ဂိုလ်တွေနဲ့ ခန့်အပ်နိုင်တယ်လို့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထဲမှာပြဋ္ဌာန်းထားတယ်၊

ရင်။ အကိုကြီး အိန္ဒိယမှာလည်း ပါလီမန်ကိုယ်စားလှယ်မဟုတ်တဲ့သူတွေကို ရွေး

ချယ်ခန့်အပ်နိုင်တယ်တဲ့၊ ဒါပေမဲ့ အဲ့ဒီဝန်ကြီးဟာ (၆)လအတွင်း ပါလီမန်တရပ်ရပ်ရဲ့အမတ်အဖြစ် ရွေးချယ်ခံရဘို့လိုတယ်ဆိုတဲ့ အကြောင်းတော့ အခြေခံဥပဒေမှာ ပါတယ်တဲ့၊

နန်း။ ကဲ-ကိုရင်မောင်ရေ စကားဖြတ်ပြောတယ်တော့ မထင်နဲ့နော်၊ အပြင်မှာမှောင်စပျိုးနေပြီ၊ နောက်နေ့မှ ဆက်ကြစို့လား၊

ရင်။ ဟုတ်သားပဲဗျာ ကျနော်လဲ ပြောကောင်းကောင်းနဲ့ ပြောနေတာ မှောင်သွားမှန်းတောင်မသိလိုက်ဘူး၊

နန်း။ အကိုကြီး ကျမပြန်မယ်နော်၊

မြင့်။ ကောင်းပါပြီဗျာ၊

သူ။ နန်းက ဒို့ကိုတော့ နှုတ်မဆက်ဘူးနော်၊ လူရွေးပြီးနှုတ်ဆက်တယ်ပေ့ါ၊

နန်း။ မဟုတ်ပါဘူး သူဇာရယ်၊ နှုတ်ဆက်မှာပါ၊ အကိုကြီးကကိုယ့်ထက်အသက်ကြီးသူမို့ အရင်နှုတ်ဆက်တာပါ၊

သူ။ သေချာတယ်နော်၊

မြင့်။ သေချာတယ်မသေချာဘူး သိချင်ရင် ကိုရင်မောင်သာ မေးကြည့်တော့ဟေ့၊

## အပိုင်း(၁၁)
## လွတ်လပ်သောတရားစီရင်ရေးစနစ် (ပထမပိုင်း)

နန်း။ သူဇာရေ ဆရာမနန်းမိုခမ်းတယောက်ရော ပြန်ရောက်ပြီလား၊

သူ။ ဘယ်ရောက်အုံးမလဲ အကိုကြီးရယ် သူတို့ရုံးကသူအမေရဲ့ ကျန်းမာရေးကတော်တော်လေး မကောင်းတာဆိုတော့ အနဲဆုံးတလလောက်တော့ ကြာမယ်ပြောသွားတာ၊

ရင်။ ဒီအချိန်မျိုးကျမှ သူ့အမေကြီးကလဲ နေမကောင်းဖြစ်ရတယ်လို့၊ ကြိတ်လွမ်းတဲ့သူကလဲလွမ်းနေတာနော်၊

မြင့်။ မင်းတို့ကလဲကွာ၊ ဒီလိုမပြောကြပါနဲ့၊ စကားဝိုင်းလေးကတယောက်လျော့နေတော့ပျင်းစရာကောင်းသလားလို့ပါ၊

သူ။ ပျင်းစရာ အသာထားအုံး အကိုကြီးရေ၊ ဒီနေ့ တရားစီရင်ရေးနဲ့ပါတ်သက်ပြီးမေးစရာလေးတွေရှိလို့ ၊

မြင့်။ ကဲကဲ-ဆိုစမ်းပါအုံးသူဇာရဲ့၊ ဖြေပါ့မယ် ဖြေပါ့မယ်၊

သူ။ ဒီလိုလေ ကမ္ဘာ့ဒီမိုကရေစီ နိုင်ငံတွေရဲ့တရားစီရင်ရေးမဏ္ဍိုင်ဟာ တရားမျှတမှုကိုဖော်ဆောင် ပေးတယ်ဆိုတာ ဟုတ်လားလို့၊

မြင့်။ ဟုတ်တာပေ့ါသူဇာရဲ့၊ နောက်ပြီး ဒီမိုကရေစီနိုင်ငံတွေမှာ တရားစီရင်ရေးမဏ္ဍိုင် တည်ငြိမ်ခိုင်ခန့်အောင်လည်း လွတ်လပ်တဲ့တရားစီရင်ရေးဌာနတွေထားကြတယ်၊

သူ။ အဲ့ဒီတရားစီရင်ရေးဌာနတွေအပေါ်မှာ လူတဦးတယောက် ဒါမှမဟုတ် အစိုးရအာဏာပိုင်တွေ၊ တခြားဌာနတွေက အဓမ္မဝင်စွက်ဖက်ခဲ့ရင် ဘာဖြစ်မလဲဟင်၊

ရင်။ ရှင်းရှင်းလေးပေါ့ ဆရာမရယ်၊ တရားမျှတမှုတွေ ပျက်စီးသွားပြီး၊ လွတ်လပ်တဲ့ တရားစီရင်ရေးစံနစ်လဲ ပျက်ပြားသွားမှာပေါ့၊

သူ။ အခု ကျမတို့နိုင်ငံမှာ မအဖ၊ နအဖ အာဏာပိုင်တွေနဲ့ စစ်ထောက်လှမ်းရေး ဌာနက တရားစီရင်ရေးမှာ ဝင်စွတ်ဖက်နေကြတယ်၊ တရားရုံးတွေမှာ ချယ်လှယ်ချင်တိုင်းချယ်လှယ်နေကြတယ်မှတ်လား၊

မြင့်။ ဟုတ်တယ်လေ၊ အဲ့ဒီအာဏာပိုင်တွေ စစ်ထောက်လှမ်းရေးတွေက ဘယ်သူ့အတွက် တရားရုံးတွေမှာ ဝင်ပြီးစွတ်ဖက်တာလဲ၊ ချယ်လှယ်တာလဲ ဆိုတာ ရောသိလား၊

သူ။ သိတာပေါ့ အကိုကြီးရယ်၊ သူတို့အတွက်ရယ်၊ သူတို့နဲ့ နီးစပ်သူတွေ အတွက်ရယ်၊ ငွေပေးလာဒ်ထိုးပြီး ပြစ်ဒါဏ်က ရှောင်ရှားချင်တဲ့သူတွေ အတွက်ရယ် ပေါ့၊

မြင့်။ အမှန်ပဲပေါ့ဟာ ဟိုဘက်လမ်းက မောင်ပုလေး အမှုကိုပဲကြည့်ပါလား၊

ရင်။ ဘယ်လိုဖြစ်လို့လဲဗျ၊

မြင့်။ ဒီလိုလေ မောင်ပုရဲ့အမကို ကြံ့ဖွံ့လူကြီးဦးကျော်ဇောက အရက်မူးမူးနဲ့လက်ဆွဲတယ်၊ ဒါကိုမကျေနပ်လို့ မောင်ပုက ရဲစခန်းမှာသွားတိုင်တယ်၊ ဒါပေမဲ့ နောက်ဆုံးမောင်ပုတယောက် တာဝန်ဝတ္တရားနှောက်ယှက်မှုနဲ့ထောင် (၃) လကျသွားတာပဲ အဖတ်တင်တယ်၊

သူ။ ဟုတ်တယ် ဟုတ်တယ်၊ ကျော်ဇောကြီးကတော့ ဘာမှမဖြစ်ဘူး၊ မဖြစ်ဆို သူ့ဘက်က စစ်ထောက်လှမ်းရေးတွေက အကာအကွယ်ပေးထားတာကို၊

မြင့်။ ဒါတောင်ဒီအမှုမျိုးက သေးသေးလေးပဲရှိသေးတာ၊ ဒီထက်ဆိုးတဲ့ အမှုတွေ အများကြီးရှိသေးတယ်၊ ဒီမိုကရေစီနိုင်ငံတွေမှာဆို ဒီလိုအုပ်ချုပ်သူတွေက တရားစီရင်ရေးအာဏာကို ဝင်စွတ်ဖက်လို့ဘယ်ရမလဲ၊ သူတို့မှာရှိတဲ့ အာဏာနဲ့ တရားရုံးကို ဖိအားပေးလို့မရဘူး၊

ရင်။ သူတို့လဲ နိုင်ငံသားတွေပဲမို့တရားရုံးရှေ့မှောက်မှာ နိုင်ငံသားအချင်ချင်းကြား ဘယ်သူ့ကိုမှ အခွင့်အရေးပေးစရာမလိုဘူး၊ အားလုံးတပြေးညီပဲ ဖြစ်ရမှာပေါ့၊

သူ။ အင်း–အခုတော့ အာဏာပိုင်တွေဟာ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းတွေမှာ ဝင်စွတ်ဖက်နေတာ တရားရုံးဆိုတာလဲ တရားမျှတမှုကင်းမဲ့ကုန်ပြီ၊ လူတွေမှာလဲ အာဏာရှိရင်ရှိသလို ငွေရှိရင်ရှိသလို လုပ်ချင်ရာလုပ်လို့ရတာပဲ ဆိုတဲ့ အသိတွေဝင်လာတယ်၊ အမှန်တရားဆိုတာတွေလဲ ပျောက်ပျက်ကုန်ပြီ၊

ရင်။ ဟုတ်တယ်ဆရာမရေ တကယ်ဆိုတရားရုံးတွေဟာ ပြည်သူပြည်သားတွေအတွက် ယုံကြည်ကိုးစားရာ၊ ကိုယ့်အခွင့်အရေးတွေအတွက် အကာအကွယ်ပေးရာဌာနကြီးတွေ ဖြစ်နေရမှာ၊

သူ။ ဒါပေ့ါရှင် အာဏာပိုင်ဆိုတဲ့သူတွေကလဲ ပြည်သူပြည်သားတွေရဲ့ အခွင့်အရေးကို အချိန်မရွေး နှောက်ယှက်ကျူးလွန်နိုင်တာပဲ၊ အဲ့ဒီအခါ ပြည်သူတွေမှာ အားကိုးစရာ တရားရုံးတွေပဲရှိတာ၊ ဒီတရားရုံးတွေကိုယ်က အစိုးရအာဏာပိုင်တွေရဲ့ ဖိအားပေးလမ်းညွှန်မှုအောက်ရောက်နေရင် ပြည်သူတွေဟာခိုကိုးရာမဲ့ ဖြစ်နေရမှာပေ့ါ၊

မြင့်။ ဒါပေါ့ကွာ တခါတုံးကလဲ NLD က ဦးကြည်မောင်၊ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ စီးလာတဲ့ကားကိုကြံ့ဖွတ်နဲ့ စစ်ထောက်လှမ်းရေတွေက ခဲနဲ့ ပေါက် ဒုတ်နဲ့ရိုက်ကြတယ်မဟုတ်လား။

သူ။ တကမ္ဘာလုံးက သိတဲ့ အမှုပဲ အကိုကြီးရဲ့ ဘာဖြစ်လို့လဲဟင်၊

မြင့်။ အေး–အဲ့ဒီတုံးက NLD ဥက္ကဋ္ဌကြီး ဦးအောင်ရွှေက ဗိုလ်ချုပ်သန်းရွှေဆီကို စာတစောင်ပို့ခဲ့တယ်လေ၊

ရင်။ ဟုတ်တယ် ကျနော်လဲ အဲ့ဒီစာအကြောင်းသိလိုက်တယ်၊ ဒီလိုအဖြစ်မျိုးတွေ နောက်နောင်မှာ မပေါ်ပေါက်စေဘို့၊ အဖြစ်မှန်ပေါ်လွင်အောင် ပြည်သူလူထုတွေ လေးစားယုံကြည်ရတဲ့ပုဂ္ဂိုလ်တွေနဲ့ ခုံရုံးတခု အမြန်ဖွဲ့စည်ပြီးဒီလို နှောက်ယှက်တဲ့သူတွေရဲ့ဆောင်ရွက်ချက်တွေကို တတိုင်းပြည်လုံးသိရအောင် ဖေါ်ထုတ်ပေးဘို့ တိုက်တွန်းထားတာလေ၊

မြင့်။ ဒါပေမဲ့ ဘယ်သူ့ကိုမှ တရားစွဲတာ အရေးယူဖမ်းဆီးတာမှမရှိခဲ့ပဲ၊ ဒီအချက်က ဘာကိုပြသလဲဆိုတော့ စစ်အစိုးရအုပ်ချုပ်မှုအောက်မှာ လွတ်လပ်တဲ့တရားစီရင်ရေး စနစ်မရှိဘူး၊ တရားရုံးတွေဟာ မလွတ်လပ်ဘူးဆိုတာ အထင်အရှားပြနေတာပဲလေ၊

သူ။ ဗိုလ်ချုပ်ခင်ညွန့်ကို NLD က ဥပဒေကြောင်းလမ်းအရ တရားစွဲထားတဲ့ကိစ္စလည်းဒီအတိုင်းပဲ၊ ဘာတရားစီရင်မှုမှ မရှိဘူး မဟုတ်လား၊

ရင်။ တကယ်တန်းက အုပ်ချုပ်ရေးအာဏာပိုင်တွေဆိုတာ နိုင်ငံသားတဦးချင်းစီရဲ့ လူ့အခွင့်အရေးနဲ့ အခြေခံလွတ်လပ်ခွင့်တွေအပေါ် လေးစားလိုက်နာရမှာ၊ ကာကွယ်စောင့်ရှောက်ပေးရမှာ၊ လွတ်လပ်တဲ့တရားစီရင်ရေးစံနစ်နဲ့ ကြပ်မတ်စစ်ဆေးရမှာ၊

သူ။ ဟုတ်တယ်၊ တရားစီရင်ရေးစံနစ်အပေါ် အာဏာပိုင်တွေက လွှမ်းမိုးချုပ်ကိုင်ထားရင် တရားမျှတမှု ကင်းမဲ့လာတာနဲ့အမျှ လူ့ပါတ်ဝန်းကျင်တခုလုံး ထိခိုက်နစ်နာရတယ်၊

မြင့်။ အေးပေါ့ကွယ်၊ တကယ်တော့ အုပ်ချုပ်ရေးအာဏာနဲ့တရားစီရင်ရေးအာဏာကို ရောထွေးကျင့်သုံးလို့မရဘူး၊ စောစောကကိုရင်မောင်ပြောသလိုပဲပေါ့ အုပ်ချုပ်ရေး အာဏာပိုင်ဆိုတဲ့ သူတွေလဲ နိုင်ငံသား တွေပဲဟာ၊

ရင်။ ဟုတ်တယ်လေ အကိုကြီးရဲ့၊ နောက်ပြီး နိုင်ငံသား မှန်သမျှဟာ ဥပဒေလွှမ်းမိုးမှုနဲ့ လွတ်လပ်တဲ့တရားစီရင်ရေးအောက်မှာ တူညီတဲ့ကာကွယ်စောင့်ရှောက်မှုတွေရနေရမှာ၊

သူ။ အခုတော့ ငါးဖယ်ကပြောင်းပြန်ဖြစ်ပြီး၊ ဥပဒေရေးကိစ္စမှန်သမျှ သူတို့လက်ထဲမှာ၊ သူတို့ချယ်လှယ်သမျှ ပြည်သူတွေခံမြာခံနေကြရတာပဲနော်၊

မြင့်။ သူဇာရေ၊ မတရားမှု၊ မကောင်းမှုဆိုတာ၊ တာရှည်မခံပါဘူးကွယ်၊ ဒီတော့ တနေ့မှာပြည်သူတွေအတွက် အကောင်းဆုံးဖြစ်လာစေမဲ့ အခြေနေတွေ ရောက်လာတော့မှာပါ၊ မကြာတော့ပါဘူးကွယ်၊ မကြာတော့ပါဘူး။

# အပိုင်း(၁၂)
# လွတ်လပ်သော တရားစီရင်ရေးစံနစ်၊ (ဒုတိယပိုင်း)

ရင်။ အကိုကြီး တိုင်းပြည်မှာ အရေးပေါ်အခြေအနေရှိလာရင် တရားစီရင်ရေးကို ဘယ်လိုလုပ်ကြမလဲဟင်၊

သူ။ အရေးပေါ် အခြေနေဆိုတာ ဘာကိုဆိုလိုတာလဲ ကိုရင်မောင်ရဲ့၊

မြင့်။ အရေးပေါ်အခြေနေဆိုတာကို နောက်တော့ သေချာပြောပြမယ်၊ လောလော ဆယ်မှာတော့ တရားစီရင်ရေးအကြောင်း အရင်ပြောကြစို့လား၊

သူ။ ဟုတ်ကဲ့ ဒါဆိုလဲ ပြောပါအုံး၊

မြင့်။ ဒီလိုလေ တိုင်းပြည်မှာဘယ်လို အရေးပေါ်အခြေနေမျိုးပဲရှိရှိ တရားစီရင်ရေး အာဏာဟာ တရားရုံးတွေမှာသာရှိရမယ်၊

သူ။ အထူးတရားရုံးတို့ စစ်ခုံရုံးတို့ မလိုဘူးလား၊

ရင်။ မလိုဘူးဗျ၊ ပြည်သူလူထုထဲက ဘယ်သူပဲ မှုခင်းဖြစ်ဖြစ် တရားရုံးတွေမှာသာ စစ်ဆေးစီရင်ခံရမယ်၊ တရားစွဲဆိုခံရသူတိုင်းဟာ တရားမျှတမှုရှိပြီး အများ ပြည်သူတက်ရောက်နားထောင်နိုင်တဲ့ တရားခွင်မှာပဲ စစ်ဆေးစီရင်ခံရမယ်၊

သူ။ ခိုးဝှက်ပြီးအမှုစစ်တာတို့ မျက်ကွယ်မှာစီရင်ချက်ချတာမျိုးတို့ မလုပ်ရဘူးပေါ့၊

မြင့်။ ဘာလုပ်စရာလိုမလဲ သူဇာရယ်၊ တရားဥပဒေနဲ့အညီ စီရင်ဆုံးဖြတ်ရမဲ့ကိစ္စကို ဘာကြောင့် ခိုးဝှက်ပြီးလုပ်ဘို့လိုမလဲ၊

ရင်။ ဒါပေ့ါ တရာသူကြီးတွေက တရားဥပဒေကိုသာ တာဝန်ခံပြီး စီရင်ရမယ်၊ ဥပ ဒေမျက်နှာကိုပဲ ကြည့်ရမှာပေ့ါ၊ ဘယ်လိုအကြောင်းကြောင့်မှ ဘယ်သူ့ကြောင့် မှ နောက်ယှက်ဖိအားပေးတာ ခြိမ်းခြောက်သွေးဆောင်တာတွေ မရှိသင့်ဘူး၊

သူ။ တရားသူကြီးတွေဟာ အဂတိတရားကင်းရမှာပေ့ါနော်၊

မြင့်။ ဒါပေ့ါကွယ်၊ ဒီအဂတိတရားတွေထဲမှာ ကြောက်ရွံ့မှုဆိုတာ တဦးတယောက် အဖွဲ့တဖွဲ့ရဲ့ ဩဇာလွှမ်းမိုးမှုကြောင့်ဖြစ်တာ၊ ဒီအချက်ဟာ ကျနော်တို့နိုင်ငံရဲ့ တရားစီရင်ရေး လွတ်လပ်မှုအတွက် အဓိက အဟန့်အတားပဲ၊

ရင်။ အခုကျနော်တို့နိုင်ငံက လက်ရှိတရားစီရင်ရေးအခြေနေကတော့ ငွေပိုပေးနိုင် လေ တရားနိုင်လေပါပဲ ၊

သူ။ အကိုကြီးက တရားရုံးတွေမှာ လက်ငင်းတွေ့ကြုံနေရတာဆိုတော့ တရား သူ ကြီးတွေရဲ့ မမှန်မကန်ဆောင်ရွက်မှုတွေကြောင်း နည်းနည်းလောက်ပြော ပြပါလား၊

မြင့်။ အင်း–လောလောဆယ်အခြေနေမှာကြုံတွေ့နေရတာပြောပြရမယ်ဆိုရင်တ ရားသူကြီးတွေဟာ ပြစ်မှုနဲ့လျော်ညီထိုက်သင့်တဲ့ ပြစ်ဒါဏ်မချပဲ အဂတိလိုက် စားပြီး စတိသဘောပြစ်ဒါဏ်ချတာတွေ၊ နောက်ပြီး မူလကစွဲဆိုခဲ့တဲ့ ဥပဒေပုဒ် မနဲ့ ပြစ်မှုမထင်ရှားပေမဲ့ တခြားဥပဒေပုဒ်မတခုနဲ့ ငြိစွန်းနေကြောင်းပေါ်လွင်တဲ့ အမှုမှာ ပုဒ်မပြောင်းပြီးစွဲချက်တင်ဘို့ ပျက်ကွက်တာတွေ၊ အမျိုးမျိုးပဲပေ့ါကွာ၊

ရင်။ ပုဒ်မတခုနှစ်ခုလောက် ဥပမာပေးပြီး ပြောပြပါလား အကိုကြီး၊

မြင့်။ ဥပမာပေးပြောရရင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၃၀၂)လူသတ်မှုဆိုပါတော့ကွာ၊ အဲ့ဒီပုဒ်မနဲ့ စွဲချက်တင်ပြီးမှ တရားခံဆီကလာဘ်ငွေယူပြီး ပုဒ်မ (၃၀၂)ကနေ (၃၀၄)လူသေမှုဆိုပြောင်းပြီး ထောင်ဒါဏ် တနှစ်ပဲ ပေးလိုက်တာမျိုးပေါ့၊

သူ။ အမှုပွဲစားတွေနဲ့ပေါင်း လာဒ်ပေးလာဒ်ယူလုပ်ပြီး ဘက်လိုက်တရားစီရင်တာ တွေလဲ ရှိတယ်ဆို အကိုကြီး၊

မြင့်။ ရှိတာပေါ့ကွယ် အဲ့ဒါတွေသာပြောရရင် တနေကုန်သွားတာတောင်ပြောလို့ ဆုံးမှာမဟုတ်ဘူး၊

ရင်။ အင်း–လွတ်လပ်တဲ့ တရားစီရင်ရေးဖြစ်ဘို့ဆိုတာ တရားသူကြီးတွေရဲ့အခန်း ကဏ္ဍက တော်တော်အရေးပါမယ်နော်၊

မြင့်။ သိပ်ကိုအရေးပါတာပေါ့၊ တရားသူကြီးတွေတင် တာဝန်ရှိတာမဟုတ်ပါဘူး ကွယ်၊ တရားရုံးမှာအမှုဆွဲဆိုဘို့ အမှုကိုစတင်ဆောင်ရွက်ရတဲ့ အရာရှိတွေ၊ ဥ ပဒေအရာရှိတွေ၊ ပြီးတော့ ကျနော်တို့လိုရှေ့နေ ရှေ့ရပ်တွေမှာလည်း တာဝန် ရှိပါတယ်ဗျာ၊

သူ။ အင်း–တကယ်ဆို တရားရုံးတော်မှာ သစ္စာရှိရှိ တရားဥပဒေနဲ့အညီ ကိုယ့် ကဏ္ဍနဲ့ကိုယ် တာဝန်ကျေအောင်လုပ်သွားကြရင် ကောင်းတာပေါ့၊ အခုတော့ ဒီလိုမဟုတ်ပါဘူး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီးက တိမ်းလို့စောင်းလို့ တရား စီရင်ရေးစံနစ်မှာ စွက်ဖက်မှုတွေ အနိုင်ကျင့်မှုတွေ ဘက်လိုက်မှုတွေက ပြည့် နက်လို့၊

ရင်။ ဒါပေါ့ဆရာမရယ် တရားသူကြီးတွေကိုယ်တိုင်ကလဲ လာဒ်ငွေတွေကိုကြည့်၊ မျက်နှာလိုက်ပြီး ဖြစ်ချင်သလို ဖြစ်နေကြတာ၊

မြင့်။ အေးပေါ့ကွယ်၊ အာဏာပိုင်က အာဏာမဲ့ကိုနှိမ်နင်း၊ ချမ်းသာသူက ဆင်းရဲသူ ကိုမတရားအနိုင်ကျင့်၊ ရာထူးကြီးတဲ့သူကငယ်တဲ့သူကို အကြောင်းမဲ့ ဖိ ထောင်း၊ တရားခွင်ကလဲဘာမှ အကာအကွယ်မပေးနိုင် ကောင်းတာဘာများ ကျန်တော့မလဲ၊

သူ။ သူတွေကလဲ ကိုယ့်ဘဝကိုယ်မပိုင် အာဏာပိုင်တွေသာ ပိုင်တယ်လို့ ထင်နေ ကြတာကို တရားဥပဒေနဲ့ တရားရုံးတွေကိုလဲ တအားရှုတ်ထွေးတယ်လို့ မြင် နေကြတယ်လေ၊

ရင်။ ဟုတ်တယ်ဗျ၊အဲ့ဒီနောက် ပြည်သူတွေဟာ စစ်မှန်တဲ့ တရားဥပဒေနဲ့ အလှမ်း ကွာဝေးလာပြီး လစ်လျူရှုလာကြရော၊ အဲ့ဒီမှာတင် မျက်ကွယ်စီရင်ချက်တို့ ခိုးကြောင်ခိုးဝှက်တရားရုံးတို့ဆိုတဲ့ နောက်ဆက်တွဲတွေ ဖြစ်လာတော့တာပေါ့၊

မြင့်။ နောက်ပြီး စောစောကပြောသလိုပဲ ငွေပေးတရားနိုင်ဆိုတာကနေ ငွေပိုပေး တရားနိုင်ဆိုတာလဲ ဖြစ်လာတာပေါ့၊ အခုကာလကြီးမှာ အမှုတခုဖြစ်ရင် တ ရားသူကြီးတွေကို နှစ်ဘက်အပြိုင် လာဒ်ထိုးနေကြတာလေ၊ နောက်ဆုံးငွေပို ပေးနိုင်တဲ့ ဘက်က တရားနိုင်သွားလေရော၊

ရင်။ ကိုယ်မှန်တာကို မှန်တဲ့အတိုင်း အယူခံခွင့်၊ ခုခံချေပခွင့်၊ ထုချေလွှာတင်သွင်း ခွင့်တွေမှာ တရားနည်းလမ်း တကျမှ မလုက်ကြတော့တာကိုနော်၊

သူ။ အဲ့ဒီလိုသာလွတ်လပ်တဲ့ တရားစီရင်ရေးဆိုတာမရှိရင် တရားစီရင်ရေးမဏ္ဍိုင်

က တိမ်းစောင်းနေရင် လူတွေကို တရားလက်လွတ်အဖြေရှာရေးဆိုတဲ့ သဘောတွန်းပို့နေသလို ဖြစ်နေတော့တာပေ့ါ၊

မြင့်။ အဟုတ်ပဲပေ့ါသူဇာရယ်၊ လူတွေအမြင်မှာဥပဒေမဲ့တုန့်ပြန်လည်းတရားတယ်လို့ထင်လာကြတယ်၊ ဥပဒေရှုဒေါင့်၊ ဥပဒေပညာအရမဖြေရှင်းတော့ဘူး၊ စော်ကားနှိပ်စက်မှုတွေ နိုင်ထက်စီးနင်း ပြုမှုတွေအပေါ် ခံစားချက်တခုထဲနဲ့ကြည့်ပြီး တရားလက်လွတ်တုန့်ပြန်လာကြတာတွေ ဖြစ်လာတာပေ့ါ၊

သူ။ ဒီလိုတွေသာဖြစ်နေရင် ငြိမ်းချမ်းသာယာတဲ့ လူ့အသိုင်းအဝိုင်း၊ လူ့အသိုက်အမြုံဆိုတာဘယ်ရှိပါတော့မလဲ နော်၊

မြင့်။ ဒါပေ့ါသူဇာရယ်၊ ဒါကြောင့်မို့ တရားစီရင်ရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးတွေ ရောထွေးကျင့်သုံးမှုမရှိအောင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထဲမှာကို အသေးစိတ်တိတိကျကျ ထည့်သွင်းပြဋ္ဌာန်းထားကြရမယ်၊

ရင်။ ဟုတ်တယ်ဗျ၊ ဒါမှလွတ်လပ်တဲ့ တရားစီရင်ရေးကိုလည်း အားပေးရာရောက်မှာ၊ လွတ်လပ်တဲ့ တရားစီရင်ရေးရှိမှ ဒီမိုကရေစီ လူမှုလွတ်လပ်ခွင့်တွေရှိတဲ့ နိုင်ငံကိုထူထောင်နိုင်မှာ၊

သူ။ အော်–လွတ်လပ်တဲ့ တရားစီရင်ရေးစံနစ်ဟာ ဒီမိုကရေစီနိုင်ငံတွေအတွက် သိပ်ကို အရေးပါပါလားနော်၊

ရင်။ ဟုတ်တယ်ဆရာမရေ၊ လွတ်လပ်တဲ့တရားစီရင်ရေးရှိမှလည်း စစ်မှန်တဲ့ဒီမိုကရေစီနိုင်ငံတခုဖြစ်လာနိုင်မှာပေ့ါဗျာ၊

မြင့်။ အမှန်ပဲဗျို့၊ ကိုရင်မောင်ရေ အမှန်ပါပဲဗျို့။

## အပိုင်း(၁၃)
## ရွေးချယ်တင်မြှောက်ပုံစံနစ်၊ (ပထမပိုင်း)

မြင့်။ ဒီနေ့တော့ ရွေးချယ်တင်မြှောက်ပုံအကြောင်း ဆွေးနွေးကြရအောင်လား၊

သူ။ ကောင်းသားပဲ အကိုကြီးရဲ့၊ ကဲဒါဆိုရင် ရွေးချယ်တင်မြှောက်ပုံနဲ့ ပါတ်သက်တဲ့ အထွေထွေရွေးကောက်ပွဲဆိုတာကို အရင်အဓိပ္ပါယ် ဖွင့်ပြပါလား၊

ရင်။ အထွေထွေရွေးကောက်ပွဲဆိုတာ မဲဆန္ဒရှင် ပြည်သူတရပ်လုံး တရပ်တည်း တပြိုင်နက်တည်း၊ တပြိုင်နက်ထဲကျင်းပတဲ့ ရွေးကောက်ပွဲမျိုးကိုခေါ်တာပေ့ါ ဆရာမရဲ့၊

သူ။ ဒါဆို မဲဆန္ဒနယ်မြေတွေကိုရော ဘယ်လိုသတ်မှတ်လဲဟင်၊

မြင့်။ မဲဆန္ဒနယ်သတ်မှတ်တာကို ဥပမာအားဖြင့် ကိန်းဂဏန်းနဲ့ပြောရရင် လူဦးရေသန်း (၅၀)ရှိတဲ့နိုင်ငံမှာလွှတ်တော်ကို ကိုယ်စားလှယ် (၅၀၀)နဲ့ဖွဲ့စည်းတော့မယ်ဆိုရင် လူဦးရေတသိန်းမှာ ကိုယ်စားလှယ်တဦးနှုန်းနဲ့ မဲဆန္ဒနယ်သတ်မှတ်ရတာပေ့ါ၊ ရှင်းပြီလား၊

သူ။ ဟုတ်ကဲ့ရှင်းပါပြီ၊

ရင်။ အကိုကြီးရေ ကမ္ဘာပေါ်မှာရှိတဲ့ ရွေးချယ်တင်မြှောက်ပုံစံနစ် အမျိုးမျိုးထဲက မဲ

အများဆုံးရသူနိုင်စတမ်း စံနစ်ကိုစပြီး ဆွေးနွေးကြည့်ရအောင်၊

မြင့်။ ဒီစံနစ်ကတော့ ရှင်းပါတယ်ကွယ်၊ ပါတီကိုယ်စားလှယ်တွေ၊ တသီးပုဂ္ဂလ ကိုယ်စားလှယ်တွေထဲက မဲအများဆုံးရတဲ့သူကို လွှတ်တော်အမတ် သတ်မှတ်တဲ့နည်းပေါ့၊

ရင်။ ဒါပေမဲ့ ဒီစံနစ်မှာ မဲအများဆုံးရတဲ့သူဟာ မဲစုစုပေါင်းရဲ့တဝက်အောက်သာ ထောက်ခံမှုရတတ်တယ်တဲ့၊ ဒီတော့ အများစုဆန္ဒအရ အုပ်ချုပ်ရေးဆိုတဲ့ ဒီမိုကရေစီရဲ့ အခြေခံမူနဲ့ ဆန့်ကျင်ကွဲလွဲမနေဘူးလား၊

မြင့်။ အေးဗျ ကိုရင်မောင်ပြောသလို ဒီစံနစ်မှာ အားနည်းချက်ရှိတာတော့ အမှန်ပဲ၊ အရွေးခံရတဲ့ ကိုယ်စားလှယ်လောင်းတဦးဟာ မဲအားလုံးရဲ့ထက်ဝက်အောက် ရတတ်တယ်၊ ဒီတော့တခြားကိုယ်စားလှယ်လောင်းတွေကို ထောက်ခံတဲ့ မဲအားလုံးဟာ အလေအလွင့်ဖြစ်သွားရော၊

သူ။ ဒါပေမဲ့ အဲ့ဒီစံနစ်ကို ကမ္ဘာ့ဒီမိုကရေစီနိုင်ငံကြီးတွေဖြစ်တဲ့ အိန္ဒိယနဲ့ အမေရိကားမှာကျင့်သုံးနေကြတယ် မှတ်လား၊

မြင့်။ ဟုတ်တယ်၊ ယူနိုက်တက်ကင်းမှာလည်းဒီစံနစ်ပဲ သုံးတာပေါ့၊ မြန်မာပြည် လွတ်လပ်ရေးရပြီးကထဲက ကျင့်သုံးတာလဲ ဒီစံနစ်ပဲ၊

သူ။ ဒီမဲအများဆုံး နိုင်စတမ်းစံနစ်ရဲ့ နောက်အားနည်းချက်တခုရှိသေးတယ်လို့ ကျမထင်တယ်၊

ရင်။ ဆိုပါအုံး ဆရာမရဲ့၊

သူ။ ဒီလိုလေ အကိုကြီးက မျက်မှန်ပါတီရဲ့ ကိုယ်စားလှယ်လောင်းတဦးဆိုပါစို့၊ နောက် အကိုကြီးဟာမဲအရေအတွက် (၄၀)ရာနှုန်းနဲ့ မဲအများဆုံးဖြစ်ပြီး အရွေးခံရပြီဆိုရင် အကိုကြီးကို ထောက်ခံမှုမရှိတဲ့တခြား (၆၀)ရာနှုန်းရှိနေတဲ့ မဲဆန္ဒရှင်တွေကိုပါ ကိုယ်စားပြုသွားတယ်လေ မဟုတ်ဘူးလား၊

ရင်။ ဟုတ်တာပေါ့ ဆရာမရယ်၊

မြင့်။ အင်း–ကိုရင်မောင်တို့ကတော့ ဝမ်းသာအားရထောက်ခံလိုက်ပြန်ပြီ၊

ရင်။ ဒီလိုမဟုတ်ပါဘူး အကိုကြီးရယ်၊ ဆရာမပြောတာ မှန်နေလို့ပါ၊ ဒါအပြင် နောက်အားနည်းချက်တခုလည်း မြင်မိသေးတယ်၊

သူ။ ပြောပါအုံး ကိုရင်မောင်ရဲ့၊

ရင်။ ဒီလိုပါ၊ ဒီစံနစ်မှာ နိုင်ငံရေးပါတီကြီးတွေက သူတို့ရတဲ့ ထောက်ခံမဲထက်ပိုပြီး ကိုယ်စားပြုခွင့်ရရသွားကြတော့ တခြားနိုင်ငံရေးပါတီငယ်တွေရဲ့ ကိုယ်စားပြုမှုကို ထိခိုက်စေတယ်၊

မြင့်။ အင်း–အဲ့ဒါလည်း ဟုတ်တာပဲဗျို့၊ ကဲ–နောက်စံနစ်တခုကြည့်ကြရအောင်လား၊ မဲအများစုစံနစ်ဆိုတာလေ၊ ဒီစံနစ်ကတော့ ထောက်ခံမဲ (၅၀)ရာနှုန်းကျော်မှ၊ အရွေးခံရတယ်၊ အဲဒီအခါကျတော့လည်း (၅၀)ရာခိုင်နှုန်းမကျော်မခြင်း အကြိမ်ကြိမ်ထပ်ရွေးနေရလို့ အားနည်းချက်ရှိပြန်ရော၊

ရင်။ ဒီအားနည်းချက်ကို ကုစားဘို့ဦးစားပေး မဲပြားစံနစ်လို့ခေါ်တဲ့ ပြောင်းလဲနိုင်တဲ့ မဲပြားစံနစ်ဆိုပြီး ဩစတေလျနိုင်ငံမှာ တည်ထွင်ကျင့်သုံးနေတယ်၊

သူ။ ဟုတ်လား စိတ်ဝင်စားစရာပဲ သေချာရှင်းပြပါအုံး ကိုရင်မောင်ရဲ့၊

ရင်။ ဒီလိုလေ မဲဆန္ဒနယ်တခုမှာ ကျနော်တို့ (၃)ယောက်အရွေးခံပြီ ဆိုပါစို့၊ မဲပြားပေါ်မှာ ဦးမြင့်အောင်၊ ဒေါ်သူဇာ၊ ဦးရင်မောင်ဆိုပြီး နာမည်တွေရွေးထားတယ်၊ မဲဆန္ဒရှင်တွေက ကိုယ်ထည့်ရမဲ့မဲပြားပေါ်မှာ ကျနော်တို့သုံးယောက်ကို ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေးဆိုပြီး ကိုယ့်ဟာကိုယ်နှစ်သက်တဲ့အတိုင်း အစဉ်လိုက်ရေးပြီး မဲထည့်လိုက်ရတယ်၊

သူ။ ဒါဆို မဲပြားတွေရည်တွက်တဲ့အခါ (၅၀)ရာနှုန်း ကျော်တဲ့သူကတော့ အမတ်ဖြစ်ပြီထားပါတော့ တကယ်လို့တယောက်မှ (၅၀)ရာနှုန်းမကျော်ရင် ဘာဆက်လုပ်မလဲ၊

ရင်။ ဟုတ်ကဲ့ အဲ့ဒီအခါကျတော့ ကျနော်တို့(၃)ယောက်ထဲက မဲအနဲဆုံးဘယ်သူလဲဆိုတာကြည့်တယ်၊ ပြီးတော့အဲ့ဒီမဲအနည်းဆုံးသူရဲ့ မဲတွေကို ဦးစားပေးနာမည်အလိုက်ပေါင်းထည့်ပေးလိုက်တယ်၊ ဒီတော့ အားလုံးပေါင်းထည့်ပြီး (၅၀)ရာနှုန်းကျော်ရတဲ့သူက အမတ်ဖြစ်ရောပေ့ါဗျာ၊

မြင့်။ အေးဗျ ဒီဦးစားပေးစနစ်လို့ခေါ်တဲ့ ပြောင်းလဲနိုင်တဲ့မဲပြားစံနစ်က အတော်တော့စိတ်ဝင်စားစရာ ကောင်းတယ်၊

သူ။ စိတ်ဝင်စားစရာတင်မကဘူး၊ အသုံးပြုဘို့လဲ သင့်တော်တဲ့နည်းစံနစ်တရပ်ပဲ အကိုကြီးရဲ့၊

ရင်။ ဟုတ်တယ်ဗျ၊ ကျနော်လည်းဒီစံနစ်ကို သဘောကျတယ်၊

မြင့်။ ကျရမှာပေ့ါဗျာ၊ ကျရမှာပေ့ါ၊ တယောက်ကလဲ ဒီစံနစ်ကို ထောက်ခံထားတာပဲဟာ၊ မဟုတ်ဘူးလား၊

ရင်။ ဟာ–အကိုကြီးကလဲ နောက်ပြန်ပါပြီ၊ ကျနော်က တကယ်သဘောကျတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ မဲအများစုစံနစ်မှာလို မဲအလေအလွင့်ဖြစ်တာမျိုး၊ နိုင်ငံရေးပါတီကြီးတွေကပိုပြီး ကိုယ်စားပြုသွားတတ်လို့ ပါတီငယ်လေးတွေက ပေးဆပ်လိုက်ရတာမျိုး မရှိနိုင်ဘူး၊

မြင့်။ မှန်ပါတယ်ဗျာ၊ နောက်ပြီးမဲအများစုစံနစ်မှာလို ကိုယ်စားလှယ်လောင်းတွေ (၅၀)ရာနှုန်းမကျော်မခြင်း ထပ်ခါထပ်ခါ ရွေးပေးနေရတာမျိုးမရှိတော့ဘူး၊ မဲတွေရေတွက်ရ၊ ပေါင်းပေးရလို့ အလုပ်ရှုတ်တယ်လို့ ယူဆနိုင်ပေမဲ့အကောင်းဆုံးအဖြေရတဲ့ စံနစ်တခုပဲ၊

ရင်။ ဒါနဲ့ အကိုကြီးရေဒီစံနစ်တွေအားလုံးကို ကိုယ်စားလှယ်တဦး မဲဆန္ဒနယ်မြေစံနစ်နဲ့ ကျင့်သုံးတာနော်၊

သူ။ ကိုယ်စားလှယ်တဦး မဲဆန္ဒနယ်မြေစံနစ်ဆိုတာ ဘာလဲကိုရင်မောင်ရဲ့ ပညာရှင်အချင်းချင်းသာ သိမဲ့စကားလုံးတွေအခေါ်အဝေါ်တွေနဲ့ မပြောနဲ့လေ၊ ကျမတို့ နားလည်းအောင်လည်း ပြောပြအုံးမှပေ့ါ၊

မြင့်။ သူဇာရယ် ကိုယ်စားလည်တဦး မဲဆန္ဒနယ်မြေစံနစ်ဆိုတာ သဘောပေါက်ရင်ရှင်းရှင်းလေးပါ၊ မဲဆန္ဒနယ်မြေတခုလုံးကို ကိုယ်စားပြုဘို့အတွက် ကိုယ်စားလှယ်တဦးထဲကိုသာ ရွေးချယ်တင်မြှောက်ရတယ်ဆိုရင် ကိုယ်စားလှယ်တဦး မဲဆန္ဒနယ်မြေစံနစ်လို့ ခေါ်တာပေ့ါကွဲ့၊ ရှင်းပြီလား၊

သူ။ ရှင်းပါပြီ အကိုကြီးရယ်၊

မြင့်။ အေး–ဒါမှမရှင်းသေးဘူးဆိုလည်း ကိုရင်မောင်ကိုသာ ဆက်မေးပေတော့၊ စိတ်ရှည်ရှည်နဲ့ မမောတမ်း မပမ်းတမ်းရှင်းပြ လိမ့်မယ်၊
သူ။ အကိုကြီးနော်၊ ကျမက တကယ်မသိလို့မေးတာကို၊
မြင့်။ အေးပါ ဟုတ်ပါတယ် ဟုတ်ပါတယ်၊ ဒါနဲ့ ကိုရင်မောင်ရေ နောက်တခါကျရင် ကျနော်တို့တွေ မဲဆန္ဒနယ်မြေစံနစ်နဲ့ ပါတ်သက်တဲ့ဝေါဟာရတွေ အဓိပ္ပါယ်ဖွင့်ဆိုချက်တွေကို ဆွေးနွေးကြအုံးစို့လား၊
ရင်။ ကောင်းတာပေ့ါအကိုကြီးရယ်၊ နောက်ထပ်ဆွေးနွေးစရာ ရွေးချယ်တင်မြှောက်ပုံစံနစ်တွေလည်း ကျန်အုံးမယ်ထင်တယ်၊
မြင့်။ ကျန်တာပေ့ါဗျာ၊ ကဲ–နောက်တပါတ်မှ ဆက်ကြအုံးစို့လား။

## အပိုင်း(၁၄)
## ရွေးချယ်တင်မြှောက်ပုံစံနစ် (ဒုတိယပိုင်း)

မြင့်။ ကျနော်တို့ အရင်တပါတ်က ရွေးချယ်တင်မြှောက်ပုံစံနစ်တွေထဲက မဲအများစုရသူ နိုင်စတမ်းစံနစ်ရယ်၊ မဲအများစုစံနစ်ရယ်၊ ဦးစားပေးမဲပြားစံနစ် လို့ခေါ်တဲ့ ပြောင်းလဲနိုင်တဲ့ မဲပြားစံနစ်တွေအကြောင်း ပြောဖြစ်ခဲ့ကြတယ်နော်၊
ရင်။ ဟုတ်ပါတယ်၊ ဒါ့အပြင် အထွေထွေရွေးကောက်ပွဲနဲ့ ကိုယ်စားလှယ်တဦး မဲဆန္ဒနယ်မြေစံနစ်တွေရဲ့ အဓိပ္ပါယ်တွေလည်း ပြောဖြစ်ခဲ့ကြပါတယ်၊
သူ။ ဒါနဲ့ အကိုကြီး ကျမကြားဖြတ်ရွေးကောက်ပွဲဆိုတာကို တိတိကျကျ သိချင်တယ်၊
မြင့်။ ကြားဖြတ်ရွေးကောက်ပွဲဆိုတာ သတ်မှတ်ထားတဲ့ကာလ အပိုင်းအခြားမကုန်ဆုံးမီမှာ လစ်လပ်သွားတဲ့ ကိုယ်စားလှယ်တဦးဦးရဲ့နေရာအတွက် သီးသန့်ကျင်းပပေးတဲ့ ရွေးကောက်ပွဲကို ဆိုလိုတာပေ့ါ၊
ရင်။ ကျနော်ကတော့ မဲဆန္ဒနယ်မြေ စံနစ်တွေအကြောင်းဆက်ဆွေးနွေးချင်တယ်၊
မြင့်။ ကောင်းသားပဲ၊ ကိုယ်စားလှယ်တဦး မဲဆန္ဒနယ်မြေစံနစ်အကြောင်းပြောပြီးပြီဆိုတော့ ကိုယ်စားလှယ်တဦးထက်မက ရွေးချယ်တင်မြှောက်တဲ့ စံနစ်တွေအကြောင်းပြောကြတာပေ့ါ၊
ရင်။ ကိုယ်စားလှယ်စုံ မဲဆန္ဒနယ်မြေစံနစ် ဆိုတာလေးကစလိုက်ကြရအောင်လား အကိုကြီး၊
သူ။ ကဲ–စမယ်ဆို အဲ့ဒီကိုယ်စားလှယ်စုံမဲဆန္ဒနယ်မြေစံနစ်ဆိုတာကို အရင်အဓိပ္ပါယ်ဖွင့်ပြပါအုံး၊
ရင်။ ကိုယ်စားလှယ်စုံ မဲဆန္ဒနယ်မြေစံနစ်ရဲ့သဘောကတော့ မဲဆန္ဒနယ်မြေ တခုအတွင်းမှာ ကိုယ်စားလှယ်တဦးတည်း ရွေးချယ်တင်မြှောက်တာမျိုးမဟုတ်ပဲ ကိုယ်စားလှယ်အများကို ရွေးချယ်တင်မြှောက်ကြရတာပါ၊
မြင့်။ တချို့ရွေးကောက်ပွဲတွေကျတော့ သေးငယ်တဲ့ မဲဆန္ဒနယ်မြေတခုချင်းအလိုက် ကိုယ်စားလှယ်ရွေးချယ်တာ မဟုတ်ပဲ တနိုင်ငံလုံးမဲအရည်အတွက်အရသာ

အဆုံးအဖြတ်ပေးတာကြောင့် တနိုင်ငံလုံးအတိုင်းအတာ မဲဆန္ဒနယ်မြေစံနစ်လို့ ခေါ်တယ်၊

ရင်။ နောက်ပြီး ပြည်နယ်အတိုင်းအတာ မဲဆန္ဒနယ်မြေစံနစ်ဆိုတာလည်းရှိသေးတယ် ဆရာမရဲ့၊ အဲ့ဒီစံနစ်ကတော့ မဲဆန္ဒနယ်မြေအလိုက် ကိုယ်စားလှယ်မရွေးဘူး၊ ပြည်နယ်တခုလုံး ရွေးကောက်ပွဲရလာဒ်အပေါ်မှာသာ မူတည်ပြီးအဆုံးအဖြတ်ပေးတယ်၊

မြင့်။ အခုပြောသွားတဲ့ စံနစ်တွေကို သေသေချာချာနားလည်ဘို့ဆိုရင် ရွေးချယ်တင်မြှောက်ပုံစံနစ်တချို့နဲ့ တွဲလေ့လာဘို့လိုတယ်၊

ရင်။ ဒါဆို အချိုးကျကိုယ်စားပြုစံနစ်နဲ့ တွဲပြီးလေ့လာရင် ကောင်းမလားအကိုကြီး၊

သူ။ ဟာ–အခေါ်အဝေါ်တွေကလဲ ရှုတ်လိုက်တာ ကျမတော့ နားမလည်ဘူးနော်၊

ရင်။ သေချာနားထောင်ရင် ရှင်းသွားမှာပါဆရာမရယ်၊ ကျနော်တို့လည်း အခေါ်အဝေါ်တွေရဲ့ အဓိပ္ပါယ်တွေကိုရှင်းအောင် ပြောပြသွားမှာပါ၊

သူ။ ကဲ–ဒါဆို အဲ့ဒီအချိုးကျကိုယ်စားပြု စံနစ်ဆိုတာကို နားလည်အောင် အရင်ရှင်းပါအုံး၊

မြင့်။ ဒီလိုလေ သူဇာရဲ့ အချိုးကျကိုယ်စားပြုစံနစ်ဆိုတာ နိုင်ငံရေးပါတီအသီးသီးကို မဲဆန္ဒရှင်ပြည်သူတွေက မဲပေးကြမယ်၊ အဲ့ဒီမှာ တနိုင်ငံလုံးကထောက်ခံမဲ ရာခိုင်နှုန်းအချိုးအစားကိုလိုက်ပြီး လွှတ်တော်အတွင်းက ကိုယ်စားလှယ်နေရာတွေကို ခွဲယူကြရတယ်၊ ဒီနည်းနဲ့ ပြည်သူလူထုကို ကိုယ်စားပြုကြောင့် အချိုးကျကိုယ်စားပြု စံနစ်လို့ခေါ်တာ၊ ရှင်းပြီလား၊

ရင်။ ဒီစံနစ်ကို စောစောကကျနော်တို့ပြောခဲ့ကြတဲ့ တနိုင်ငံလုံးအတိုင်းအတာ မဲဆန္ဒနယ်မြေစံနစ်နဲ့ တွဲဘက်ကျင့်သုံးကြတယ်၊

သူ။ တဖြေးဖြေးတော့ ရှင်းလာသလိုပါပဲ၊ ဒါနဲ့ ဒီစံနစ်တွေမှာရော အားနည်းချက်တွေရှိသေးလား၊

မြင့်။ ရှိတာပေ့ါ သူဇာရဲ့၊ စဉ်းစားကြည့်လေ ပြည်သူတွေဟာ ကိုယ်စားလှယ်တွေကို မဲပေးတာမဟုတ်ပဲနဲ့ ပါတီတွေကိုပဲ မဲပေးရတယ်၊ ဒီတော့တသီးပုဂ္ဂလတွေ ဝင်ပြိုင်ယှဉ်ပြိုင်ဘို့ အခွင့်အလမ်းမရှိဘူး၊

သူ။ အင်း–ဟုတ်သားပဲနော်၊

မြင့်။ နောက်ပြီး တနိုင်ငံလုံးအတိုင်းအတာနဲ့ ကိုယ်စားပြုမှုကိုရွေးချယ်တာကြောင့် နိုင်ငံရေးပါတီ သေးသေးလေးတွေတောင် လွှတ်တော်မှာ နေရာအနည်းငယ်စီရတတ်ကြတယ်၊ ဒီလိုလွှတ်တော်မှာ ပါတီပေါင်းစုံပါဝင်နေရင် ပါလီမန်ဒီမိုကရေစီအစိုးရစံနစ်တွေမှာ တည်ငြိမ်တဲ့အစိုးရတရပ်တည်ထောင်ဘို့ အခက်အခဲရှိတတ်တယ်၊

ရင်။ အမှန်ပဲ အကိုကြီးရေ၊ ဒါတင်မကသေးဘူး တချို့မဲဆန္ဒရှင်တွေအနေနဲ့ ကိုယ့်ကို ကိုယ်စားပြုမဲ့သူကို မသိပဲနဲ့ မဲပေးကြရတာကြောင့် အဓိပ္ပါယ်မရှိဘူးလို့လဲ ပြောကြတယ်

သူ။ အင်း–အဲ့ဒါလည်း ဟုတ်တာပဲ၊

ရင်။ ကဲ–အကိုကြီးကျနော်တို့ နိုင်ငံရေးပါတီတွေနဲ့ ကိုယ်စားလှယ်လောင်းတွေကို

တပြိုင်နက်တည်းမဲပေးရတဲ့ အချိုးကျကိုယ်စားပြုစံနစ်အကြောင်းလဲဆွေးနွေး ကြည့်ရအောင်လား၊

သူ။ ဟင်– လာပြန်ပြီ နောက်အချိုးကျ ကိုယ်စားပြု စံနစ်တမျိုး၊

မြင့်။ ဟုတ်တယ်၊ ဒီအချိုးကျကိုယ်စားပြုစံနစ်က စောစောကပြောတဲ့ အချိုးကျကိုယ်စားပြုစံနစ်နဲ့ မတူဘူး၊ ဒီစံနစ်ကို ပြည်နယ်အတိုင်းအတာ မဲဆန္ဒနယ်မြေစံနစ်နဲ့ တွဲပြီးကျင့်သုံးကြတယ်၊

သူ။ ရှင်းသွားအောင် ဥပမာတခုလောက်ပေးပြီး ပြောပြပါလားအကိုကြီး၊

မြင့်။ အင်း–ဥပမာနဲ့ပြောရရင် ရှမ်းပြည်နယ်ကကိုယ်စားလှယ် (၁၀)ဦးကိုယ်စားပြုခွင့်ရတယ်ဆိုပါစို့၊ ဆန္ဒခံယူပွဲမှာ မဲဆန္ဒရှင်ပြည်သူက ပါတီတွေရွေးဘို့အတွက် မဲတမဲ ကိုယ်စားလှယ်ဖြစ်တဲ့လူအတွက် မဲတမဲစုစုပေါင်း မဲနှစ်မဲထည့်ရတယ်၊ ကဲကိုရင်မောင် မဲထည့်နည်းလေး ဆက်ရှင်းပြလိုက်ပါအုံး၊

ရင်။ ဒီလိုလေဆရာမရဲ့ ပထမမဲပြားမှာကပါတီတွေရဲ့ နာမည်တွေကိုရေးထားတယ်၊ အဲ့ဒီမှာ ကိုယ်ကြိုက်ရာ ပါတီကိုထည့်ပေါ့၊ နောက်မဲပြားမှာတော့ ပါတီအသီးသီးကနေ ကိုယ့်ပါတီအလိုက် ဝင်အရွေးခံမဲ့လူ (၁၀)ဦးစီနာမည်တွေကိုရေးထားတယ်၊ အဲ့ဒီမှာ ကိုယ်ကကိုယ်ကြိုက်တဲ့ ကိုယ်စားလှယ်လောင်း (၁၀)ဦးကိုရွေးထည့်ပေါ့၊

သူ။ ပြည်နယ်ကိုယ်စားလှယ်အရည်အတွက်က (၁၀)ဦးဆိုတော့ ကိုယ်က မဲထည့်ရင် (၁၀)ဦးစပဲတိတိကျကျ ထည့်ရမှာပေ့ါနော်၊ မဲအနိုင်အရှုံးကိုရော ဘယ်လိုရည်တွက်လဲဟင်၊

ရင်။ ဒါကတော့ မဲအရည်အတွက်အများဆုံး ရာခိုင်နှုန်းနဲ့ပဲကြည့်တယ်၊

သူ။ အင်း–ရွေးချယ်ပုံရွေးချယ်နည်းတွေကလည်း မနည်းပါလားနော်၊

မြင့်။ ဒါတောင် သဘောပေါက်အောင် ဖြေးဖြေးချင်းပြောနေရလို့ ၊ နောက်ထပ်နည်းတွေအများကြီးကျန်သေးတယ်ဟ၊ ဥပမာ ဂျာမဏီမှာကျင့်သုံးတဲ့ ကပြားစံနစ်၊ အိုင်ယာလန်နိုင်ငံ လွှတ်တော်ရွေးကောက်ပွဲတွေနဲ့ ဩစတေးလျနိုင်ငံကအထက်လွှတ်တော်ရွေးကောက်ပွဲတွေမှာကျင့်သုံးတဲ့ Single Transferable vote စံနစ်၊

သူ။ အမလေး တော်ပါတော့အကိုကြီးရယ် စောစောကပြောပြထားတာလေးတွေပါ ရောပြီး ရှုတ်သွားပါအုံးမယ်၊ ဖြေးဖြေးခြင်း လေ့လာပါရစေ၊

မြင့်။ ဟုတ်ပါပြီ၊ ငါကလည်း သဘောပြောပြတာပါ၊ ကဲကဲ–တခုခုအမောပြေလေးသောက်ရအောင် စီစဉ်ပါလား သူဇာ၊

သူ။ အကိုကြီးကတော့ လုပ်ပြီ၊

ရင်။ ဒီလမ်းထိပ်က ကျောက်ကျောသိပ်ကောင်းတယ် အကိုကြီး၊ ကျနော်သွားဝယ်လိုက်ပါ့မယ်၊

မြင့်။ ကောင်းတာပေ့ါ ကိုရင်မောင်ရာ ကဲသူဇာရေ ကိုရင်မောင်ကို ဂျိုင့်ကလေးသာပေးလိုက်တော့ဟေ့။

# အပိုင်း(၁၅)
# နိုင်ငံသားဖြစ်ခြင်း

သူ။ အကိုကြီး နိုင်ငံသားဆိုတဲ့ အယူအဆဟာ ဘယ်လိုပေါ်ထွန်းလာတာလဲဟင်၊

မြင့်။ သူဇာမေးခွန်းလေးက ကောင်းသားပဲ၊ ကဲဒီတော့ဒီနေ့စကားဝိုင်းကိုဒီအကြောင်းအရာနဲ့ပဲ စလိုက်ကြတာပေ့ါ၊ နိုင်ငံသားဆိုတဲ့ အယူအဆဟာအနောက်တိုင်းနိုင်ငံတခုဖြစ်တဲ့ ရှေးခေတ် ဂရိနိုင်ငံက စတင်ပေါ်ထွန်းခဲ့တာ၊

သူ။ အော်–ဒါဆို ဒီအယူအဆဟာ တော်တော်ကြာပြီပဲနော်၊

ရင်။ ဟုတ်တယ်ဆရာမရဲ့ ဘီစီ (၅)ရာစုနှစ်ကပေ့ါ၊ ဂရိမြို့ပြနိုင်ငံတွေမှာ နေထိုင်တဲ့သူတွေကိုအဆင့်အတန်းအမျိုးအမျိုးခွဲခြားထားတယ်၊ အေသင်မြို့ပြနိုင်ငံမှာလည်းနေထိုင်တဲ့ လုဦးရေတဝက်လောက်ပဲ နိုင်ငံသားဖြစ်တယ်၊

သူ။ ကျန်တဲ့ လူတွေကရော၊

ရင်။ ကျန်တဲ့လူတွေက ကျွန်တွေ၊ နိုင်ငံခြားသားတွေနဲ့တခြားဂရိမြို့ပြနိုင်ငံသာတွေပေ့ါ၊ နောက်ပြီး အဲ့ဒီထက်ဝက်လောက်သာရှိတဲ့ နိုင်ငံသားတွေထဲက အမျိုးသားတွေသာအေးသင်မြို့ပြ အစိုးရလုပ်ငန်းတွေ နိုင်ငံရေးလုပ်ငန်းတွေမှာ ပါဝင်ခွင့်ရတယ်၊

သူ။ ဟင်–မလွယ်ပါလား၊ အဲ့ဒီထဲက ယောကျ်ားလွှမ်းမိုးရေးစနေတာပဲ၊ မိန်းမတွေကို တော်တော်နှိမ်ချင်တယ်၊

မြင့်။ ကဲ–ယောကျ်ားမိန်းမကိစ္စ ခဏထားပါအုံးသူဇာရယ်၊ ပြောလက်စအကြောင်းဆက်ကြရအောင်ပါ၊ ကဲ–ကိုရင်မောင် ဆက်ပါအုံးဗျာ၊

ရင်။ နောက်ပြီး နိုင်ငံသားဘဝဟာ မျိုးရိုးစဉ်ဆက်ဆက်ခံရတဲ့ သဘောပဲရှိတယ် အေသင်နိုင်ငံသား မိဘနှစ်ပါးကနေ မွေးဖွားလာသူတွေကိုသာ နိုင်ငံသားအဆင့်အတန်းအပ်နှင်းကြတယ်၊ နိုင်ငံခြားသားတွေကိုနိုင်ငံသားအဖြစ် ခံယူခွင့်မပြုဘူး၊ နိုင်ငံရေးမှာလည်း ပါဝင်ပါတ်သက်ခွင့်မရဘူး၊ ဒါပေမဲ့ ပညာသင်ကြားခွင့်တော့ ပေးထားတယ်၊

သူ။ တမျိုးကြီးပဲနော် ကိုရင်မောင်၊ နိုင်ငံခြားသားတွေ နိုင်ငံသားဖြစ်ခွင့်မရှိဘူး၊ ဂရိမြို့ပြနိုင်ငံသားတွေသာ မျိုးရိုးဆက်ခံတဲ့ နိုင်ငံသားဖြစ်ခွင့်ရှိတယ်၊ ကျေးကျွန်တွေကိုလည်း နိုင်ငံသားအဖြစ်မသတ်မှတ်နိုင်ဘူး၊ နိုင်ငံသားအချင်းချင်းကြားမှာလည်း အမျိုးသားတွေသာနိုင်ငံရေးမှာ ပါဝင်ပါတ်သက်ခွင့်ရှိတယ်တဲ့၊ ဒါတောင်မှတချို့က တိုးတက်တဲ့အယူအဆလို့ ပြောတာကြားဘူးတယ်၊ အထူးအဆန်းပဲ၊

မြင့်။ မထူးဆန်းပါဘူး သူဇာရယ်၊ ဂရိမြို့ပြနိုင်ငံသားနည်းနည်းလေးသာ နိုင်ငံရေးမှာပါဝင်ပါတ်သက်မှုရှိပေမဲ့ အဲ့ဒီလူနည်းနည်းလေးက ကိုယ့်နိုင်ငံကိုယ့်လူမျိုး တမျိုးလုံးရဲ့ ကံကြမ္မာကို လွတ်လွတ်လပ်လပ် ဖန်တီးခွင့်ရှိတယ်၊

ရင်။ ဟုတ်တယ်ဆရာမရဲ့ အဲ့ဒီအချိန်ကာလတုံးက တခြားခေတ်ပြိုင်နိုင်ငံတွေမှာ ဒါမျိုးမရှိဘူး၊ အများအားဖြင့် အုပ်ချုပ်သူအာဏာရှင် လူတစုလက်အောက်မှာ ပြားပြားမှောက်နေကြရတာ၊ ဒီတော့ဗျာ ဂရိမြို့ပြနိုင်ငံတွေရဲ့ နိုင်ငံသားအယူ

အဆကို တိုးတက်တယ်လို့ ပြောရတော့မှာပေါ့။

သူ။ ဒီလိုဆိုတော့လည်း သူ့ခေတ်နဲ့သူ့အခါ ဟုတ်ပေသားပဲ၊

မြင့်။ ဟုတ်ရပေမပေါ့လေ ကိုရင်မောင်ပြောတာကိုး၊

သူ။ ဟာအကိုကြီးက ဖောက်လာပြန်ပြီ၊ ကဲပါအကိုကြီးရယ် စောစောကအကြောင်းဆက်ပါအုံး၊

မြင့်။ ဆက်ရမယ်ဆိုရင် အီတလီအလယ်ပိုင်း ရောမမြို့ပြနိုင်ငံတွေမှာနိုင်ငံသား အဖြစ်ပြောင်းလဲ ခံယူပိုင်ခွင့်တွေရှိလာတယ်၊ နောက်ပြီး တရားဥပဒေစိုးမိုးမှု သဘောတရားတွေပါ ကျင့်သုံးလာကြတယ်၊

ရင်။ တဖြေးဖြေးနဲ့ နိုင်ငံသားအယူအဆတွေတိုးတက်လာတဲ့ သဘောပေါ့ ဆရာမရယ်၊

မြင့်။ ဟုတ်တယ်ကွဲ့ နိုင်ငံသားမှန်သမျှ နိုင်ငံရေးမှာ ပါဝင်ခွင့်ဆိုတဲ့ အယူအဆဟာ အနောက်တိုင်းမှာ (၁၈)ရာစုနှောင်းပိုင်းလောက်က ဝင်လာတယ်၊ အမေရိကန်တော်လှန်ရေးနဲ့ ပြင်သစ်တော်လှန်ရေးတွေဖြစ်လာပြီး ပေါ်ထွန်းခဲ့တာပေါ့၊ ဒါတောင်မှပြည့်စုံတဲ့နိုင်ငံသား အခွင့်အရေးမျိုးမဟုတ်သေးဘူး၊

သူ။ နိုင်ငံသားအခွင့်အရေးမှာ မဲပေးခွင့်၊ ရွေးချယ်ခံပိုင်ခွင့်အပြင် တခြားဘယ်လိုအခွင့်အရေးမျိုးတွေ ရှိသေးလဲ၊

ရင်၊ အဓိကကျတဲ့ အချက်ကိုပြောရရင်တော့ဆရာမရယ် တခြားသူကို ထိခိုက်နစ်နာမှုမရှိပဲ ကျင့်သုံးနိုင်တဲ့လွတ်လပ်ခွင့်၊ ပြည်သူလူထုအနေနဲ့ ကိုယ်တိုင်ဖြစ်စေ ကိုယ်စားလှယ်တွေကတဆင့်ဖြစ်စေ ဥပဒေပြုပိုင်ခွင့်၊ လွတ်လပ်ပြီးတရားမျှတတဲ့ တရားစီရင်ပိုင်ခွင့်တွေရှိတာပေါ့၊

မြင့်။ နောက်ပြီး လွတ်လပ်တဲ့ကိုးကွယ်ယုံကြည်ပိုင်ခွင့်၊ ကိုယ့်ဆန္ဒ သဘောထားကို လွတ်လွတ်လပ်လပ် ထုတ်ဖော်ပြသခွင့်၊ ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်ခွင့်တွေလည်း ရှိတာပေါ့၊

သူ။ အခုဆိုရင် အမေရိကန်လိုနိုင်ငံမျိုးမှာ နိုင်ငံသားအခွင့်အရေးတွေ တော်တော်ပြည့်စုံသွားပြီပေါ့နော်၊

ရင်။ ပြည့်စုံတယ်ဆိုရမှာပေါ့ဗျာ၊ ကြည့်လေ ကမ္ဘာတဝှမ်းက နိုင်ငံကူးနေထိုင်ချင်သူတွေကို လက်ခံတယ်၊ နိုင်ငံသားအသစ်တွေကို အမေရိကန်ရဲ့ နိုင်ငံရေးမှာ အရေးပါတဲ့ အခန်းက ပါဝင်ခွင့်ရတယ်၊

မြင့်။ ဒါ့အပြင် နိုင်ငံခြားမှာ မွေးဖွားသူတွေကိုပဲဖြစ်ဖြစ် ကွဲပြားခြားနားတဲ့ယဉ်ကျေးမှုရှိသူတွေကိုပဲ ဖြစ်ဖြစ် နိုင်ငံသားအဖြစ်ကူးပြောင်းခံယူခွင့် ပြုထားတယ်၊ ဌာနေဖွား နိုင်ငံသားတွေနဲ့အတူတူ တန်းတူအခွင့်အရေးတွေ ပေးထားတယ်လေ၊

သူ၊ ကျမတို့နိုင်ငံမှာတော့ ကိုယ့်နိုင်ငံကနေ ပြည်ပရောက်နေတဲ့ သူတွေကိုနိုင်ငံသားအဖြစ်က ရပ်စဲတာရှိတယ်နော်၊

ရင်။ လူတိုင်းကိုတော့ မဟုတ်ပါဘူးဗျာ၊ စစ်အစိုးရကို အတိုက်အခံ လုပ်တဲ့သူတွေကိုပါ၊

မြင့်။ တကယ်တမ်းပြောရရင် နိုင်ငံသားအဖြစ်အသိအမှတ်ပြုပြီးတဲ့သူကို ပြန်ရုတ်သိမ်းတာဟာ လူတယောက်ကိုနိုင်ငံမဲ့ဖြစ်အောင်လုပ်တာ၊ လူ့အခွင့်ရေး ရှု

ဒေါင့်ကကြည့်ရင် အလွန်ကြီးမားတဲ့ လူ့အခွင့်အရေး ချိုးဖေါက်မှုပဲ၊

သူ။ ဒါဆို နိုင်ငံသားဖြစ်မှုကို အစိုးရက ရုတ်သိမ်းလို့ မရဘူးပေ့ါနော်၊

မြင့်။ ဒါပေ့ါ သူဇာရဲ့၊ ပိုင်ဆိုင်သူရဲ့ သဘောဆန္ဒကလွဲပြီး ဘယ်သူကမှအပြောင်းအလဲလုပ်လို့မရဘူး၊ တခြားနိုင်ငံသားခံယူလိုက်ရင်တောင် ကိုယ့်နိုင်ငံသားအဖြစ်ကတော့ မရပ်ဆဲရဘူး၊ နှစ်နိုင်ငံစလုံး တပြိုင်နက်နိုင်ငံသားပေးထားရမှာ၊

သူ။ နောက်တခု ကျမသိချင်တာကတကယ်လို့ ကိုယ်ပြောင်းနေတဲ့နိုင်ငံက တပြိုင်နက် နိုင်ငံသားဖြစ်မှုကို လက်မခံရင်ကော၊

ရင်။ ဒါကတော့ ရှင်းရှင်းလေးပါ ဆရာမရယ်၊ သက်ဆိုင်သူကဘယ်နိုင်ငံသားအဖြစ်ခံယူမယ်ဆိုတာ ဆုံးဖြတ်ပေ့ါ၊

မြင့်။ အင်း–ဒီလိုကိစ္စတွေကို ဖြေရှင်းနိုင်ဘို့အတွက် ကျနော်တို့နိုင်ငံရဲ့ဥပဒေမှာ အသေးစိတ်ရေးဆွဲပြဋ္ဌာန်းကြရမယ်၊ ဒါမျိုးဥပဒေတွေကို တိုင်းပြည်ရဲ့ပြည်ထောင်စုလွှတ်တော်ကနေ ပြဋ္ဌာန်းပေးရမှာ၊ အဲ့ဒီကမှတဆင့် ပြည်နယ်သားဖြစ်မှုတွေနဲ့ပါတ်သက်ပြီး ပြည်နယ်လွှတ်တော်တွေက ဥပဒေရေးဆွဲကြရမယ်၊

ရင်။ ပြည်နယ်သားဖြစ်မှုနဲ့ ပါတ်သက်တဲ့ ဥပဒေတွေကို ပြည်နယ်လွှတ်တော်တွေက ရေးဆွဲသင့်တယ် ဟုတ်လား အကိုကြီး၊

မြင့်။ ဟုတ်တယ်ကိုရင်မောင် ၊ လူမျိုးပေါင်းစုံနေထိုင်တဲ့ နိုင်ငံတွေမှာ ခိုင်မာတဲ့နိုင်ငံသားအယူအဆတွေ တိုးတက်ပြန့်ပွားအောင် ဒီလိုပဲ လုပ်သင့်တယ်၊

သူ။ လူမျိုးစုငယ်တဲ့ ပြည်နယ်သားတွေကိုလည်း လူမျိုးစုကြီးတွေနဲ့တန်းတူအခွင့်အရေး ပေးလိုက်တဲ့သဘောလည်း သက်ရောက်အောင်လို့ပေ့ါနော်၊

မြင့်။ ဒီလိုပြောလို့လဲရတာပေ့ါ၊ အဓိကအနေနဲ့ကတော့ ရေရှည်မှာ စစ်မှန်တဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ စီးလုံးညီညွတ်မှုကို တည်ဆောက်မယ်ဆိုရင် ပြည်နယ်သားဖြစ်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းခွင့်ကို ပြည်နယ်ဥပဒေပြု လွှတ်တော်တွေမှာ အပ်နှင်းထားတာ အကောင်းဆုံးပဲပေ့ါကွယ်။

## အပိုင်း(၁၆)
## မာဂျယ်လောနှင့် တရားစီရင်ရေး

မြင့်။ ဒီနေ့တော့ မာဂျယ်လော၊ စစ်အုပ်ချုပ်ရေးလို့ နားလည်ထားတဲ့အရေးပေါ်အခြေအနေဆိုတာနဲ့ ပါတ်သက်ပြီး ဆွေးနွေးကြည့်ရအောင်လား၊

သူ။ ကောင်းတယ် ကောင်းတယ်၊ ညီမလေးလဲ အဲ့ဒီအကြောင်းအရာနဲ့ ပါတ်သက်ပြီး သိချင်တာတွေ အများကြီးရှိတယ်၊ အရင်ဆုံး အရေးပေါ်အခြေနေဆိုတာ ဘယ်လို အခြေနေမျိုးကိုခေါ်တာလဲ ပြောပြပါလား၊

မြင့်။ အရေးပေါ်အခြေနေဆိုတာ ကိုယ့်နိုင်ငံကိုယ့်ပြည်ထောင်စုကို ပြည်ပလက်နက်ကိုင်တွေက ဝင်ရောက်နယ်ချဲ့တိုက်ခိုက်ရင် ဒါမှမဟုတ်တိုက်ခိုက်မယ်လို့ ခြိမ်းခြောက်ရင် လက်နက်ကိုင်ပုန်ကန်မှုတွေဖြစ်နေရင် သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားတဲ့ပျက်စီးဆုံးရှုံးမှုတွေ သေဆုံးမှုတွေဖြစ်နေရင်၊ အများပြည်သူ

ရဲ့လုံခြုံမှုနဲ့ အေးချမ်းသာယာမှုကိုပျက်ပြားစေရင် အရေးပေါ်အခြေနေလို့ ခေါ်ရတာပေ့ါ၊

ရင်။ အဲ့ဒီ အရေးပေါ်အခြေနေကြေညာတဲ့ကိစ္စဟာ သိပ်ကိုသတိထားရမယ်လို့ကျနော်တော့ မြင်တယ်၊ အခြေခံဥပဒေနဲ့ ပြည်သူတွေရဲ့အခြေခံ အခွင့်အရေးတွေကို ထိခိုက်တတ်တယ်လေ၊

မြင့်။ ဒါပေ့ါဗျာ အရေးပေါ်ကြေညာချက်ကိုအသုံးပြုပြီး အုပ်ချုပ်သူတွေဟာအာဏာကို အလွဲသုံးစားလုပ်နိုင်တယ်၊ အတိုက်အခံနဲ့ ပြည်သူတွေကိုလည်း ဖိနှိပ်နိုင်တယ်၊

သူ။ ကျမတို့အခု လက်တွေ့ကြုံနေရတာပဲရှင်၊

ရင်။ အကိုကြီး မြန်မာနိုင်ငံက ၁၉၄၇ ခုနှစ်အခြေခံဥပဒေမှာ အရေးပေါ်ကြေညာချက်နဲ့ပါတ်သက်ပြီး ပြဌာန်းထားတာရှိတယ်နော်၊

မြင့်။ ဟုတ်တယ်ဗျ၊ အဲ့ဒီပြဌာန်းချက်ကြောင့် ၁၉၅၀မှာ အရေးပေါ်စီမံချက်အက်ဥပဒေကို ထုတ်ပြန်ခဲ့တာပေ့ါ၊ ဒီဥပဒေကို အသုံးပြုပြီးအုပ်ချုပ်သူအဆက်ဆက်ဟာနိုင်ငံရေးအတိုက်အခံတွေ ပြည်သူတွေကို ဖိနှိပ်နေတာပေ့ါ၊

သူ။ သြော်–ဒါကြောင့်မို့ လွှတ်တော်ကိုယ်စားပြု ကော်မတီက ဒီဥပဒေကို ဖျက်သိမ်းပစ်ဘို့ ပြောတာကိုး၊

ရင်။ ဟုတ်တယ်ဆရာမရဲ့၊ နောက်ပြီး ၁၉၄၇ အခြေခံဥပဒေရဲ့ ပုဒ်မ ၉၄ (၄)အရဆိုရင် အရေးပေါ်အခြေအနေနဲ့အညီ ထုတ်ထားတဲ့ဥပဒေတွေဟာ အရေးပေါ်ကာလကုန်ဆုံးပြီး (၆)လအကြာမှာ ရပ်ဆိုင်းရမယ်လို့ ဆိုထားတယ်၊

မြင့်။ ဒါပေမဲ့ ကိုရင်မောင်ရေ စစ်အစိုးရကတော့ အဲ့ဒီ ၁၉၅၀ အရေးပေါ် စီမံချက်ဥပဒေကို သူတို့အာဏာသက်ဆိုးရှည်ရေးအတွက် ဒီနေ့အထိ အချိန်အကန့်အသတ်မရှိကျင့်သုံးနေတယ်မဟုတ်လား၊

သူ။ ဒါဆို စစ်တပ်နဲ့ ပါလီမာန်ဆိုတာလဲ ဥပဒေအောက်မှာပဲရှိရမှာပေ့ါနော်၊

ရင်။ မှန်တာပေ့ါဗျာ၊ အားလုံးဟာ ဥပဒေလွှမ်းမိုးမှုအောက်မှာ တန်းတူညီမျှ ရှိနေရတယ်၊ ဥပဒေရဲ့အစီအမံကိုနာခံရတယ်၊ ဥပဒေမှန်သမျှကိုလေးစားလိုက်နာကြရတယ်၊

မြင့်။ အားလုံးရဲ့လွတ်လပ်မှုနဲ့ တဦးချင်းစီရဲ့အခွင့်အရေးတွေအတွက် ဥပဒေနဲ့ အကာအကွယ်ပေးထားရတယ်လေ၊ ဒါကို တဦးတယောက်က ဥပဒေရဲ့အထက်မှာရောက်နေပြီး ဥပဒေသဘောမဟုတ် ငါ့သဘောဆိုပြီးလုပ်လိုက်ရင် ပြည်သူတွေခမျာ ဥပဒေရဲ့အာမခံချက်နဲ့ကင်းပြီး ဒုက္ခရောက်ကုန်မှာပေ့ါ၊

ရင်။ ဟုတ်တာပေ့ါဗျာ၊ ဥပဒေက အမြင့်ဆုံးလွှမ်းမိုးနေရင်တော့ နိုင်ငံသားတိုင်း လူတိုင်းဟာ ဥပဒေအရတူညီတဲ့ ကာကွယ်စောင့်ရှောက်မှုကို ရနေမှာ၊ ဒီလိုမှမဟုတ်ရင်တော့ နအဖ လိုကျောင်းသားတဦး ထောင်ဒဏ် (၅၂)နှစ်တို့ (၃၈) နှစ်တို့ကျခံစေဗျားဆိုပြီး လျှောက်လုပ်နေတော့မှာပေ့ါ၊

သူ။ ဒါဆို ဥပဒေလွှမ်းမိုးရေးက တော်တော်ရေးကြီးတာပဲနော်၊

မြင့်။ ဥပဒေလွှမ်းမိုးရေးဆိုတဲ့ နေရာမှာလွတ်လပ်တဲ့တရားစီရင်ရေးကိုပီပီပြင်ပြင်ကျင့်သုံးရမယ်၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး အာဏာပိုင်တွေဟာ တရားစီရင်

ရေးမှာ ဝင်ရောက်စွက်ဖက်မှုကို မရှိစေရဘူး၊

ရင်။ ဟုတ်တယ်ဗျို့ ဒါဟာလည်း အရေးကြီးတဲ့ အချက်ပဲ၊ တရားစီရင်ရေးအာဏာဟာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး အာဏာတွေနဲ့ မရောယှက်ပဲတသီးတခြားစီကို ကျင့်သုံးရမှာ၊ အဲ့ဒီအကြောင်းကိုလည်း အခြေခံဥပဒေထဲမှာ တိတိကျကျကို ပြဋ္ဌာန်းထားရမယ်၊

မြင့်။ မှန်တာပေါ့ဗျာ၊

သူ။ ကျမထင်တာပြောရရင်တရားသူကြီးတွေအနေနဲ့လည်းဘယ်သူရဲ့နောက်ယှက်စွက်ဖက်မှုမှမခံရပဲ တရားဥပဒေနဲ့အညီ လွတ်လွတ်လပ်လပ်တရားစီရင်နိုင်ခွင့်လည်း ဥပဒေလွှမ်းမိုးရေး အချက်တချက်အနေနဲ့ ပါမယ်လို့ထင်တယ်၊

ရင်။ သိပ်မှန်တာပေါ့ ဆရာမရယ်၊

မြင့်။ အင်း–ကိုရင်မောင်တို့က အကြီးအကျယ်ထောက်ခံလိုက်ပြန်ပြီနော်၊

ရင်။ ဟာ–အကိုကြီးကလည်း ဆရာမပြောတာ ဟုတ်တာပဲဟာ၊

မြင့်။ ဟုတ်ပါတယ်ဗျာ ဟုတ်ပါတယ်၊ ဥပဒေလွှမ်းမိုး စေဘို့လိုအပ်တဲ့နောက်တချက်ကတော့နိုင်ငံသားတွေဟာ အခြေခံဥပဒေထဲမှာပြဋ္ဌာန်းထားတဲ့ ကိုယ့်အခွင့်အရေးတွေကို ထိပါးစော်ကားခံရင် အစိုးရကိုပဲဖြစ်ဖြစ်၊ ဝန်ကြီးချုပ်ကိုပဲဖြစ်ဖြစ် သမ္မတကိုပဲဖြစ်ဖြစ် တရားရုံးမှာတိုင်တန်းတရားစွဲလို့ရတယ်ဆိုတာပဲ၊

ရင်။ အဲ့ဒီအချက်ကလည်း ပြည်သူတွေကို ဥပဒေလွှမ်းမိုးမှုနဲ့ အာမခံချက် အပြည့်အဝပေးထားတဲ့ အချက်ပဲ၊

သူ။ အကိုကြီးတို့ကိုရင်မောင်တို့ပြောပြသလိုကိုယ့်နိုင်ငံမှာဥပဒေလွှမ်းမိုးမှုတွေရှိရင်သိပ်ကောင်းမှာပဲ၊ ဘယ်စစ်ထောက်လှမ်းရေး ဘယ်စစ်ဗိုလ်ချုပ်ကိုမှ အကြောင်းမဲ့ ကြောက်နေစရာလိုမှာ မဟုတ်ဘူး၊

ရင်။ အင်း–ဥပဒေလွှမ်းမိုးစေဘို့လိုအပ်တဲ့ အချက်တွေကအများကြီးရှိသေးတယ်ဆရာမရဲ့ ဥပဒေဟာတရားမျှတ မှန်ကန်တဲ့ သင့်မြတ်လျော်ကပ်တော်မှုရှိရမယ်၊ နောက်ကြောင်းပြန်အကျိုးသက်ရောက်ခြင်း မရှိစေရဘူး၊ တရားရုံးတွေမှာ အယူခံပိုင်ခွင့် ရှိရမယ်၊ စသဖြင့် အများကြီးပဲပေါ့ဗျာ၊

သူ။ ဒီအချက်တွေကိုအသေးစိတ်ဆွေးနွေးရရင်သိပ်ကောင်းမှာပဲနော်၊ အခုလောက်နဲ့နဲပါးပါးဆွေးနွေးကြည့်တာနဲ့တောင် ဥပဒေလွှမ်းမိုးရေးဟာ နိုင်ငံတခုအတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတာ သိလာရတယ်၊

မြင့်။ အေးပေါ့ သူဇာရယ် နိုင်ငံတခုအတွင်းမှာ တရားဥပဒေလွှမ်းမိုးမှု မရှိတော့ဘူး၊ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို လေးစားလိုက်နာမှု မရှိတော့ဘူးဆိုရင် အဲ့ဒီနိုင်ငံအတွင်းမှာနေထိုင်ကြတဲ့ နိုင်ငံသူနိုင်ငံသားတွေရဲ့ ငြိမ်းချမ်းသာယာမှုနဲ့ အသက်အိုးအိမ်၊စည်းစိမ် လုံခြုံတည်ငြိမ်မှုဟာ လုံးဝမရှိတော့ဘူးလို့ ပြောလို့ရတာပေါ့ကွယ်၊

သူ။ အင်း–တနေ့တနေ့ ကြံဖန်ပြီးကြောက်နေရတဲ့ဘဝတွေက လွတ်မြောက်နိုင်ဘို့အတွက် ကျမတို့နိုင်ငံမှာ ဥပဒေလွှမ်းမိုးရေးတော့ ရှိမှဖြစ်မယ် အကိုကြီးရေ ရှိမှဖြစ်မယ်။ ။ (ဆက်လက်ဖော်ပြပါမည်)။

လူ့အခွင့်အရေး

# လူ့အခွင့်အရေးအတွေးအခေါ် – အပိုင်း (၁)

ဦးခင်မောင်ဝင်း

လူ့အခွင့်အရေးသည် အသက်ရှိလူသားတဦးအနေဖြင့် လူသားဖြစ်ခြင်းကြောင့် လူ့ဂုဏ်သိက္ခာနှင့်အညီ အသက်ရှင်ရပ်တည် နေထိုင်နိုင်ရေးအတွက် မွေးဖွားလာကတည်းက ပိုင်ဆိုင်ရရှိသော အခွင့်အရေးဖြစ်သည်၊ လူ့အခွင့်အရေးသည် သက်ရှိလူသားမှန်သမျှ တန်းတူရည်တူ၊ ညီတူညီမျှ ပိုင်ဆိုင်သော အခွင့်အရေးဖြစ်သည်ဟူ၍ လူ့အခွင့်အရေးနှင့်ပတ်သက်၍ အတိုဆုံး အဓိပ္ပါယ်ဖွင့်ဆိုချက်အဖြစ် အတွေးအခေါ်ပညာရှင်များက ဖော်ပြကြသည်။

တချို့အခွင့်အရေးများသည် လူ့အခွင့်အရေးများဖြစ်ကြောင်း သာမန်အားဖြင့် လူအများက လွယ်တကူနားလည်လက်ခံကြသော်လည်း တချို့သောကိစ္စရပ်များကြောင့် လူသားတဦးဦး နစ်နာမှုဖြစ်ရလျှင် ထိုနစ်နာမှုဖြစ်ရသောကိစ္စ သို့မဟုတ် တခုခု လုပ်ခွင့်မရှိဟု တားမြစ်ခံရသောကိစ္စတခုခုသည် လူ့အခွင့်အရေးနှင့်ပတ်သက်မှုရှိမရှိ၊ လူ့အခွင့်အရေးချိုးဖေါက်းခြင်း ဟုတ်မဟုတ် ဆိုသည်ကိုမူ လွယ်လင့်တကူ အဖြေပေးနိုင်ချင်မှ ပေးနိုင်မည်။ လူတိုင်း အသက်ရှင်ရပ်တည်ခွင့်၊ နှိပ်စက်ညှင်းပန်းခြင်းခံရခြင်းမှ ကင်းလွတ်ခွင့်စသည်တို့မှာ လူသားတိုင်းရရှိသော လူ့အခွင့်အရေးဖြစ်သည်ဟုဆိုလျှင် အားလုံးက အငြင်းမပွါးပဲ လက်ခံရန် အသင့်ရှိသည်။ သို့သော် ကိုယ်ဝန်ဖျက်ချခွင့်သည် အမျိုးသမီး လူ့အခွင့်အရေးဖြစ်သည်၊ သစ်ပင်များကိုမဆင်မခြင်ခုတ်လှဲနေခြင်းသည် လူ့အခွင့်အရေးချိုးဖေါက်မှု တမျိုးဖြစ်သည်၊ မဲမပေးမနေရ နိုင်ငံသားတိုင်းကို မဲပေးခိုင်းခြင်းမှာ နိုင်ငံသားများ၏ အခွင့်အရေးကို ချိုးဖေါက်နေခြင်းဖြစ်သည်၊ အိုမင်းမစွမ်းဖြစ်နေသောသူများကို ကာကွယ်စောင့်ရှောက်ပေးရန် နိုင်ငံတော်တွင် ဥပဒေပြဋ္ဌာန်းချက်မရှိသဖြင့် ထိုသူများကို စွန့်ပစ်ထားခြင်းသည် လူ့အခွင့်အရေးချိုးဖေါက်ခြင်းမဟုတ်– စသောစသော အဆိုများ၊ ကိစ္စရပ်များ၊ ဝေဖန်ပြောဆိုချက်များသည် လူ့အခွင့်အရေးကိစ္စ ဟုတ်မဟုတ်၊ လူ့အခွင့်အရေးချိုးဖေါက်ခြင်းဟုတ်မဟုတ် လွယ်လင့်တကူ အဖြေပေးနိုင်ရန်မလွယ်ကူချေ။ ထိုကိစ္စများနှင့်ပတ်သက်၍ လူ့အခွင့်အရေးအတွက် အဓိကထား တက်ကြွလှုပ်ရှားနေသူများအကြားတွင်ပင် တူညီသောအမြင်ရရှိရန် မလွယ်ကူချေ။ အဘယ်ကြောင့်ဆိုသော် လူ့အခွင့်အရေးကို ချည်းကပ်မှုနှင့် သဘောပေါက်နားလည်းမှုမှာ လူအခွင့်အရေးကို ချစ်

မြတ်နိုးသူများအားလုံးအကြား၌ တပြေးညီတူညီမှု မရှိသေးခြင်းကြောင့် ဖြစ်သည်။ အာရှတန်ဖိုး(Asian values)နှင့် ကိုက်ညီသည့် လူ့အခွင့်အရေးစံများသည် အနောက်တိုင်းတန်ဖိုး (Western values) နှင့် ကိုက်ညီသော လူ့အခွင့်အရေးနှင့် မတူညီနိုင်၊ ထို့ကြောင့် ကွဲပြားခြားနားသော တန်ဖိုးများအတွက် ကွဲပြားခြားနားသောလူ့အခွင့်အရေးစံများ ရှိရမည်– ဆိုသော အခြေအတင် ငြင်းခုံမှုကိုလည်း အလွယ်တကူ ကောက်ချက်ပေးခြင်းမျိုး လုပ်ရန်မလွယ်၊ ထိုအခြေအတင် ငြင်းခုန်မှုများကို စဉ်းစားသုံးသပ်ရန်မှာ စံအဖြစ် လက်ကိုင်ထားစရာမှုများ၊ အခြေခံသဘောတရားများ ရှိထားရန်လိုသည်။

ထို့ကြောင့် ကိစ္စရပ်တခုသည် လူ့အခွင့်အရေးကိစ္စဟုတ်မဟုတ် စဉ်းစားဆုံးဖြတ်ပေးနိုင်သော သီအိုရီနည်းလမ်းများ တည်ဆောက်၍ ထိုကိစ္စများကို ချည်းကပ် အဖြေထုတ်ရန် လိုအပ်လာသည်။ ထို့အပြင် လူ့အခွင့်အရေးဟု အများက သတ်မှတ်ထားသော ခွင့်အရေးများသည်ပင်လျှင် အဘယ်ကြောင့် လူ့အခွင့်အရေးများအဖြစ် သတ်မှတ်ရကြောင်းကို စနစ်တကျရှင်းပြရန် လိုအပ်လာသည်။ ထိုသို့ရှင်းပြရန်မှာ အကျိုးကြောင်းဆီလျော်မှုရှိသော လူ့အခွင့်အရေးဆိုင်ရာသဘောတရား၊ သီအိုရီများ လိုအပ်သည်။ ထိုသီအိုရီနည်းလမ်းမှာ ကိစ္စရပ်တခုသည် လူ့အခွင့်အရေးကိစ္စဟုတ်မဟုတ် စဉ်းစားသုံးသပ်ရာတွင်အထောက်အကူအဖြစ် ထည့်သွင်းစဉ်းစားနိုင်သော လူ့အခွင့်အရေးဆိုင်ရာ အတွေးအခေါ် (ဝါ)လူ့အခွင့်အရေး အတွေးအခေါ် (human rights philosophy) ပင်ဖြစ်သည်။

**ကနဦးကတည်းက လူ့အဖွဲ့အစည်းအတွင်း လူ့အခွင့်အရေးဟု လက်ခံထားခြင်းမရှိသေးသော အခွင့်အရေးတရပ်ကို လူ့အခွင့်အရေးဟု နောက်ပိုင်းမှအသိအမှတ်ပြုလာခြင်းမျိုးဖြစ်သည်။ ထို့ကြောင့် အခွင့်အရေးတရပ်ကို လူ့အခွင့်အရေးဟု ပြောလျှင် လက်ခံသူနှင့်လက်မခံသူများအကြား အချေအတင်ငြင်းခုံမှုမှာ ပါဝင်လာစမြဲဖြစ်သည်။**

လူအများက လူ့အခွင့်အရေးဖြစ်ကြောင်း လက်ခံလာစေလိုလျှင် အချေအတင်ငြင်းခုန်မှုတိုင်းတွင် အကျိုးကြောင်း ယုတ္တိခိုင်လုံနေရန်လိုသည်။ လူ့အခွင့်အရေးသည် လူသားတဦးအဖြစ် မွေးဖွါးလာကတည်းက ပါလာသော မွေးရာပါအခွင့်အရေး ဖြစ်သည်ဟု ဆိုသော်ငြားလည်း ယနေ့လက်ခံအသိအမှတ်ပြုထားသော လူ့အခွင့်အရေးများသည် တောင်းဆိုတိုက်ပွဲဝင်မှုအရသာ အသိအမှတ်ပြုခံလာရသော အခွင့်အရေးများဖြစ်သည်။ ဆိုလိုသည်မှာ ကနဦးကတည်းက လူ့အဖွဲ့အစည်းအတွင်း လူ့အခွင့်အရေးဟု လက်ခံထားခြင်းမရှိသေးသော အခွင့်အရေးတရပ်ကို လူ့အခွင့်အရေးဟု နောက်ပိုင်းမှ အသိအမှတ် ပြုလာခြင်းမျိုးဖြစ်သည်။ ထို့ကြောင့် အခွင့်အရေးတရပ်ကို လူ့အခွင့်အရေးဟုပြောလျှင် လက်ခံသူနှင့်လက်မခံသူများအကြား အချေအတင် ငြင်းခုံမှုမှာ ပါဝင်လာစမြဲဖြစ်သည်။ အချို့သော အဆိုများမှာ ယုတ္တိပြည့်ဝသော်လည်း၊ လူအခွင့်အရေးအဆိုတိုင်းတွင် ယုတ္တိအခိုင်အမာရှိသည်ဟု သက်သေအခိုင်အမာ မပြနိုင်လျှင် လက်ခံမည်မဟုတ်ပါ။ လက်ခံလာအောင် သက်သေပြခြင်းအလုပ်ကို လူ့အခွင့်အရေး အတွေးအခေါ်အရသာ ပြုလုပ်နိုင်သည်။

လူ့အခွင့်အရေးအတွေးအခေါ်တရပ်ကို မည်သို့တည်ဆောက် ကျင့်သုံးသွားမည် နည်းဟူသော အချက်နှင့်ပတ်သက်၍လည်း အခုအချိန်အထိ ပညာရှင်များအားလုံးက တညီတညွတ်တည်း လက်ခံနိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်၊ စံသတ်မှတ်ချက်များ မရှိသေး ပေ။ လူ့အခွင့်အရေးအတွေးအခေါ်သည် ကွန်မြူနစ်ဝါဒ၊ လစ်ဘရယ်ဝါဒ များကဲ့သို့ နိုင်ငံရေးအတွေးအခေါ် (political ideoplogy) တရပ်မဟုတ်ပေ။ သို့သော် ပညာရှင်အများ စုက ကိစ္စရပ်တခုသည် လူ့အခွင့်အရေး ကိစ္စဟုတ်မဟုတ် လူ့အခွင့်အရေးအတွေးအခေါ် နှင့် ယှဉ်စဉ်းစားလျှင် အနည်းဆုံးအောက်ဖော်ပြပါ နယ်ပယ် များကို ထည့်သွင်းစဉ်းစား ရစမြဲဖြစ်သည်။

## စိတ်ဓါတ်ခွန်အားအခွင့်အရေး
(Human rights as moral rights)

လူ့အခွင့်အရေးသည် စိတ်ဓါတ်ခွန်အားအခွင့်အရေး (moral right) တမျိုးလည်း ဖြစ်သည်။ စိတ်ဓါတ်ခွန်အားအခွင့်အရေးသည် ဥပဒေအရပေးအပ်သော အခွင့်အရေး (legal rights) - ဥပမာ ဖမ်းဆီးခံရသူများကို ဝရမ်းမပါပဲ (၂၄)နာရီထက်ပို၍ ချုပ်မထား ရ၊ နိုင်ငံသားအခွင့်အရေး –ဥပမာ မဲပေးပိုင်ခွင့်အခွင့်အရေး– များနှင့်မတူပေ။ ထိုအခွင့် အရေးနှစ်မျိုးသည် တိုင်းပြည်အတွင်းရှိ ဥပဒေတရပ်ရပ်၊ ဥပမာ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အ ခြေခံဥပဒေတွင်ပြဌာန်းထားသဖြင့် အာမခံချက်ရှိသော လူ့အခွင့်အရေးမျိုးဖြစ်သည်။ တနည်းအားဖြင့် ဥပဒေအရ ပေးအပ်ထားသောအခွင့် အရေးများဖြစ်သည်။ ထိုအခွင့် ရေးများသည် ချိုးဖေါက်ခံရပါက ပြန်လည်ကုစားနိုင်စေရေး ဥပဒေအရ အရေးဆိုနိုင်သည့် အခွင့်အရေးမျိုးဖြစ်သည်။ ထိုအခွင့်အရေးများကို ယနေ့အခါ လူ့အခွင့်အရေးအဖြစ် အ လွယ်တကူအားလုံးက အသိအမှတ်ပြုထားပြီးသည်။ သို့သော် စိတ်ဓါတ်ခွန်အားအခွင့် အရေးဆိုသည်မှာကား ထိုသို့မဟုတ်ပါချေ။

ဥပမာ မိဘများ အိုမင်းမစွမ်းဖြစ်သောအခါတွင် သားသမီးများ၏ ပြုစုစောက် ရှောက်မှုကို ခံစားခွင့်ရှိသည် ဆိုသောမိဘများ၏ အခွင့်အရေးသည် စိတ်ဓါတ်ခွန်အား အခွင့်အရေးဖြစ်သည်။ အများအားဖြင့် ထိုသို့သော စိတ်ဓါတ်ခွန်အား အခွင့်အရေးများ ကို ကျင့်သုံးခွင့်ရအောင် ဥပဒေအရ အရေးဆိုနိုင်ခြင်းမရှိပေ။ ထိုအခွင့်အရေးကို မိဘများ ခံစားကျင့် သုံးနိုင်ရေးမှာ သားသမီးများ၏ သိတတ်မှုဟူသော ကျင့်ဝတ်ပိုင်းအရ တာဝန် သိမှု(moral duty)အပေါ်တွင်သာမူတည်သည်။ သားသမီးများတွင် ဥပဒေအရ တာဝန် မရှိပေ။ ထိုအခွင့်အရေး မခံစားရသဖြင့် မိဘများကလည်း သားသမီးများကို ဥပဒေအရ အရေးဆိုတောင်းခံပိုင်ခွင့်မရှိပါ။

အချို့နိုင်ငံများ (ဥပမာ အမေရိကန်ပြည်ထောင်စု၊ ကနေဒါနှင့် အခြားအနောက် မြောက်ဥရောပနိုင်ငံများ)တွင် စိတ်ဓါတ်ခွန်အားအခွင့်အရေးများကို ပြည်တွင်းလူ့အခွင့် အရေးဥပဒေတွင် ထည့်သွင်းပြဌာန်းသဖြင့် စိတ်ဓါတ်ခွန်အားအခွင့်အရေးသည် ဥပဒေအ ရပေးအပ်သော လူ့အခွင့်အရေးအဖြစ် ပြောင်းလဲသွားကာ လက်တွေ့လည်း ခံစားကျင့် သုံးနိုင်ခွင့်ရှိသည်။ ထိုနိုင်ငံများအဖို့မူ ထိုအခွင့်အရေးမျိုးသည် စိတ်ဓါတ်ခွန်အား အခွင့်

အရေးဆိုသည့်ထက် နိုင်ငံသားအခွင့်အရေး သို့မဟုတ် ဥပဒေအရပေးအပ်သော အခွင့်အရေးအဖြစ် လူသိများလာသည်။ ထို့ကြောင့် လူ့အခွင့်အရေးအတွေးအခေါ်ကို လူ့အခွင့်အရေး ဖြစ်ထွန်းမှုသမိုင်းကြောင်းနှင့် ယှဉ်၍ကြည့်လျှင် အစကနဦးက စိတ်ဓါတ်ခွန်အားအခွင့်အရေးနေနှင့်သာ တည်ရှိခဲ့သောအခွင့်အရေးများသည် နောင်ခါဥပဒေပြဌာန်းချက်များနှင့် တိုင်းပြည်အတွင်း လူသားများခံစားကျင့်သုံးနိုင်ရေး ဘောင်ဝင်အောင် လုပ်လိုက်သောအခါ ကျင့်သုံးနိုင်သောလူ့အခွင့်အရေး (applicable human rights)ဟုခေါ်တွင်သည့် ဥပဒေအရပေးအပ်သောအခွင့်အရေး သို့မဟုတ် နိုင်ငံသားအခွင့်အရေး တမျိုးမျိုးဖြစ်လာသည်။ သို့သော် စိတ်ဓါတ်ခွန်အားအခွင့်အရေးများကို ဥပဒေပြဌာန်းချက်များနှင့် ဘောင်ဝင်အောင် လုပ်ရာတွင် ဥပဒေ၌ထည့်သွင်းရန် စိတ်ဓါတ်ခွန်အား အခွင့်အရေး အမျိုးအစားရွေးချယ်မှု လုပ်ရာတွင် နိုင်ငံတခုနှင့်တခု ခြားနားမှုရှိသည်။

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကို ထိုင်းအစိုးရက ရက်ရက်စက်စက်ပြည်နှင်ဒါဏ်ပေးခြင်းမျိုးမလုပ်သင့်ပေ၊ ထိုသူများကို လူသားခြင်းစာနာမှုအရ အကာကွယ်ပေးသင့်သည်၊ ထိုသူများတွင် ထိုသို့ကာကွယ်စောင့်ရှောက်မှုခံစားနိုင်သော အခွင့်အရေးများရှိသည်ဟူသောဖေါ်ပြချက်မှာ မြန်မာအလုပ်သမားများ ကာကွယ်စောင့်ရှောက်ခွင့်ခံစားနိုင်ရန် စိတ်ဓါတ်ခွန်အား အခွင့်အရေးရှိသည်ဟူသော အချက်ကို ဖေါ်ပြနေသည်။ မြန်မာအလုပ်သမားများကို အကာအကွယ်ပေးရေးဆိုသည်မှာ ထိုင်းအစိုးရတွင် စိတ်ဓါတ်ကျင့်ဝတ်ပိုင်းအရတာဝန်(moral duty)သာရှိပြီး ဥပဒေအရ တာဝန် (legal obligation)မရှိပါ။ တရားမဝင်လာရောက်နေထိုင် လုပ်ကိုင်စားသောက်နေသော နိုင်ငံခြားသားများကို ကာကွယ်ပေးရမည် သို့မဟုတ် ထိုင်းနိုင်ငံတွင် ရှိသူ မည်သူ့ကိုမဆိုကို အကာအကွယ်ပေးရမည်ဟူသော ဥပဒေပြဌာန်းချက် ထိုင်းနိုင်ငံတွင် မပေါ်ပေါက်လာသေးသရွေ့ မြန်မာအလုပ်သမားများ လူ့အခွင့်အရေးချိုးဖေါက်ခံနေရခြင်းမှ ကာကွယ်ခွင့်ခံစားရရေးဆိုသည်မှာ စိတ်ဓါတ်ခွန်အားအခွင့်အရေး သက်သက်မျှသာ ဖြစ်နေပေဦးမည်။ အချို့သောနိုင်ငံများတွင် နိုင်ငံခြားမှ လာရောက်အလုပ်လုပ်ကိုင်သော တရားမဝင်နှင့် တရားဝင်အလုပ်သမားကို အနိမ့်ဆုံးအဆင့် မည်သို့ကာကွယ်ပေးရမည်ဟူသော ဥပဒေပြဌာန်းချက်များရှိနေပြီဖြစ်ရာ ထိုင်းနိုင်ငံရောက်မြန်မာအလုပ်သမားများသာ ထိုနိုင်ငံများတွင်ရှိနေပါက အဆိုပါ စိတ်ဓါတ်ခွန်အားအခွင့်အရေးမှာ လက်တွေ့ကျင့်သုံးနိုင်သောလူ့ခွင့်အရေးအဖြစ် မြန်မာများခံစားကျင့်သုံးနိုင်ခွင့်ရှိပေမည်။ ထိုဥပမာအရ သိနိုင်သော အချက်မှာ တချို့နိုင်ငံများတွင် စိတ်ဓါတ်ခွန်အားမျှသာဖြစ်သော လူ့အခွင့်အရေးများသည် အချို့နိုင်ငံများတွင် လက်တွေ့ကျင့်သုံးနိုင်သော လူ့အခွင့်အရေးဖြစ်သည့် ဥပဒေအရပေးအပ်သောအခွင့်အရေး သို့မဟုတ် နိုင်ငံသားအခွင့်အရေး တမျိုးမျိုးဖြစ်နေသည်ဆိုသော အချက်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေတွင်ပါရှိသော လူ့အခွင့်အရေးစာချုပ်ကြီးနှစ်ခုဖြစ်သည့် နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (International Covenant on Civil and Political Rights) နှင့် စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights) နှစ်ခုကို ကမ္ဘာ့နိုင်ငံ တရာကျော်က အတည်ပြုလက်မှတ်ရေးထိုး(ratify)ထားပြီး၊ ထိုနိုင်ငံများ

တွင် ထိုစာချုပ်ပါ အခွင့်အရေးများမှာ လက်တွေ့ကျင့်သုံးနိုင်သော လူ့အခွင့်အရေးများ ဖြစ်နေကြသည်။ သို့သော် လက်မှတ်မရေးထိုးသေးသော နိုင်ငံများတွင်မူ အဆိုပါ လူ့အခွင့်အရေးသဘောတူစာချုပ်ပါ အခွင့်အရေးများ ချိုးဖောက်ခံရလျှင် စိတ်ဓါတ်ခွန်အားအခွင့်အရေး ချိုးဖောက်ခံရမှုသဘောမျိုးသားဖြစ်သည်။ ထိုအခွင့်အရေး ချိုးဖောက်ခံရမှုအတွက် ဥပဒေအရ အရေးဆိုနိုင်ရန်မဖြစ်နိုင်။ သို့သော် ကမ္ဘာ့လူ့အခွင့်အရေးလှုပ်ရှားမှုအနေဖြင့်မူ ထိုအခွင့်အရေးများ ချိုးဖောက်ခံရခြင်းကို စိုးရိမ်ဘွယ်ရာ လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းအဖြစ် ရှုမြင်ထားသဖြင့် အခွင့်အရေးချိုးဖောက်မှုဖြစ်လာပါက ဥပဒေအရ အရေးဆိုခွင့်ရရှိစေရန် ရည်ရွယ်၍ ထိုသဘောတူစာချုပ်ကို ထိုနိုင်ငံများက အတည်ပြုလက်မှတ်ရေးထိုးရန်တိုက်တွန်းလျက်ရှိသည်။

မည်သို့ဆိုစေ စိတ်ဓါတ်ခွန်အားသက်သက်မျှသာဖြစ်သော အခွင့်အရေးများသည် လက်တွေ့ကျင့်သုံးနိုင်သော လူ့အခွင့်အရေးအဆင့်အတန်းအရာကို မရရှိသေးသည့် လူ့အခွင့်အရေးများသည်ဆိုသည်မှာကာ ငြင်း၍မရပေ။ ဥပဒေအရပေးအပ်သော အခွင့်အရေးများ၊ နိုင်ငံသားအခွင့်အရေးများသာ လူ့ခွင့်အရေးဖြစ်သည်မဟုတ်၊ စိတ်ဓါတ်ခွန်အားအခွင့်အရေးများသည်လည်း လူ့အခွင့်အရေးဖြစ်သည်ဟု မှတ်ယူရပေမည်။ စိတ်ဓါတ်ခွန်အား အခွင့်အရေးများ လက်တွေ့ကျင့်သုံးနိုင်သည့် လူ့အခွင့်အရေး အဖြစ်သတ်မှတ်လာစေရေးအတွက် တောင်းဆိုတိုက်ပွဲဝင်ခြင်းမှာလည်း ယနေ့ ကမ္ဘာ့လူ့အခွင့်အရေးလှုပ်ရှားမှုနှင့် နိုင်ငံအသီးသီးရှိ လူ့အခွင့်အရေလှုပ်ရှားမှုများ၏ အဓိကကျသော တာဝန်များအနက် တာဝန်တရပ်အနေဖြင့် ပါဝင်နေသည်။

## ဥပဒေအရကာကွယ်စောင့်ရှောက်ပေးနိုင်သောအခွင့်အရေး
(Justicibiality of rights)

ဤအတွေးအခေါ်ပြသနာမှာ စိတ်ဓါတ်ခွန်အား အတွေးအခေါ် ပြသနာနှင့် နီးကပ်စွာဆက်စပ်လျှက်ရှိပြီး ဥပဒေအတွေးအခေါ်ပြသနာနှင့် ယှဉ်တွဲစဉ်းစားသင့်သော ပြသနာလည်းဖြစ်သည်။ လူ့အခွင့်အရေးများကို လက်တွေ့ပြည်သူများ ရရှိခံစားနိုင်အောင် နိုင်ငံတိုင်းတွင် ဥပဒေပြဋ္ဌာန်းချက်များပြုလုပ်ကြရသည်။ မဲပေးနိုင်သောအခွင့်အရေးသည် လူ့အခွင့်အရေးဖြစ်သည်၊ ထိုအခွင့်အရေးကို ဥပဒေတွင်ပြဋ္ဌာန်းပြီး အသက်ပြည့်မီသော နိုင်ငံသားများ မဲပေးနိုင်အောင် လုပ်ဆောင်ပေးရသည်။ ထိုဥပမာအရ သိနိုင်သော အချက်မှာ ဥပဒေအရပြဌာန်းပေးမှ လူ့အခွင့်အရေးမှာ အသက်ဝင်လှုပ်ရှားလာသည်။ လက်တွေ့ ကျင့်သုံးနိုင်ရန်အတွက် လူ့အခွင့်အရေးများကို ပြဋ္ဌာန်းသောဥပဒေများ (လူ့အခွင့်အရေးဥပဒေ)များ လိုအပ်သည်။ ထို့ကြောင့် ဥပဒေပြဋ္ဌာန်းချက်များအရ ကာကွယ်မြှင့်တင်ပေးခြင်း (လက်တွေ့အကောင်အထည်ဖေါ်ကျင့်သုံးခြင်း) မပြုနိုင်သော အခွင့်အရေးများသည် လူ့အခွင့်အရေး မဟုတ်ဟု တချို့က ပြောသည်။ ထိုအဆိုသည် လူ့အခွင့်အရေးဆိုသည်မှာ ဥပဒေအရပေးအပ်သောအခွင့်အရေးများ(legal rights)နှင့် ညီမျှသည်ဟု ပြောခြင်းနှင့်တူနေသည်။ တနည်းအားဖြင့် လူ့အခွင့်အရေးများကို ဥပဒေအရပေး

အပ်သောအခွင့်အရေးများအဖြစ်သို့ အဆင့်လျှော့ချခြင်းပင်ဖြစ်သည်။ စင်စစ် လူ့အခွင့်အရေးသည် ဥပဒေအရပေးအပ်သော အခွင့်အရေးထက်ပိုသည်။ လူ့အခွင့်အရေးသည် ဥပဒေအရပေးအပ်သောအခွင့်အရေးများကို မွေးဖွါးရာနေရာဖြစ်ပြီး၊ ဥပဒေအရပေးအပ်သောအခွင့်အရေးများက လူ့အခွင့်အရေးအားလုံးအတွက် မွေးဖွါးရာနေရာမဟုတ်ပါ။

လူ့အခွင့်အရေးတောင်းဆိုတိုက်ပွဲဝင်မှုသည် လူသားအချင်းချင်းဆက်ဆံရာတွင် တရားမျှတမှုရှိ၍ အားလုံးတန်းတူညီမျှ ထိုတရားမျှတမှုကို ခံစားရစေရန်အတွက်ဖြစ်သည်။ ဥပဒေများရေးဆွဲပြဌာန်းခြင်းသည်လည်း လူသားအချင်းချင်းအကြား ဆက်ဆံရေးတွင် တရားမျှတမှုရှိ၍ အားလုံးတရားမျှတမှုကို တပြေးညီတန်းတူရည်တူ ခံစားရရှိစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဥပဒေအခြေခံအတွေးအခေါ်သည် လူ့အခွင့်အရေး လှုပ်ရှားမှုအခြေခံအတွေးအခေါ်နှင့် ရည်ရွယ်ချက်အားဖြင့် ခြားနားမှုမရှိကြောင်း တွေ့ရပေမည်။ သို့သော် ဥပဒေပြဌာန်းချက်များအရသာ လူ့အခွင့်အရေးကို လက်တွေ့ကျင့်သုံးနိုင်သော အခြေအနေမျိုးတွင်မူ လူ့အခွင့်အရေးအတွေးအခေါ်နှင့် ဥပဒေအတွေးအခေါ်အကြား ပဋိပက္ခဖြစ်မှုများ တွေ့လာရသည်။ ထိုပဋိပက္ခနောက်ကွယ်တွင်ရှိသော ဥပဒေအတွေးအခေါ် အယူအဆတရပ်မှာ ပြဌာန်းဥပဒေများအဓိကဖြစ်မှုဝါဒ(legal positivism) အယူအဆဖြစ်သည်။ ပြဌာန်းဥပဒေများအဓိကဖြစ်မှုဝါဒ ဆိုသည်မှာ အငြင်းပွါးမှုများကိုဖြေရှင်းရန် သို့မဟုတ် တရားမျှတမှုများ ဖေါ်ထုတ်ရန်အတွက် ရေးဆွဲပြးဌာန်းထားသော သို့မဟုတ် ပြဌာန်းဥပဒေကဲ့သို့ အတည်ဖြစ်နေသော ဥပဒေအစဉ်အလာများ၏ မူများအရသာ အရာကိစ္စများကို စီရင်ဆုံးဖြတ်လုပ်ဆောင်ရေးဟူသော အယူအဆဖြစ်သည်။ ထိုဥပဒေမူများက ခွင့်မပြုသောကိစ္စကို မလုပ်ဆောင်ပေ။ နိုင်ငံအသီးသီး၊ လူ့အဖွဲ့အစည်းအသီးသီးသည် ဥပဒေများ ရေးဆွဲပြဌာန်း၍ ထိုဥပဒေ ပြဌာန်းချက်မူများအရသာ အရာကိစ္စများအားလုံးကို ကိုင်တွယ်ဖြေရှင်းနေကြသည်။ ထိုဥပဒေများကို ပြဌာန်းဥပဒေ(positive law) ဟု ခေါ်သည်။

**လူ့အခွင့်အရေးအတွေးအခေါ်နှင့် ဥပဒေအတွေးအခေါ်တို့ အကြားပဋိပက္ခဖြစ်မှုများ တွေ့လာရသည်။ ထိုပဋိပက္ခနောက်ကွယ်တွင်ရှိသောဥပဒေအတွေးအခေါ် အယူအဆတရပ်မှာ ပြဌာန်းဥပဒေများ အဓိကဖြစ်မှုဝါဒ အယူအဆ ဖြစ်သည်။**

လူ့အခွင့်အရေးလှုပ်ရှားမှုသည် လူ့အဖွဲ့အစည်းက အသိအမှတ်မပြုသေးသော လူ့အခွင့်အရေးများကို ဖေါ်ထုတ်၍ လူ့အခွင့်အရေးအဖြစ် အသိအမှတ်ပြုလာစေရန် လုပ်ဆောင်နေသော တော်လှန်ရေးတမျိုးဖြစ်သည်။ ထို့ကြောင့်လူအများက လူ့အခွင့်အရေးအဖြစ် အသိအမှတ်ပြုပြီး ဥပဒေပြဌာန်းချက်များဖြင့် လက်တွေ့ကျင့်သုံးနိုင်သော လူ့အခွင့်အရေးများ ရှိနေပြီးဖြစ်သကဲ့သို့ အသစ်သစ် တောင်းဆိုတင်ပြလာသော လူ့အခွင့်အရေးများလည်း အချိန်တိုင်းလိုလို ပေါ်ပေါက်နေမည်သာဖြစ်သည်။ အထက်တွင်တင်ပြခဲ့သကဲ့သို့ စိတ်ဓါတ်ခွန်အားအခွင့်အရေးများသည် ဥပဒေပြဌာန်းချက်များအရ အသိအမှတ်မပြုခင်ပင် လူ့အခွင့်အရေးများဖြစ်နေပေပြီ။ ဥပဒေအရပေးအပ်သောအခွင့်အရေးများကိုသာ လူ့အခွင့်အရေးအဖြစ် အသိအမှတ်ပြုလျှင် ပြဌာန်းဥပဒေများအဓိကဖြစ်မှုဝါဒသည် စိတ်ဓါတ်ခွန်အားအခွင့်အရေးများ လူ့အခွင့်အရေးမဟုတ်ဟု ငြင်းပယ်ခြင်းသာ

ဖြစ်တော့သည်။ ပိုဆိုးသည်မှာ တခြားလူ့ဖွဲ့အစည်းများတွင် ဥပဒေအရပေးအပ်သော အခွင့်အရေး သို့မဟုတ် နိုင်ငံသားအခွင့်အရေးဖြစ်နေသော လူ့အခွင့်အရေးများ အခြားလူ့အဖွဲ့အစည်းတခုတွင် ထိုအခွင့်အရေးများကို ဥပဒေအရအသိအမှတ်မပြုမသေးပဲ ဆိုးဆိုးဝါးဝါး ချိုးဖေါက်ခံနရချိန်တွင် ထိုအခွင့်အရေးများကို ပြဋ္ဌာန်းဥပဒေများအဓိကဖြစ်မှု ဝါဒအရ ချည်းကပ်လျှင် လူ့အခွင့်အရေးလှုပ်ရှားမှုနှင့် ဥပဒေအတွေးအခေါ်တို့က တညီတညွှတ်တည်းတောင်းဆိုသော တရားမျှတမှုမှာ တူညီမှုမရှိကြောင်း ပြသနေခြင်းဖြစ်သည်။ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများနှင့် ဒုက္ခသည်များ အခွင့်အရေးချိုးဖေါက်ခံရမှုကို ကုစားရန်နည်းလမ်းပျောက်နေခြင်း၊ အခွင့်အရေးချိုးဖေါက်ခံရသူများအတွက် တရားမျှတမှုများ ဆိတ်သုဉ်းနေရခြင်းမှာ လူ့အခွင့်အရေးကို ပြဋ္ဌာန်းဥပဒေအဓိကဖြစ်မှုဝါဒ အရ ချည်းကပ်ခြင်းကြောင့်ဖြစ်သည်။

လူ့အခွင့်အရေးများကို ပြဋ္ဌာန်းဥပဒေအဓိကဖြစ်မှုဝါဒ ရှုဒေါင့်သက်သက်အရ ချည်းကပ်ခြင်းသည် လူ့အခွင့်အရေးလှုပ်ရှားမှုတခုလုံး၏ အတ္တိမရည်မှန်းချက်ဖြစ်သော တရားမျှတမှုကို ပေးစွမ်းနိုင်မည်မဟုတ်ပေ။ လူ့အခွင့်အရေးအခြေခံအတွေးအခေါ်နှင့် ပြဋ္ဌာန်းဥပဒေအဓိကဖြစ်မှုအတွေးအခေါ်တို့အကြား ပဋိပက္ခဖြစ်မှုကြောင့် လူမှုရေးတရားမျှတမှုများ အချို့နေရာများတွင် ဆုံးရှုံးနေရသည်။

ထို့ကြောင့် လူ့အခွင့်အရေးလှုပ်ရှားမှုတွင် ပါဝင်သူတချို့က ပြဋ္ဌာန်းဥပဒေအဓိကဖြစ်မှုဝါဒ၏ ကန့်သတ်မှုကို ကျော်လွှားနိုင်ရန် သဘာဝတရားဥပဒေ အယူအဆကို ပြန်လည်တင်ပြကြသည်။ သဘာဝတရားဥပဒေ(natural law)ဆိုသည်မှာ လူမှုဆက်ဆံရေး လုပ်ရာတွင်လက်ကိုင်ထားရမည့် ဥပဒေပိုင်း၊ ကျင့်ဝတ်ပိုင်းနှင့် အတွေးခေါ်ပိုင်းဆိုင်ရာ သီအိုရီများပါဝင်သော လမ်းညွှန်မှုတစုံဖြစ်သည်။ လူသားများသည် သဘာဝက အပ်နှင်းထားသော အခွင့်အရေးများကို ခံစားနိုင်ကြသည်၊ မည့်သည် ကန့်သတ်ချက်၊ ပြဋ္ဌာန်းချက်မျိုးမှ မရှိသောအချိန်တွင် ထိုအခွင့်အရေးများကို အများဆုံးခံစားနိုင်သည်၊ အဘယ်ကြောင့်ဆိုသော် လူသားများသည် မည်သို့ဆက်ဆံလျှင် အကောင်းဆုံးဖြစ်မည် ဆိုသည်ကိုသုံးသပ်ရန် ဆင်ခြင်တုံတရား ပိုင်ဆိုင်သူများဖြစ်၍ပင်ဖြစ်သည်။ တနည်းအားဖြင့် သဘာဝတရားဥပဒေသဘောတရားသည် ဥပဒေပြဋ္ဌာန်းချက်နှင့် ဘောင်မဝင်သောကိစ္စများကို တရားသူကြီးများကဆုံးဖြတ်ရာတွင် လေကပါဋ္ဌတရားများအပေါ်အခြေခံ၍ ဆုံးဖြတ်ရသကဲ့သို့ဖြစ်သည်။ ပြဋ္ဌာန်းဥပဒေမရှိပဲ တရားမျှတမှုကို ဖေါ်ထုတ်နိုင်သည်ဆိုသော အယူအဆမှာ သဘာဝတရားဥပဒေ၏ အယူအဆဖြစ်သည်။ သဘာဝတရားဥပဒေ အယူအဆအရ ဥပဒေများကို ပြဌန်းရန်မလိုပေ။ ပြဋ္ဌာန်းဥပဒေများသည် အခွင့်အရေးများကို ကန့်သတ်ခြင်း၊ သို့မဟုတ် ပြောင်းလဲခြင်းတမျိုးမျိုးပြုလုပ်ခြင်းဖြစ်ရာ သဘာဝတရားဥပဒေအယူအဆက ဆန့်ကျင်သည်။ ထိုအယူအဆအရဆိုလျှင် ပြဋ္ဌာန်းဥပဒေအဓိကဖြစ်မှုဝါဒအရ လူ့အခွင့်အရေးချိုးဖေါက်မှုအဖြစ် သတ်မှတ်ခြင်းမခံရသော ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများနှင့် ဒုက္ခသည်များကိစ္စ ထိုင်းအစိုးရကိုင်တွယ်မှုမှာ လူ့အခွင့်အရေး ချိုးဖေါက်မှုအဖြစ် သတ်မှတ်ရန် လုံလောက်သည်။

အထက်တွင်တင်ပြခဲ့သကဲ့သို့ စိတ်ဓါတ်ခွန်အားအခွင့်အရေးများသည်လည်း လူ့အခွင့်အရေးပင်ဖြစ်သည်။ ထိုအခွင့်အရေးများသည် ဥပဒေအခွင့်အရပေးအပ်သော အ

ခွင့်အရေးများ၏ ရှေ့ပြေးလူ့အခွင့်အရေးများသာဖြစ်သည်။ ဥပဒေတွင် ပုဒ်ထီး၊ ပုဒ်မတပ်၍ အဆိုပါအခွင့်အရေးများကို အကာကွယ်ပေးလာအောင် လုပ်ဆောင်ရေးမှာ လူ့အခွင့်အရေးလှုပ်ရှားမှု၏အဓိက တာဝန်ဖြစ်သည်။ ဥပမာ အစိုးရ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း မျချမှတ် အကောင်အထည်ဖေါ်ရာတွင် ပြည်သူများပါဝင်ပတ်သက်နိုင်ရေးမှာ အခွင့်အရေးတရပ်ဖြစ်သည်ဟူသော ကြွေးကြော်သံဖြင့် လူ့အခွင့်အရေးလှုပ်ရှားမှုတွင် ပါဝင်သူ များက ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (development project)များသည် ပြည်သူများအပေါ်တွင် အကျိုးသက်ရောက်မှုရှိသော အစိုးရလုပ်ငန်းဆောင်တာများဖြစ်ရာ ထိုလုပ်ငန်းဆောင်တာအတွက် မူဝါဒများချမှတ်ရာတွင် ကောင်းကျိုးဆိုးကျိုးနှစ်မျိုးစလုံး အကျိုးသက်ရောက်မှုကိုခံရမည့် ပြည်သူများကိုယ်တိုင်ကိုယ်ကျပါဝင်ခွင့်ရရေးဆိုသည်ကို ယခုအခါတောင်းဆိုလျက်ရှိသည်။ သို့သော် ထိုအခွင့်အရေးကို နိုင်ငံအများစုက ဥပဒေပြဋ္ဌာန်းချက်များပြုလုပ်ကာ အာမခံပြဋ္ဌာန်းခြင်းမျိုး မရှိကြပေ။ တနည်းအားဖြင့် ဥပဒေအရပေးအပ်သော အခွင့်အရေးအဖြစ် သတ်မှတ်ခံရသော လူ့အခွင့်အရေးမဟုတ်သေးပေ။ တနေ့တချိန်တွင် လူ့အခွင့်အရေးလှုပ်ရှားမှုက ထိုအခွင့်အရေး တောင်းဆိုမှုနှင့်ပတ်သက်၍ အားကောင်းလာသောအခါ ထိုအခွင့်အရေးသည် ဥပဒေအရပေးအပ်သော လူ့အခွင့်အရေးဖြစ်လာမည်မှာ မလွဲဧကန်ဖြစ်သည်။ တနိုင်ငံနှင့်တနိုင်ငံ၊ လူ့ဖွဲ့အစည်းတခုနှင့်တခု ထိုသို့ဖြစ်လာမှုမှာ တပြိုင်နက်ဖြစ်ချင်မှဖြစ်မည်။ အနှေးအမြန် အမျိုးမျိုးခြားနားနိုင်သည်။ မည်သို့ဆိုစေ ဥပဒေအရပေးအပ်သော အခွင့်အရေးမဖြစ်လာသေးသော်လည်း လူ့အခွင့်အရေးမှာ ရှိနိုင်သည်။ ဥပဒေအရပေးအပ်သောလူ့အခွင့်အရေးအဖြစ်သို့ မပြောင်းလဲလာမီအချိန်အထိ ထိုလူ့အခွင့်အရေးကို လက်တွေ့တွင် အကောင်အထည်ဖေါ်ရန် မဖြစ်နိုင်သေးသော လူ့အခွင့်အရေးအဖြစ် အနည်းဆုံး သတ်မှတ်ထားရမည်။

မည်သို့ဆိုစေ အခုအချိန်တွင် သဘာဝတရားဥပဒေအစား ပြဋ္ဌာန်းဥပဒေများက အစားထိုးလျက်ရှိသည်။ အရှိန်အဟုန်နှင့် အလျှင်အမြန်သွားနေသော လူ့အခွင့်အရေးလှုပ်ရှားမှုက တောင်းဆိုသည့် လူ့အခွင့်အရေးဥပဒေများကို အချိန်မှီ သို့မဟုတ် အလျှင်မြန်ဆုံးဖြစ်အောင် မပြဋ္ဌာန်းနိုင်သမျှ ပြဋ္ဌာန်းဥပဒေပဋ္ဌာဏဖြစ်မှုဝါဒမှာ တရားမျှတမှု ဖေါ်ထုတ်ရေးနှင့် ထိုတရားမျှတမှုကို လူတိုင်းတပြေးညီခံစားစေရေးဆိုသည့် လူ့အခွင့်အရေးအတွေးအခေါ်နှင့် သဟဇာတဖြစ်စွာ ရပ်တည်နိုင်မည်မဟုတ်ပေ။ ပြဋ္ဌာန်းဥပဒေပဋ္ဌာဏဖြစ်မှုဝါဒအရ လူ့အခွင့်အရေးကို ချည်းကပ်ခြင်းသည်ပင်လျှင် လူ့အခွင့်အရေးများ ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးခံစားနိုင်မှုကို ဟန့်တားရာရောက်သဖြင့် ထိုဝါကို လူ့အခွင့်အရေးလှုပ်ရှားမှုတွင် တရားလွန်မြှင့်တင်ခြင်း၊ အဓိက စံအဖြစ်ထားခြင်းသည် လူ့အခွင့်အရေး အမျိုးအစားသစ်များ ဖေါ်ထုတ်မှုကို နောက်ပြန်ဆွဲထားသဖြင့် လူ့အခွင့်အရေး တောင်းဆိုတိုက်ပွဲဝင်နေသူများအတွက် လူ့အခွင့်အရေး ချိုးဖေါက်မှုတမျိုးဖြစ်လာသည်။

## တောင်းဆိုမှုနှင့် အသိအမှတ်ပြုမှု
(Claims and social recognition)

အချို့သောအခွင့်အရေးများကို တောင်းဆိုစရာမလိုပဲ လူ့အခွင့်အရေးအဖြစ် အလွယ်တကူ အသိအမှတ်ပြုနိုင်သော်လည်း၊ အချို့အခွင့်အရေးများမှာမူ တောင်းဆိုပြီးမှ လူ့အခွင့်အရေးအဖြစ် အသိအမှတ်ပြုလာသည့် သာဓကများလည်းရှိသည်။ စိတ်ဓါတ်ခွန်အားအခွင့်အရေး အားလုံးကို လူ့အခွင့်အရေးအဖြစ် သတ်မှတ်ရေးမှာ ဖြစ်နိုင်ဖွယ်မရှိဟု ပညာရှင် တချို့က ထောက်ပြကြသည်။ စိတ်ဓါတ်ခွန်အားအခွင့်အရေးအဖြစ်သတ်မှတ်ခံရသောအခွင့်အရေးကို လူ့အခွင့်အရေးအဖြစ် သတ်မှတ်စေလိုသူများက စတင်သော တောင်းဆိုမှုများ(claims)ဖြင့် လူ့အခွင့်အရေး လှုပ်ရှားမှု စတင်လာကြသည်။ လူ့အခွင့်အရေးအဖြစ် သတ်မှတ်နိုင်ရန် တောင်းဆိုမှုဖြင့် စတင်ရမည်ဖြစ်သော်လည်း ထိုတောင်းဆိုသော အခွင့်အရေးသည် လူ့အခွင့်အရေးဖြစ်သင့်သည်ဟု လူ့အဖွဲ့အစည်း၏ အသိအမှတ်ပြုမှု (social recognition) လိုအပ်သည်။ ထိုအသိအမှတ်ပြုမှုကို မရရှိသေးသော အခွင့်အရေးသည် တောင်းဆိုမှုသက်သက်သာဖြစ်သည်၊ ထိုတောင်းဆိုမှုမှာ လက်ခံနိုင်သောတောင်းဆိုမဖြစ်နိုင်သော်လည်း လူ့အခွင့်အရေးအဖြစ်သို့ ပြောင်းလဲခြင်း မရှိသေးပေ။ အခွင့်အရေးတရပ်သည် လူ့အခွင့်အရေးအဖြစ် အကာအကွယ်ပေးသင့်ကြောင်းကို အကျိုးအကြောင်းအချက်အလက်ခိုင်မာစွာဖြင့် တင်ပြလာပါက လူ့အဖွဲ့အစည်းအတွင်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံမှုရရှိလာသည်၊ ထို့နောက်တွင်မှ ထိုခွင့်အရေးကို လူ့အခွင့်အရေးအဖြစ် ကာကွယ်ပေးသင့်ကြောင်း လက်ခံအသိအမှတ်ပြုမှု ရရှိလာသည်။ ဤနည်းဖြင့် လူ့အဖွဲ့အစည်းအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုမှု ရရှိလာပြီးသောအခါတွင် ဥပဒေပြဋ္ဌာန်းချက်များဖြင့် လက်တွေ့ကျင့်သုံးနိုင်သော လူ့အခွင့်အရေးအဖြစ် ပြောင်းလဲသွားနိုင်သည်။ ကျွန်ပြုခံရခြင်းမှ ကင်းလွတ်ခွင့်သည် လူ့အခွင့်အရေးဖြစ်သင့်ကြောင်း လွန်ခဲ့သော နှစ်ရာပေါင်းများစွာက စတင်တောင်းဆိုခဲ့သော အခွင့်အရေးမျိုးဖြစ်သည်။ ယခုအခါ ထိုအခွင့်အရေးကို လူ့အဖွဲ့အစည်းတိုင်းက အသိအမှတ်ပြုထားသဖြင့် ဥပဒေပြဋ္ဌာန်းချက်များလုပ်ကာ လက်တွေ့ကာကွယ်ပေးရမည့် လူ့အခွင့်ရေးအဖြစ် လက်ခံထားပြီးဖြစ်သည်။ ကိုယ်ဝန်ဖျက်ချမှုအခွင့်အရေးသည် အမျိုးသမီးများ၏ အခွင့်အရေးဖြစ်ကြောင်း တောင်းဆိုမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေလေပြီ။ ထိုအခွင့်အရေးကို လူ့အဖွဲ့အစည်းအတွင်း အသိအမှတ်ပြုမှုရရှိလာအောင် တောင်းဆိုသူများက စည်းရုံးလှုပ်ဆော်ရပေဦးမည်။ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအလိုက် ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုမှုမရသေးခင်အထိ ထိုတောင်းဆိုမှုမှာ လူ့အခွင့်အရေး အဖြစ်သို့ ပြောင်းလဲသွားသည်။ ထို့ကြောင့် လူ့အခွင့်အရေးအဖြစ် အသိအမှတ်ပြုမှုရရှိလာရေးမှာ တောင်းဆိုမှုသက်သက်ဖြင့် မရရှိနိုင်ပဲ လူ့အဖွဲ့အစည်း၏ အသိအမှတ်ပြုမှုပါ လိုအပ်သည်။

## ပင်မအခွင့်အရေးနှင့် ဆင့်ပွါးအခွင့်အရေး
(Core rights and derivative rights)

လူ့အခွင့်အရေးအားလုံးသည် တန်းတူအဆင့်အတန်းနှင့် တန်ဖိုးရှိသည်ဟု မဆိုနိုင်ပါ။ အချို့သော အခွင့်အရေးများမှာ အခြားအခွင့်အရေးများ ကိုပြန့်ပွါးစေသောအခွင့်အရေးမျိုးဖြစ်သည်။ တနည်းအားဖြင့် အချို့သော အခွင့်အရေးများမှာ အခြားအခွင့်အရေးများကို အခြေခံ၍သာ ဖြစ်ပေါ်လာရသည်။ လိုတိုရှင်းပြောရလျှင် အခြားအခွင့်အရေးများကို ဖြစ်ပေါ်စေသော အခွင့်အရေးကို ပင်မအခွင့်အရေး(core rights) ဟုခေါ်သည်။ အမာခံအခွင့်အရေးကိုမှီ၍သာ ဖြစ်ပေါ်လာရသော အခွင့်အရေးများကို ဆင့်ပွါး အခွင့်အရေး(derivative rights) ဟုခေါ်သည်။ သို့သော် ထိုသို့သော ပင်မအခွင့်အရေးနှင့် ဆင့်ပွါးအခွင့်အရေးများသည် တူညီသော အခွင့်အရေးများ၏မိသားစု (rights family of a group of rights) တခုသဖွယ်ရပ်တည်နေကြသည်။ ဖြစ်ရိုးဖြစ်စဉ်မှာ ပင်မအခွင့်အရေးကို အာမခံချက်မရှိပါမှ ဆင့်ပွါးအခွင့်အရေး ကျင့်သုံးခွင့်ရရေးမှာ လွယ်ကူသည်။ ထုတ်ဖေါ်ပြောဆိုမှုလွတ်လပ်ခွင့်(freedom of expression)သည် ပင်မအခွင့်အရေးဖြစ်သည်။ ထိုအခွင့်အရေးကို အခြေခံ၍သာ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး ကိစ္စများတွင် ထုတ်ဖေါ်ပြောဆိုမှု လွတ်လပ်ခွင့်များရလာသည်။ ထုတ်ဖေါ်ပြောဆိုမှု လွတ်လပ်ခွင့်ကို အာမခံထားခြင်းမရှိသော လူ့အဖွဲ့အစည်းတွင် နိုင်ငံရေးအရလွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုမှုရရှိရန်မှာ မဖြစ်နိုင်ချေ။ ထို့ကြောင့် နိုင်ငံရေးအရထုတ်ဖေါ် ပြောဆိုမှု လွတ်လပ်ခွင့်ဆိုသော ဆင့်ပွါးအခွင့်အရေးထက် ထုတ်ဖေါ်ပြောဆိုမှု လွတ်လပ်ခွင့်ဟူသော ပင်မခွင့်အရေးက ပို၍အဓိကကျသည်ကို တွေ့နိုင်သည်။ လူ့အခွင့်အရေးနှင့်ပတ်သက်၍ လေ့လာလျှင် သို့မဟုတ် ဝေဖန်ပိုင်းခြားလျှင် ပင်မအခွင့်အရေး၊ ဆင့်ပွါးအခွင့်အရေး ရှုဒေါင့်အမြင်မှလည်း ချဉ်းကပ်ရန်လိုအပ်သည်။

## အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနှင့် ယဉ်ကျေးမှုနှင့်ကိုက်ညီသောလူ့အခွင့်အရေး
(Universal human rights versus cultural reletivism)-

လူ့ခွင့်အရေးသည် လူသားအားလုံး ခွဲခြားမှုမရှိပဲ တန်းတူညီတူပိုင်ဆိုင်သော အခွင့်အရေးဖြစ်သည်။ ထိုအခွင့်အရေးများသည် မည်သည့်နေရာဒေသ၌နေထိုင်သူမဆို အားလုံးပိုင်ဆိုင်သည်။ လူ့အဖွဲ့အစည်းတခုခုတွင် ခံစားကျင့်သုံးနိုင်သော လူ့အခွင့်အရေးသည် အခြားသော လူ့အဖွဲ့အစည်းများတွင်လည်း ထို့နည်းတူစွာပင် ခံစား၊ ကျင့်သုံးနိုင်ခွင့်ရှိသည်ဟုဆိုသည်။ ထိုအယူအဆကို တကမ္ဘာလုံး စံတခုတည်းသာဖြစ်သော လူ့အခွင့်အရေး(ဝါ)အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး(universal human rights) အယူအဆ ဟုခေါ်သည်။

သို့သော် တချို့က အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး အယူအဆကို လက်မခံကြပေ။ ထိုသူများက ထောက်ပြကြသည်မှာ ယနေ့လူ့အခွင့်အရေးဟု ပြောနေသော အခွင့်အရေးများသည် အနောက်တိုင်းနိုင်ငံများတွင် ကျင့်သုံးသော အခွင့်အရေးကို တကမ္ဘာ

လုံးကကျင့်သုံးလာအောင် လိုက်လံစည်းရုံးခြင်းခံနေရသော လူ့အခွင့်အရေးမျိုးဖြစ်သည်ဟုဆိုသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို ရေးဆွဲစဉ်က အနောက်တိုင်းနိုင်ငံများက လွှမ်းမိုးထားပြီး ထိုနိုင်ငံများ၏ ယဉ်ကျေးမှုများနှင့် ကိုက်ညီသော အခွင့်အရေးများကိုသာ လူ့အခွင့်အရေးအဖြစ် ထည့်သွင်းခဲ့ကြသည်ဟု ထိုသူများကထောက်ပြကြသည်။ အနောက်တိုင်းယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် ကိုက်ညီသော လူ့အခွင့်အရေးသည် အနောက်တိုင်းနှင့် ယဉ်ကျေးမှု မတူသော လူ့အဖွဲ့အစည်းများအတွက် ကိုက်ညီချင်မှကိုက်ညီမည်ဟု ထောက်ပြကြသည်။ လူ့အခွင့်အရေးသည် သက်ဆိုင်ရာ လူ့အဖွဲ့အစည်းယဉ်ကျေးမှုနှင့် ကိုက်ညီသော အခွင့်အရေးမျိုးဖြစ်ရန်လိုသည်။ တကမ္ဘာလုံး အားလုံးတပြေးညီ ကိုက်ညီသောလူ့အခွင့်အရေးမျိုး မရှိနိုင်ဟု ဆိုသည်။ သက်ဆိုင်ရာလူ့အဖွဲ့အစည်းအလိုက် ယဉ်ကျေးမှုနှင့်ကိုက်ညီသော လူ့အခွင့်အရေးကို ဖေါ်ထုတ်ရမည်ဖြစ်သဖြင့် တကမ္ဘာလုံး စံတခုတည်းထားသော လူ့အခွင့်အရေးမျိုးမဖြစ်နိုင်၊ ယဉ်ကျေးမှုနှင့်လိုက်လျောညီထွေဖြစ်မည့် လူ့အခွင့်အရေးများသာဖြစ်ရမည်ဟု ဆိုသည်။ ထိုသို့ လူ့အခွင့်အရေးကို ယဉ်ကျေးမှုနှင့် ယှဉ်၍တည်ထောင်ကျင့်သုံးရန် တင်ပြသော အယူအဆကို ယဉ်ကျေးမှုနှင့်ကိုက်ညီသောလူ့အခွင့်အရေး (cultural relativism) အယူအဆဟုခေါ်သည်။

ယနေ့အချိန်တွင် လူ့အခွင့်အရေးလှုပ်ရှားသူများက လူ့အခွင့်အရေးစံတခုထားကာ တကမ္ဘာလုံး လိုက်နာကျင့်သုံးရေးကို တောင်းဆိုလှုပ်ရှားလျက်ရှိသည်။ လူ့အခွင့်အရေးကို တကမ္ဘာလုံးအတိုင်းအတာစံသတ်မှတ်မှုကို လက်မခံလိုသူများက ၎င်းတို့လူ့အဖွဲ့အစည်း ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေဖြစ်မည့် လူ့အခွင့်အရေးကိုသာ လက်ခံကျင့်သုံးနိုင်မည်ဖြစ်ကြောင်းပြောကာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး အယူအဆကို ပယ်ချကြသည်။ ကံအားလျော်စွာ ထိုနိုင်ငံများသည် လူ့အခွင့်အရေးချိုးဖေါက်မှုရှိနေသည်ဟု အနောက်တိုင်း နိုင်ငံများက ဝေဖန်ခံထားရသောနိုင်ငံများလည်းဖြစ်နေသည်။ ထို့ကြောင့် ထိုခေါင်းဆောင်များက အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကို ပယ်ချရခြင်းမှာ မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသော လူ့အခွင့်အရေးချိုးဖေါက်မှုများကို ကာကွယ်လို၍ဖြစ်ကြောင်း ဝေဖန်ကြသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အယူအဆကို ပယ်ချသောနိုင်ငံများက အနောက်နိုင်ငံများသည် လူ့အခွင့်အရေးကို အကြောင်းပြု၍ တခြားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေသည်ဟု စွပ်စွဲကြသည်။ ထို့ကြောင့်အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအယူအဆနှင့် ယဉ်ကျေးမှုနှင့်ကိုက်ညီသော လူ့အခွင့်အရေးအယူအဆတို့အကြား အငြင်းပွါးမှုမှာ လူ့အခွင့်အရေး အပေါ်အခြေခံငြင်းခုန်မှုမှသည် နိုင်ငံရေးငြင်းခုန်မှုအသွင်သို့လည်း ပြောင်းသွားသည်။

သို့သော် ထိုနိုင်ငံရေးအငြင်းပွါးမှုများကို ဖယ်ရှားပြီးသည့်တိုင်အောင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး အယူအဆနှင့် ယဉ်ကျေးမှုနှင့်ကိုက်ညီသော လူ့အခွင့်အရေးအယူအဆနှစ်ခုအားပြိုင်မှု ဆုံးခန်းတိုင်သွားမည်ဟု မပြောနိုင်သေးပေ။ ထိုအယူအဆနှစ်ခုတွင် အတွေးအခေါ်အရ လေးနက်သောအဓိပ္ပါယ်များ ပါဝင်နေသည်ကို တွေ့နိုင်သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အယူအဆသည် လူ့ခွင့်အရေးကို ဤကမ္ဘာပေါ်ရှိ စံတမျိုးတည်းဖြင့် လူသားအားလုံး ခွဲခြားမှုမရှိပဲ ပိုင်ဆိုင်ကျင့်သုံး ခံစားနိုင်ခွင့်ရှိသည်ဆိုသော အယူအဆဖြစ်သည်။ ထိုအယူအဆကိုအားပေးထောက်ခံသူများက လူမှု

ရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်အလာ၊ အသားအရောင်၊ လူမျိုး၊ ဘာသာ၊ နိုင်ငံရေးယုံကြည်မှု အစရှိသော လူမှုရေးကွဲပြားခြားနားမှုများကြောင့် လူ့အခွင့်အရေးကို ခွဲခြားခံစားစေရန် အကြောင်းအရင်းမဟုတ်ဟု ယုံကြည်ကြသည်။

ယဉ်ကျေးမှုနှင့်ကိုက်ညီသော လူ့အခွင့်အရေး အယူအဆကို ယုံကြည်သူများက လူသားတိုင်း လူ့အခွင့်အရေး ပိုင်ဆိုင်ကျင့်သုံးနိုင်သည်ဆိုသောအချက်ကို မငြင်းပေ၊ သို့သော် လူ့ယဉ်ကျေးမှုကွဲပြားခြားနားချက်များရှိရာ ယဉ်ကျေးမှုနှင့်လိုက်လျော ညီထွေဖြစ်မည့် လူ့အခွင့်အရေးကို တည်ထောင်ကျင့်သုံးရန် လိုအပ်သည်။ ယဉ်ကျေးမှုသည် လူ့အခွင့်အရေး၏ အဓိကအရင်းအမြစ် ဖြစ်ရမည်၊ မိမိတို့လူ့အဖွဲ့အစည်းနှင့် ကိုက်ညီသော လူ့အခွင့်အရေးကို မိမိတို့လူ့အဖွဲ့အစည်းကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်၊ ယဉ်ကျေးမှု(အနောက်တိုင်းယဉ်ကျေးမှု) တမျိုးတည်းအတွက်သာသင့်တော်သော လူ့အခွင့် အရေးစံများကို ကွဲပြားခြားနားသည့် ယဉ်ကျေးမှုရှိသော လူ့အဖွဲ့အစည်းများအတွင်း၌ပါ သွတ်သွင်းဖို့ကျိုးပမ်းခြင်းသည် တခြားသောယဉ်ကျေးမှုများ တည်ရှိနေမှုကို အသိအမှတ်ပြုရာမရောက်သည့်အပြင် ဖျက်ဆီးခြင်းနှင့် ပင်တူသည်၊ စသည်ဖြင့် လူ့အခွင့်အရေး သတ်မှတ်မှုတွင် ယဉ်ကျေးမှုအရေးပါပုံကို ဦးစားပေးပြောကြားလေ့ရှိသည်။

**အနောက်တိုင်းယဉ်ကျေးမှု တမျိုးတည်းအတွက်သာ သင့်တော်သောလူအခွင့်အရေးစံများကိုကွဲပြားခြားနားသည့်ယဉ်ကျေးမှုရှိသော လူ့အဖွဲ့အစည်းများအတွင်း၌ပါ သွတ်သွင်းဖို့ကျိုးပမ်းခြင်းသည် တခြားသောယဉ်ကျေးမှုများ တည်ရှိနေမှုကို အသိအမှတ်ပြုရာမရောက်သည့်အပြင် ဖျက်ဆီးခြင်းနှင့်ပင်တူသည်၊**

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးအယူအဆနှင့် ယဉ်ကျေးမှုနှင့် လိုက်လျောညီ ထွေဖြစ်မည့် လူ့အခွင့်အရေး အယူအဆနှစ်ခု အားပြိုင်မှုတွင် သိသာထင်ရှားသော အချက်များတွင် အောက်ပါတို့ ပါဝင်သည်။

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး အယူအဆကို အားသန်သော နိုင်ငံများမှာ အနောက်တိုင်းနိုင်ငံများဖြစ်သည်။ ထိုနိုင်ငံများက နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေး (civil and political rights)များ အဓိကဖြစ်သော တဦးခြင်း လွတ်လပ်မှုအခွင့်အရေး (individual freedom) ကိုဦးစားပေးပြီး ထိုအခွင့်အရေးများကို ကမ္ဘာ့နိုင်ငံအားလုံးက စံတခုတည်းဖြင့် သတ်မှတ်ကာ ကျင့်သုံးရေးကို တောင်းဆိုသည်။ ဥပမာ လူတိုင်း လွတ်လပ်မှုအခွင့်အရေးရှိသည်၊ မည်သူတဦးတယောက်မျှ နှိပ်စက်ညှဉ်းပမ်းမှုမခံထိုက်စေရ၊ လူတိုင်းဥပဒေ၏ ကာကွယ်စောင့်ရှောက်ခွင့်ကို ညီတူညီမျှခံစားပိုင်ခွင့်ရှိသည်၊ အစရှိသော *လူပုဂ္ဂိုလ်တဦးချင်းစီ* ကို အခြေခံသည့် အခွင့်အရေးများကို လူသားအားလုံးကို လွှမ်းခြုံသည့် (*လူတိုင်း၊ မည်သူတဦးတယောက်မျှ၊ မည်သူမဆို* အစရှိသည့် ဝေါဟာရသုံးသော) ပြဋ္ဌာန်းချက်များဖြင့် တကမ္ဘာလုံး စံတခုတည်းရှိရေးကို တောင်းဆိုသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွင်ဖော်ပြထားသော ပြဋ္ဌာန်းချက်များအားလုံးလိုလိုမှာ လူ့ခွင့်အရေးကို တကမ္ဘာလုံး စံတခုတည်းထား၍ ကျင့်သုံးနိုင်ရေး ပြဋ္ဌာန်း ချက်များဖြစ်သည်။ ထိုကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်များသည် အနောက်တိုင်း

နိုင်ငံများ၏ ယဉ်ကျေးမှုနှင့်ကိုက်ညီသော လူတဦးချင်းအခြေခံ နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးများသာဖြစ်ကြောင်း ယဉ်ကျေးမှုနှင့်ကိုက်ညီသောလူ့အခွင့်အရေး အယူအဆရှိသူများက ဝေဖန်ကြသည်။ ထို့ကြောင့် ထိုသို့ဝေဖန်သူများက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းသည်ပင် ယဉ်ကျေးမှုအားလုံးနှင့် ကိုက်ညီသော လူ့အခွင့်အရေး ပြဋ္ဌာန်းချက်များမဟုတ်ကြောင်း ထုတ်ဖော်ပြောဆိုသည်။ ဥပမာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ်(၁၆)တွင် ပြဋ္ဌာန်းထားသော အရွယ်ရောက်သူ အမျိုးသား၊ အမျိုးသမီးများ၏ လပ်ထပ်ထိမ်းမြားမှု လွတ်လပ်ခွင့်သည် လူမျိုးအသီးသီး၏ ယဉ်ကျေးမှုအားလုံး၊ ဓလေ့ထုံးတမ်းအားလုံးနှင့် ကိုက်ညီသော ပြဋ္ဌာန်းချက်မဟုတ်ပေ။

နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး အခွင့်အရေးသည် တဦးချင်းအခွင့်အရေးကို ဦးစားပေးသောအခွင့်အရေးများဖြစ်သည်။ ယဉ်ကျေးမှုနှင့်ကိုက်ညီသောလူ့အခွင့်အရေး အယူအဆသည် လူအဖွဲ့အစည်း၏ တခုလုံးခွင့်အရေး (collective rights) ကို ဦးစားပေးသော အယူအဆပေါ်တွင် အခြေခံသည်။ ထို့ကြောင့် တဦးချင်းအခွင့်အရေးများဖြစ်သော နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများကို ရှေ့တန်းတင်ခြင်းသည် လူ့အဖွဲ့အစည်းအခွင့်အရေး အယူအဆနှင့် အမြဲတမ်းတသမတ်တည်း ကိုက်ညီမှုမရှိနိုင်ကြောင်း ယဉ်ကျေးမှုနှင့် ကိုက်ညီသောလူ့အခွင့်အရေး အယူအဆရှိသူများက ထောက်ပြကြသည်။

ထို့ကြောင့် လူ့အခွင့်အရေး အယူအဆနှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားရာတွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးအယူအဆနှင့် ယဉ်ကျေးမှုနှင့်လိုက်လျောညီထွေ ဖြစ်မည့်လူ့အခွင့်အရေး အယူအဆ ကွဲပြားခြားနားမှုရှိသည်ကိုလည်း ထည့်သွင်းစဉ်းစားရပေမည်။

## လူ့အခွင့်အရေးများအားလုံး ခွဲခြားမရပဲ တဆက်တစပ်တည်းရှိခြင်း
(Indivisibility of human rights)-

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးအယူအဆနှင့် ယဉ်ကျေးမှုနှင့် ကိုက်ညီသောလူ့အခွင့်အရေးအယူအဆ နှစ်ခုအကြား အားပြိုင်မှုနှင့်ဆက်စပ်နေသော အခြားအတွေးအခေါ်အယူအဆတခုမှာ လူ့အခွင့်အရေးအားလုံး ခွဲခြားမရပဲ တဆက်တစပ်တည်းရှိမှု (indivisibility of human rights) အယူအဆဖြစ်သည်။ ယနေ့ပြောဆိုနေသော လူ့အခွင့်အရေးသည် အခွင့်အရေးအမျိုးအစားပေါင်းစုံကို စုပေါင်းထားသည်။ လူသားတယောက် ဂုဏ်သိက္ခာရှိစွာ အသက်ရှင်ရပ်တည်နိုင်ရေး၊ လွတ်လပ်မှုနှင့် လုံခြုံမှုခံစားနိုင်ရေး၊ အစရှိသည်တို့မှာ အခွင့်အရေးတမျိုးတည်းဖြင့် ပြည့်စုံလုံလောက်မှုမရှိပဲ အခွင့်အရေးမျိုးစုံ စုပေါင်းထားရှိပါမှ ဖြစ်နိုင်သည်။ ထို့ကြောင့်ပင် ကမ္ဘာ့ကုလသမဂ္ဂကိုယ်တိုင်ဦးဆောင်၍ လူ့အခွင့်အရေးမျိုးစုံအတွက် လူ့အခွင့်အရေးသဘောတူညီချက် မျိုးစုံကို ပြဋ္ဌာန်းကာ ထိုအခွင့်အရေးများအားလုံး လူတိုင်းခံစားရရှိ ကျင့်သုံးနိုင်ရေးကို တိုက်တွန်းပြောဆိုလျက်ရှိသည်။

သို့သော် အချို့သော လူ့အဖွဲ့အစည်း သို့မဟုတ် နိုင်ငံများတွင် အမျိုးစုံလှသော

လူ့အခွင့်အရေးများထဲမှ တချို့ကိုသာရွေးချယ်၍ မိမိတို့လူ့အဖွဲ့အစည်း၊ နိုင်ငံအတွင်း ကျင့်သုံးမည်ဟုဆိုသည်။ မြင်သာသော သာဓကမှာ ထင်ရှား၍အဓိကကျသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေပါ သဘောတူစာချုပ်များကိုပင် နိုင်ငံအများအပြားက လက်မှတ်ရေးထိုးမှုမပြုခြင်းမှာ လူ့အခွင့်အရေး အမျိုးအစား အနည်းအကျဉ်းကိုသာ ရွေးချယ်၍ ထိုနိုင်ငံတွင် ကျင့်သုံးမည်ဆိုသည်ကို ဖော်ပြနေသော အချက်ဖြစ်သည်။ ဥပမာ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေ၏ အရေးပါလှသော သဘောတူစာချုပ်နှစ်ခုဖြစ်သည့် နိုင်ငံသားနှင့်နိုင်ငံရေး အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (International Covenant on Civil and Political Rights) နှင့် စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights) ကို လက်မှတ်ရေးထိုးမှုမရှိခြင်းကြောင့် ထိုသဘောတူစာချုပ်ပြဋ္ဌာန်းချက်ပါ အခွင့်အရေးများကို မြန်မာပြည်သူများ ခံစားကျင့်သုံးနိုင်ရေးမှာ မြန်မာ့ပြည်တွင်း ဥပဒေအရ အာမခံချက်မရှိပဲ ဖြစ်နေရသည်။ မြန်မာနိုင်ငံကဲ့သို့ပင် နိုင်ငံအများအပြားမှာ ယနေ့ကမ္ဘာက အသိအမှတ်ပြုသော လူ့အခွင့်အရေးအားလုံးကို မိမိတို့နိုင်ငံပြည်တွင်း ဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းကာ ပြည်သူများ ခံစားကျင့်သုံးနိုင်အောင် လုပ်ဆောင်ခြင်းမရှိသေးသည်ကို တွေ့နိုင်သည်။ အားလုံးထဲမှ တချို့ကိုသာရွေးချယ်၍ ကျင့်သုံးလျက်ရှိသည်။ သို့သော် တနိုင်ငံနှင့်တနိုင်ငံ ရွေးချယ်ကျင့်သုံးခွင့်ပြုသော အခွင့်အရေးအမျိုးအစားမှာ အနည်းအများကွာခြားကြသည်။ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးအမျိုအစား အနည်းဆုံးကိုသာ ကျင့်သုံးခွင့်ပြုသော နိုင်ငံများစာရင်းတွင်ပါဝင်ပြီး စကင်ဒီနေဗီးယားနိုင်ငံများမှာ လူ့အခွင့်အရေးအမျိုးအစား အများဆုံး ကျင့်သုံသော နိုင်ငံများဖြစ်သည်။

**ယနေ့ပြောဆိုနေသော လူ့ အခွင့်အရေးသည် အခွင့်အရေးအမျိုးအစားပေါင်းစုံကို စုပေါင်းထားသည်။ လူသားတယောက် ဂုဏ်သိက္ခာရှိစွာအသက်ရှင်ရပ်တည်နိုင်ရေး၊ လွတ်လပ်မှုနှင့်လုံခြုံမှု ခံစားနိုင်ရေး၊ အစရှိသည်တို့မှာအခွင့်အရေးတမျိုးတည်းဖြင့် ပြည့်စုံလုံလောက်မှုမရှိပဲ အခွင့်အရေးမျိုးစုံ စုပေါင်းထားရှိပါမှ ဖြစ်နိုင်သည်။**

လူ့အခွင့်အရေးအမျိုးအစားများကို ရွေးချယ်ကျင့်သုံးခြင်းသည် သက်ဆိုင်ရာလူ့ အဖွဲ့အစည်း သို့မဟုတ် နိုင်ငံ၏ လူမှုရေး၊ စီးပွါးရေး၊ နိုင်ငံရေးစနစ်များအပေါ်တွင်လည်း များစွာမူတည်သည်။ အရင်းရှင်စီးပွါးရေးစနစ်ကို အခြေခံထားသည့် အနောက်တိုင်းနိုင်ငံများက နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးကို ပို၍အလေးထားပြီး ထိုအခွင့်အရေးများကိုသာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖြစ် တကမ္ဘာလုံးက ကျင့်သုံးစေလိုကြသည်။ နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်ရေးများသည် လူတဦးချင်းလွတ်လပ်မှုကို မြှင့်တင်၍ အစိုးရ၏အခန်းကဏ္ဍကို အနည်းဆုံးဖြစ်အောင် ပုံဖော်ရာတွင် အဓိကကျသော အခွင့်အရေးများဖြစ်သည်။ ထို့ကြောင့် ထိုအခွင့်အရေးများသည် အစိုးရ ဝင်ရောက်စွက်ဖက်မှုကို လျှော့ချထားနိုင်ပါမှ ပို၍အောင်မြင်နိုင်သော အရင်းရှင်စီးပွါးရေးစနစ်(laissez-faire) ကိုအထောက်အကူပြုနေသည်။ ထို့ကြောင့် ထိုနိုင်ငံများက လူ့အခွင့် အရေးအမျိုးစုံထဲမှ

နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးများကိုသာ အဓိကထား၍ ဦးစားပေးကျင့်သုံးရေးကို တင်ပြယင်းနှင့် ထိုအခွင့်အရေးမျိုးကိုသာ ရွေးချယ်ဖြစ်မှန်းမသိဖြစ်သွားသည်။

လူ့အခွင့်အရေးသဘောတူစာချုပ်များ ရေးသားပြဋ္ဌာန်းသော ကာလသည် ဒုတိယကမ္ဘာစစ်ပြီးခေတ် တနည်းအားဖြင့် အရှေ့အုပ်စု–အနောက်အုပ်စု အားပြိုင်မှု အားအကောင်းဆုံး အချိန်ကာလ၌ဖြစ်သည်။ အနောက်တိုင်းအရင်းရှင်နိုင်ငံများက နိုင်ငံသားနှင့် နိုင်ငံရေး ခွင့်အရေးများကိုသာ ဦးစားပေးပြောဆိုနေချိန်တွင် ဆိုဗီယက်ပြည်ထောင်စု ဦးဆောင်သော ကွန်မြူနစ်နိုင်ငံများက စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများကို အဓိကထားကျင့်သုံးရန် တင်ပြခဲ့သည် ထိုသို့တင်ပြရခြင်းမှာလည်း ထိုနိုင်ငံများ၏ နိုင်ငံရေးနှင့် စီးပွါးရေးစနစ်နှင့် အဓိက ပတ်သက်လျှက်ရှိသည်။ ကွန်မြူနစ်နိုင်ငံများသည် နိုင်ငံရေးအာဏာကို ဗဟိုဦးစီးစနစ်ဖြင့်ချုပ်ကိုင်၍ နိုင်ငံသားများအားလုံး စီးပွါးရေးအရ တန်းတူညီမျှမှုရှိအောင် လုပ်ဆောင်နေသဖြင့် တဦးချင်းလွတ်လပ်မှုအခွင့်အရေးကို အာမခံသည့် နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးများအစား စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများကို အဓိကထား တင်ပြလာကြသည်။ သို့ဖြင့် လူ့အခွင့်ရေးနှင့် ပတ်သက်လာလျှင် အနောက်တိုင်းအရင်းရှင်နိုင်ငံများက နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးကို ရွေးချယ်ကျင့်သုံးခြင်း၊ ဆိုဗီယက်ဦးဆောင်သော ကွန်မြူနစ်၊ ဆိုရှယ်လစ်နိုင်ငံများက စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများကို ရွေးချယ်ကျင့်သုံးရန် တင်ပြလာခြင်းကြောင့် လူ့အခွင့်အရေးကို ရွေးချယ်ကျင့်သုံးမှုမှာ စစ်အေးတိုက်ပွဲကာလ အတွင်း ထင်ထင်ရှားရှား ဖြစ်လာရသည်။ အမှန်မှာ ထိုကွဲပြားခြားနားမှုသည် အပြည်ပြည်ဆိုင်ရာ လူ့ခွင့်အရေးကြေညာစာတမ်းရေးဆွဲ သည့်အချိန်မှစတင်ခဲ့သည်။ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသော တသီးပုဂ္ဂလ NGO အဖွဲ့များက လူ့အခွင့်အရေးအားလုံးကို တပေါင်းတစည်းတည်းဖြင့် သဘောတူစာချုပ်တခုတည်းတွင် ရေးသားထည့်သွင်းလိုကြသော်လည်း ထိုအုပ်စုနှစ်ခုဖိအားကြောင်း နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး သဘောတူစာချုပ်ကတခု၊ စီးပွါးရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ သဘောတူစာချုပ်က တခုနှစ်ခု ကွဲပြားလာခဲ့ရသည်။

ယခုအခါ စစ်အေးတိုက်ပွဲပြီးဆုံးသွားပြီဆိုသော်လည်း ထိုခေတ်ခါက ရိုက်ခတ်မှုဖြစ်သော အဆိုပါလူ့အခွင့်အရေး အုပ်စုနှစ်ခု ကွဲပြားမှုမှာ ယနေ့တိုင် တည်ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများက ထိုသို့ လူ့အခွင့်အရေး ခွဲခြားထားမှုနှင့် ရွေးချယ်ကျင့်သုံးမှုကို တော်လှန်အံတုသည့်အနေဖြင့် လူ့အခွင့်အရေးများ အားလုံး ခွဲခြားမရပဲ တစုတစည်းတည်းရှိကြောင်း အယူအဆကို တင်ပြလာကြသည်။ မျက်မှောက်ခေတ် လူ့အခွင့်အရေးအတွေးအခေါ်များထဲတွင် လူ့အခွင်အရေးများ အားလုံး ခွဲခြားမရပဲ တဆက်တစပ်တည်း တည်ရှိနေခြင်းယူသော အယူအဆမှာ အားကောင်းစွာဖြင့် ချီတက်လျှက်ရှိသည်ကို တွေ့နိုင်သည်။ ။

ဦးခင်မောင်ဝင်း

ဥပဒေစိုးမိုးရေး

# ဆိုရှယ်လစ် ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေး – ကွန်မြူနစ် တရုတ်ပြည် အတွေ့အကြုံ

ခွန်ဥက္ကာ

၁၉၇၈ ခုနှစ်တွင် ကျင်းပသော တရုတ်ပြည်ကွန်မြူပါတီ၏ (၁၁)ကြိမ်မြောက် ဗဟိုကော်မတီအစည်းအဝေး၏ တတိယအကြိမ်မျက်နှာစုံညီ အစည်းအဝေးကြီးတွင် တရားဥပဒေ၏ဂုဏ်သိက္ခာနှင့် အာဏာသက်ရောက်မှုကို ထိန်းသိမ်းနိုင်ခဲ့သည့်အတွက် တရုတ်ပြည်၏သမိုင်းတွင် မှတ်တိုင်တရပ် ဖြစ်စေခဲ့သည်။ ထို့အပြင်တိုင်းပြည်၏ တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသော လမ်းကြောင်းတရပ်ပေါ်သို့ ပို့ဆောင်မြှင့်တင်ပေးခဲ့သော မဟာဗျူဟာတရပ်ဟုလည်း ဆိုနိုင်ပါ တယ်။ ဗဟိုအစိုးရရုံးစိုက်ရာ (Zhongnanhai)ဟောပြောပွဲတခုတွင် သမတကြီး ကျန်ဇီမင်း၏မိန့်ခွန်းအရ နိုင်ငံတော်ကို ဥပဒေစိုးမိုးရေးအရ အုပ်ချုပ်သွားရေးကို ဗွေဆော်ဦးတင်ပြခဲ့သည်။ သူ၏အဆိုအရ တိုင်းပြည်နှင့်လူမှုကိစ္စအဝဝကို ဥပဒေစိုးမိုးရေးအရ အုပ်ချုပ်သွားရန်မှာ ပါတီနှင့်အစိုးရ၏ အခြေခံမူဝါဒအဖြစ် ဦးစားပေးထားခြင်းပင်ဖြစ်ပါသည်။ မကြာခင်မှာပင် (၈) ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် (NPC)၏ (၄)ကြိမ်မြောက်အစည်းအဝေးတွင် နဝမမြောက် (၅)နှစ်စီမံကိန်းတရပ်၌ စီးပွါးရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုကိုလည်းကောင်း၊ ဥပဒေစိုးမိုးသောဆိုရှယ်လစ်နိုင်ငံတော်အဖြစ်ကိုလည်းကောင်း တည်ဆောက်သွားရန် ရေးဆွဲခဲ့သည်။ သက္ကရာဇ် (၂၀၀၀)သို့ရောက်ရှိမည့် ရေရှည်စီမံချက်တရပ်ကိုလည်း ရေးဆွဲခဲ့သည်။ ၁၉၉၇ ခုနှစ် စက်တင်ဘာလတွင် ကျင်းပသော(၁၅)ကြိမ်မြောက်အမျိုးသားပြည်သူ့ကွန်ဂရက်တွင် ဥပဒေစိုးမိုးသော ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရေးနှင့် ဆိုရှယ်လစ်တရားရေးစနစ် တည်ဆောက်ရေးတို့ကို တရုတ်လူမျိုးတို့၏ စရိုက်လက္ခဏာနှင့်အညီ သက္ကရာဇ် (၂၀၁၀)မတိုင်မီ အပြီးဆောင်ရွက်ရမည့် ဗျူဟာပင်ဖြစ်ပေသည်။

တရုတ်ပြည်သည် ဆိုရှယ်လစ်ဒီမိုကရေစီနှင့် တရားရေးစနစ်တို့ကို တည်ဆောက်သည့် သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်လိုက်ပြီဟုလည်း အဓိပ္ပါယ်ဖေါ်ဆောင်နိုင် ပါသည်။

## ခြေတလှမ်းတိုးလာသော ဥပဒေပြုရေး

ပြုပြင်ပြောင်းလဲရေးနှင့် ပွင့်လင်းရေးကြိုးပမ်းမှု တပြိုင်နက်တည်း တိုးတက်မှုအပေါ် တရုတ်အမျိုး အသားအခြေအနေများနှင့် လိုက်လျော်ညီထွေသော ဥပဒေပြုရေးစနစ် တရပ်ကို ဖေါ်ဆောင်နိုင်ခဲ့သည်ကို တွေ့ရသည်။ ၎င်းစနစ်တွင် လက်တွေ့အကောင်အထည်ဖေါ်နိုင်သော ဥပဒေပြုရေးလုပ်ထုံးလုပ်နည်းများနှင့် တည်ဆဲဥပဒေနှင့်နည်းဥပဒေများကို ပြန်လှန်စစ်ဆေးတည့်မတ်သည့် စနစ်အပါအဝင် တစုံလုံးပင်ဖြစ်ပေသည်။




**တီယန်နမ်မင်းရင်ပြင်**
**၁၉၈၉ခုနှစ် ကျောင်းသားများ ဦးဆောင်သော ဆန္ဒပြပွဲကာလအတွင်း မော်စီတုံး၏ ရုပ်ပုံနှင့်အပြိုင် ဒီမိုကရေစီ ကျောက်ရုပ်ကို ဆစ်ထုထားပုံမြင်ကွင်း၊ ဆန္ဒပြပွဲအား ဇွန်လ(၃-၄)ရက်များတွင် စစ်တပ်က ရက်စက်စွာ ဖြိုခွင်းခဲ့သည်။**

၎င်းဖေါ်ဆောင်မှုသည် ၁၉၇၈ နောက်ပိုင်း ဆိုရှယ်လစ်ဒီမိုကရေစီနှင့် တရားရေးစနစ်တည် ဆောက်မှုတွင် ထင်ရှားသောရလဒ်တခုဟု ဆိုနိုင်ပေသည်။ စာရင်းဇယားများအရ ၁၉၇၈ မှ ၁၉၉၈ ခုနှစ်ဖေဖေါ်ဝါရီလအထိ နှစ်(၂၀)ကာလအတွင်း အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် ၎င်း၏အမြဲတမ်းကော်မတီသည် ဥပဒေနှင့်သက်ဆိုင်သောဆုံးဖြတ်ချက်များ (၃၂၇)ခုကို စိစစ်ပြီးအတည်ပြုပေးနိုင်ခဲ့သည်။ ဆိုရှယ်လစ်ဈေးကွက်စီးပွါးရေးစနစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် တရားရေးစနစ်တရပ်ကိုတည်ဆောက်ရန် တောင်းဆိုမှုအသစ်ပေါ်ပေါက်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဆိုရှယ်လစ်ဈေးကွက်စီးပွါးရေးစနစ်အဆောက်အအုံ တည်ဆောက်ဖေါ်ဆောင်ရန်အတွက်၎င်း၊ ပြီးပြည့်စုံရန်အတွက်၎င်း၊ ပြည့်စုံသောတရားရေးစနစ်တရပ်၏ လမ်းညွှန်မှု၊ စည်းကမ်းချမှတ်မှုနှင့် အာမခံချက်ပေးမှုများပေါ်တွင် အဓိကမူတည်နေ၍ဖြစ်ပေသည်။ ထို့ကြောင့် အမျိုးသားပြည်သူကွန်ဂရက်သည် ဈေးကွက်စီးပွါးရေးစနစ် ဖွံ့ဖြိုးတိုးတက်မှုချောမွေ့စေရန် ဥပဒေပြုရေးကို လွန်ခဲ့သောနှစ်များက အရှိန်အဟုန်ဖြင့်လုပ်ဆောင်ခဲ့သည်။ ထိုမျှသာမက နဝမအကြိမ်မြောက် ပြည်သူ့အမျိုးသားကွန်ဂရက်သည် ဥပဒေအရ အာဏာသက်ရောက်မှုကို စိစစ်ခြင်း၊ ဥပဒေစိုးမိုးရေးသို့ဦးတည်သော ခိုင်မာသည့်ခြေလှမ်းများကိုဖေါ် ဆောင်ခြင်းများ ပြုလုပ်ခဲ့သည်။ တချိန်တည်းမှာပင် နိုင်ငံတော်ကောင်စီသည် အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေ (၇၅၀)ကျော်ကို ပြဋ္ဌာန်းခဲ့သည်။ ဒေသန္တရဆိုင်ရာအမိန့် (၅၃၀၀)ကျော်ကိုလည်း ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့သည်။ နိုင်ငံတော်ကောင်စီနှင့် ဒေသဆိုင်ရာ ပြည်သူ့အစိုးရများ

အောက်ရှိ ဌာနအသီးသီးတို့အနေနှင့်လည်း အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲခြင်း၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းပြုလုပ်နိုင်ခဲ့သည်။ ဥပဒေပြုရေးတွင် ကြီးမားသောရလဒ် ရရှိခြင်း၏အဓိက အကြောင်းအရင်းတရပ်မှာ ပြုပြင်ပြောင်းလဲရေးနှင့် ပွင့်လင်းမှုကိုအခြေခံသော ဥပဒေပြုရေးစနစ် တစစ ပြည့်စုံလာခြင်းကြောင့် ဖြစ်သည်။ ယခုတရားရေးစနစ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံသော အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် ၎င်း၏အမြဲတမ်းကော်မတီကို အဓိက ဥပဒေပြုရေးအာဏာပိုင်အဖြစ် ထပ်မံအခြေခံပြီး အဆင့်ဆင့်ဥပဒေပြုရေးမှုကို လိုက်နာသော တရားရေးစနစ် ဖြစ်သည်။ ထို့အပြင် ပြုပြင်ပြောင်းလဲရေးနှင့် ပွင့်လင်းမှုအစီအစဉ်သို့ဦးတည်သော တရားရေးစနစ်အဖြစ် ကျွမ်းကျင်စွာကိုင်တွယ်ပေးခြင်းလည်း ဖြစ်သည်။

ယင်းကာလမှာပင် ပြည်သူ့တရားရုံးများနှင့် တရားရေးဝန်ထမ်းများသည်လည်း တိုးတက်အောင်မြင်မှုများကို ဆောင်ရွက်နိုင်ကြသည်။ လက်ရှိအခြေအနေတွင် တိုင်းပြည်၌ အဆင့်အသီးသီးမှ ပြည်သူ့တရားရုံးများ (၁၇၄၁၁) ပြည်သူ့တရားရုံး ရဲအမှုထမ်း (၂၈၀၀၀၀)ကျော်နှင့် ပြည်သူ့အမှုလိုက် ရဲ(၁၉၀၀၀၀)အပြင် ပြည်သူ့ရဲ (၁.၉)သန်းကျော် ရှိသည်။

ရှေ့နေများ၏ အရည်အသွေးမြှင့်တင်မှုမှာလည်း တိုးတက်လာသည်ဟု ဆိုနိုင်သည်။ (၁၉၈၀)ခု နှစ် တရားရေးစနစ်ကို ပြန်လည်ပြုပြင်တည်ဆောက်နိုင်သည့် အချိန်မှစ၍ တရုတ်ရှေ့နေများသည် အစိုးရဌာနအမှုထမ်းများဘဝမှ လူမှုရေးဥပဒေအကျိုးဆောင်လုပ်သားများဘဝသို့ ကူးပြောင်းလာခဲ့သည်။ ဥပဒေအကျိုးဆောင်လုပ်ငန်းသည် ဈေးကွက်စီပွါးရေးကာလသို့ဦးတည်သော စီမံချက်အတွက် ပြုပြင်ပြောင်းလဲတည်ဆောက်လိုက်သော တရုတ်ပြည်၏ တရားရေးစနစ်လမ်းကြောင်း၏ အမှတ်အသားလည်းဖြစ်ပေသည်။

ရှေ့နေများ၏ အရည်အချင်းမြှင့်တင်နိုင်ရေးအတွက် တရားရေးဝန်ကြီးဌာနသည် ပြည်လုံးကျွတ်ရှေ့နေ အရည်အချင်းစစ်စာမေးပွဲကြီးကို ၁၉၈၆ ခုနှစ်မှစ၍ စတင်ပြုလုပ်ခဲ့သည်။ (၁၉၉၈)ခုနှစ်ထိဆိုလျှင် ယင်းသို့သောစာမေးပွဲမျိုး (၁၀)ကြိမ် ကျင်းပပေးပြီးဖြစ်သည်။ ယခုအခါ တရုတ်ပြည်တွင်မှတ်ပုံတင်ပြီးသော ရှေ့နေပေါင်း (၁)သိန်းကျော်ရှိပြီး ရှေ့နေအကျိုးဆောင်လုပ်ငန်းရုံးပေါင်း (၈၄၀၀)ကျော်ရှိ သည်။

## ဥပဒေပညာပေးရေးနှင့် ဥပဒေအာဏာသက်ရောက်ရေးကိုကြီးကြပ်ကွပ်ကဲခြင်း

၁၉၈၆ ခုနှစ်စ၍ တပြည်လုံးအတိုင်းအတာဖြင့် ပြည်သူများ၏ အရည်အသွေးမြင့်မားရေးနှင့် ဥပဒေအပေါ်ဝေဖန်ပိုင်းခြားနိုင်သည့် အသိတရားရရှိရေးအတွက် ပစ်မှတ်ထားပြီး လှုံ့ဆော်စည်းရုံးခဲ့သည်။ ဥပဒေပေးရေးနှင့် ဝါဒဖြန့်ချီရေးလုပ်ငန်းကိုစည်းရုံးရေးအရ တဆင့်ပြီးတဆင့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ (၁၂)နှစ်ကာလ အတွင်း သန်းပေါင်းများစွာသော ပြည်သူများသည် ဥပဒေ၏ အခြေခံသဘောတရားများကို ပညာပေးရေးမှတဆင့် လက်ခံရရှိကြသည်။ ထို့ကြောင့် (Zhongnanhai)သည် အမြင့်မားဆုံးသော ဥပဒေစာသင်ခန်းကြီးသဖွယ် ဖြစ်လာခဲ့သည်။ ၁၉၉၄ ဒီဇင်ဘာလကတည်း

က သမတကြီးကျန်ဇီမင်းနှင့် အခြားဗဟိုအာဏာပိုင်များသည် ဥပဒေဟောပြောပွဲ (၇)ကြိမ်မျှ တက်ရောက်ခဲ့ကြသည်။ လွန်ခဲ့သောနှစ်ကတည်းက အမျိုးသားပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီသည် အလားတူဟောပြောပွဲများကို ကျင်းပပြုလုပ်ခဲ့သည်။

ယင်းတို့မှာ တရားရေးစနစ်တည်ဆောက်ရေး အရှိန်အဟုန်မြှင့်ရန်အတွက် ပါတီနှင့် အစိုးရတို့၏ ခိုင်မာပြတ်သားသောဆုံးဖြတ်ချက်ကို ပေါ်လွင်စေပါသည်။ သို့သော်လည်း ငွေကျိုးပန်းမှုများနှင့် ဖီလာဆန့်ကျင်သော တရားရေးဌာန၏ပေါ့လျော့မှုများ၊ တရားမမျှတသောလုပ်ရပ်များ မကြာခဏပေါ်ပေါက်နေခြင်းများ ရှိခဲ့သည့်ပေါ် အဘက်ဘက်မှ စိုးရိမ်ပတ်သက်မှုများကိုလည်း ရှိနေပေသည်။

တရုတ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီလက်အောက်ရှိ နိုင်ငံရေးနှင့်ဥပဒေပြုရေးဆပ်ကော်မတီ၏ စုံစမ်းစစ်ဆေးချက်များအရ လက်ရှိဖြစ်ပေါ်နေသော ဥပဒေကျင့်သုံးမှုပြဿနာများကို အောက်ပါအတိုင်းအမျိုးအစား ခွဲခဲ့သည်။ ဥပဒေကျင့်သုံးသည့် ဌာနအတော်များများသည် ဥပဒေကျင့်သုံးရေးအပေါ်၌သာ အာရုံစူးစိုက်ကြပြီး ကြီးကြပ်ကွပ်ကဲသည့်လုပ်ငန်းကို မေ့လျော့ထားသည်ကို တွေ့ရသည်။ နယ်မြေအသီးသီးရှိ ဥပဒေကျင့်သုံးသောဌာနများသည် မိမိတို့အထဲ၌ ကြီးကြပ်ကွပ်ကဲသည့်စနစ်ရှိသော်လည်း ထိရောက်ပြီးတင်းကြပ်သော ဥပဒေကျင့်မှုဖေါ်ဆောင်ရာတွင် မအောင်မြင်သည်ကို တွေ့ရှိရသည်။ ဥပဒေကျင့်သုံးမှုကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းများကိုပုံမှန် သို့မဟုတ် လုပ်ငန်းပြီးမှ ဆောင်ရွက်လေ့ရှိသဖြင့် ဥပဒေချိုးဖေါက်မှုများကို အချိန်မှီနှင့်ထိရောက်မှုရှိအောင်လုပ်ဆောင်နိုင်ရန် မလွယ်ကူတော့ပေ။ ထို့ကြောင့် ပြည့်စုံ၍ထိရောက်မှုရှိသော ကြီးကြပ်ရေးစနစ်အတွက် တရားရေးမျှတမှုနှင့် ကြီးကြပ်ရေးအရှိန်အဟုန် တိုးမြှင့်မှုတို့ လိုအပ်ပေသည်။

အမျိုးသားပြည်သူ့ကွန်ဂရက်သည် နိုင်ငံတော်အာဏာ၏ အစိတ်အပိုင်းဖြစ်သည်နှင့်အညီ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းအဝဝကိုကြီးကြပ်ရန် အမြင့်ဆုံးတရားဝင်အာဏာပိုင်အဖွဲ့ဖြစ်သည်။ မကြာသေးခင်နှစ်များက အဆင့်ဆင့်သောပြည်သူ့ကွန်ဂရက်များသည် ကျယ်ပြန့်သောအတိုင်းအတာဖြင့် ဥပဒေကျင့်သုံးရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် စုံစမ်းစစ်ဆေးမှုများ တရားရေးဝန်ထမ်းများကို ခန့်အပ်ခြင်းနှင့် ဖြုတ်ပစ်ခြင်းများ စသည့်လုပ်ရပ်များဖြင့် တရားစီရင်ရေးဌာနအပေါ် ထိရောက်သောမကြာခဏကြီးကြပ်ကွပ်ကဲမှုများကို အသေအချာပြုလုပ်နိုင်ခဲ့သည်။

၁၉၉၃ ခုနှစ်မှ ၁၉၉၇ ခုနှစ်အကြား (၈)ကြိမ်မြောက်ကွန်ဂရက်၏ အမြဲတမ်းကော်မတီသည် ဥပဒေကျင့်သုံးရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှု (၂၃)ကြိမ်၊ ဥပဒေ (၂၁)ရပ်၏ အကောင်အထည်ဖေါ်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် ဥပဒေကျင့်သုံးရာတွင် လက်တွေ့ရင်ဆိုင်ရသော ပြဿနာများကို ဖြေရှင်းမှုအပေါ် ကြီးကြပ်ကွပ်ကဲခြင်းများ ပြုလုပ်နိုင်ခဲ့သည်။ ဥပမာအားဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေး၊ ပညာရေးတို့နှင့်ဆိုင်သော ဥပဒေကျင့်သုံးမှုများကို စုံစမ်းစစ်ဆေးခဲ့သည့်အတွက် ကျေးလက်တောရွာမှ ကျောင်းဆရာများ၏လစာ ထုတ်ပေးခြင်းနောက်ကျမှု ပြဿနာကို ဖြေရှင်းနိုင်ခဲ့သည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် လယ်သမားများ၏ ဝန်ထုတ်ဝန်ပိုးထိန်းသိမ်းကာကွယ်ရေး ကော်မရှင်မှ စည်းရုံးဖွဲ့စည်း ပေးလိုက်သော တရုတ်ပြည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရာစုနှစ်လှုပ်ရှားမှုအဖွဲ့နှင့် စာနယ်ဇင်းများပါဝင်မှုဖြင့် ဟွေးဟီ (Hunaihe)မြစ် ညစ်ညမ်းမှုပြဿနာကို

သက်ဆိုင်ရာအာဏာပိုင်များ အာရုံစိုက်လာအောင် ဆွဲဆောင်နိုင်ခဲ့သည်။ ရှန်စီနှင့်ဟီနန်ပြည်နယ် နယ်ခြားဒေသ ဇောင်ကွင်လင်း တောင်ပေါ်ရှိ ရွှေသတ္တုတွင်းအရိုင်းများ မဆင်မခြင်တူးဖေါ်မှုကိုလည်း ရပ်တန့်နိုင်ခဲ့သည့်အပြင် သတ္တုတွင်းဌာန၏ အမိန့်ကြော်ငြာများကို တပြည်လုံးအတိုင်းအတာဖြင့် ပြဋ္ဌာန်းနိုင်ခဲ့သည်။ အမျိုးသားပြည်သူ့ကွန်ဂရက်၏ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းသည် ဥပဒေကျင့်သုံးခြင်းကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် သတင်းစာနယ်ဇင်းနှင့်လူထုကို ကြီးကြပ်ကွပ်ကဲခြင်း လုပ်ငန်းနှစ်ခုကိုပူးတွဲဖေါ်ဆောင်သည့် ထိရောက်သောနည်းသစ်တရပ်ကိုလည်း ဖေါ်ဆောင်ခဲ့သည်ဟု ဆိုနိုင်ပေသည်။

**ဆိုရှယ်လစ်ဈေးကွက်စီးပွါးရေးစနစ် ဖွံ့ ဖြိုးတိုးတက်ရန်အတွက် တရားရေးစနစ်တရပ်ကိုတည် ဆောက်ရန် တောင်းဆိုမှုအသစ် ပေါ်ပေါက်လာခဲ့သည်။**

တချိန်တည်းမှာပင် အဆင့်အသီးသီးမှ ဒေသန္တရ ပြည်သူ့ကွန်ဂရက်များသည်လည်း ဥပဒေကျင့်သုံးရေးအပေါ် ကြီးကြပ်ကွပ်ကဲသည့် ထိရောက်သည့်နည်းနာများကို ရှာဖွေကြံဆလာကြသည်။ ပီကင်းမြို့တော် အုပ်ချုပ်ရေးအဖွဲ့ ပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီသည် ဘတ်ဂျက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှု လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်နိုင်ခဲ့သည်။ မြူနီစပါယ်အုပ်ချုပ်ရေးအဖွဲ့၏ ဘတ်ဂျက်အပေါ် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာ နည်းနာနှင့်အချက်အလက်များကို ရှင်းလင်းဖေါ်ပြနိုင်ခဲ့သည်။ မြူနီစပါယ် အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် အဓိကပြဿနာများအပေါ် အထက်သို့တင်ပြရန်ကိစ္စကိုလည်း ချမှတ်ခဲ့သည်။ ပုံစံအားဖြင့် မြို့ပြစီမံကိန်းနှင့်အဓိကဆောက်လုပ်ရေး လုပ်ငန်းကြီးများကို အမြဲတမ်းကော်မတီ၏ စစ်ဆေးအတည်ပြုချက် မရယူဘဲ လုပ်ဆောင်ရန် မဖြစ်နိုင်သဖြင့် အထက်သို့တင်ပြရန် လိုအပ်ရခြင်းဖြစ်ပေသည်။

လီအိုနင်းပြည်နယ်၏ ပြည်သူ့ကွန်ဂရက်သည် ပြည်နယ်အစိုးရအမှုထမ်းများ၏ လုပ်ငန်းကို ဝင်ရောက်စစ်ဆေးနိုင်သောစနစ်နှင့် ညွှန်ကြားချက်ပေးနိုင်သောစနစ်များကို ထုတ်ဖေါ်နိုင်ခဲ့သည်။ ပုံစံအားဖြင့် စိုက်ပျိုးရေးထွက်ကုန်များကို စီစစ်ခြင်း၊ သီးနှံများကို ဝယ်ယူသည့် ဈေးနှုန်းများကိုစီစစ်ခြင်း ရေသွယ်မြောင်း ကရိယာများကိုစစ်ဆေးခြင်းနှင့် ကုန်ထုတ်ကရိယာတို့ကို စစ်ဆေးခြင်းစသည်တို့ဖြင့် ပြည်နယ်တခွင်လုံး ခြုံငုံ၍ ဆောင်ရွက်နိုင်ခဲ့သည်။ ထိုသို့စစ်ဆေးရာမှ ပေါ်ပေါက်လာသောပြဿနာများကို ဖြေရှင်းရန်အတွက် သက်ဆိုင်ရာဌာနများကိုလည်း ညွှန်ကြားခြင်းများ ပြုလုပ်ခဲ့သည်။

ဟိုင်နန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီသည် အထက်တန်းပြည်သူ့တရားရုံး၏ လုပ်ငန်းများကိုဝင်ရောက်စစ်ဆေးရာတွင် မှားယွင်းစွာ တရားစီရင်မှုအတွက် တာဝန်ရှိသော တရားသူကြီးချုပ်တဦးကို ရာထူးမှဖယ်ရှားခဲ့သည်။ ချန်ဂျင်းပြည်နယ် ပြည်သူ့ကွန်ဂရက်သည် ပြည်နယ်၏သစ် တောဌာနလုပ်ငန်းကို စစ်ဆေးကြည့်ရာတွင် ညံ့ဖျင်းသောစီမံကွပ်ကဲမှုကြောင့် သစ်တောများပြုံးတီးရသည်ကို တွေ့ရှိခဲ့ရာ ဗျူရိုအကြီးအကဲကို ရာထူးမှထုတ်ပါယ်ခဲ့သည်။ ထပ်မံ၍ ဖေါ်ပြရလျှင် ဟိုင်နန် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီသည် ဟိုင်နန်ရှိအဆင့်ဆင့်သော ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီများ၏ ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ ပြဋ္ဌာန်းချက်တရပ်ကို ၁၉၉၈ ခုနှစ်၊ မေလ(၁)ရက်နေ့မှစ၍ ရေးဆွဲပြဋ္ဌာန်းလိုက်သည်။ (၈)နှစ်ကာလအတွင်း (၈)ကြိမ်ပြင်ဆင်

ဖြည့်စွက် ရေးဆွဲခဲ့သည်။ ဤအချက်သည် ဟိုင်နန်ပြည်နယ်၏ ပြည်သူ့ကွန်ဂရက်အနေဖြင့် တရားဝင်ဖြစ်ခြင်း၊ စုဖွဲ့မှုပီပြင်လာခြင်းနှင့် ပုံမှန်ဖြစ်လာခြင်း စသောလမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီဟုလည်း ဖေါ်ညွှန်းနေပေသည်။ တိုင်းပြည်တဝှမ်းလုံးရှိ ပြည်သူများ၏ ကြီးမားသော ကျေးဇူးသစ္စာဖြင့် နဝမမြောက် အမျိုးသားကွန်ဂရက်နှင့် ၎င်း၏အမြဲတမ်းကော်မတီသည် ဥပဒေကျင့်သုံးမှု ကြီးကြပ်ကွပ်ကဲခြင်းကို တင်းတင်းကြပ်ကြပ်ဆောင်ရွက်နိုင်ခဲ့သည်။ တရားစီရင်ရေး၌ လာဒ်စားမှုပြဿနာသည် လူထုတရပ်လုံးနှင့် များစွာသက် ဆိုင်နေသော ပြဿနာတရပ်ဖြစ်သည်နှင့်အညီ ယင်းပြဿနာဖြေရှင်းရန် အမျိုးသားပြည်သူ့ကွန်ဂရက်အနေဖြင့် ဗဟိုပြည်သူ့တရားရုံးချုပ်နှင့် ဗဟိုပြည်သူ့အကျိုးဆောင်ရုံးချုပ်တို့၏ အစီရင်ခံများကို လေ့လာရပေသည်။ ဗဟိုပြည်သူ့ တရားရုံးဆောင်ရွက်ချက်များသည် သိသာထင်ရှားသော ရလာဒ်များရရှိ ခဲ့သည်ဟု ဆိုနိုင်ပေသည်။ ။

ခွန်ဥက္ကာ

မှတ်ချက် ။ ။
၁၉၉၉၊ ဩဂုတ်လ (၁၆)ရက်နေ့ထုတ် အတွဲ (၄၂)အမှတ် (၃၃)Beijing Review စာစောင်ပါ Lirongxia ၏ "Outstanding Result in Building A Legal System" ဆောင်းပါးကို ပြန်ဆိုပါသည်။

ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေး

# အမေရိကန် သမတရွေးချယ်တင်မြှောက်ပုံစနစ်

ဘိုမှတ်ဆိတ် (ဥပဒေ)

အမေရိကန်သမတရွေးချယ်တင်မြှောက်ပုံစနစ်သည် ကမ္ဘာတွင် တမူထူးသော စနစ်ဖြစ်သည်။ သာမန်အားဖြင့်ကြည့်လျှင် အမေရိကန်သမတကို ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ်တင်မြှောက်သဖြင့် သွယ်ဝိုက်သောစနစ်ဖြင့် ရွေးချယ်တင်မြှောက်သည်ဟု မှတ်ယူနိုင်သည်။ သို့သော် အနှစ်သာရမှာ ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်တင်မြှောက်သောစနစ်သာဖြစ်သည်။ အမေရိကန်သမတ ရွေးချယ်တင်မြှောက်ပုံစနစ်ကို အောက်ပါအတိုင်း အဆင့်ဆင့် တင်ပြသွားပါမည်။

## သမတလောင်းရွေးချယ်မှု

အဓိကနိုင်ငံရေးပါတီကြီးနှစ်ခုဖြစ်သော ရီပါဘလစ်ကန်နှင့် ဒီမိုကရက်ပါတီများသည် တနိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံများကို သမတရွေးကောက်ပွဲမတိုင်မီ လအတန်ကြာကတည်းက ကျင်းပပြီး မိမိတို့ပါတီ၏ သမတ လောင်းများကို ရွေးချယ်ပေးကြသည်။ တသီးပုဂ္ဂလသမတလောင်းများလည်း သမတ ရွေးကောက်ပွဲများတွင် အရွေးခံနိုင်သည်။ သို့သော် အမေရိကန်သမိုင်းတွင် မည်သည့်တသီးပုဂ္ဂလ သမတလောင်းကမျှ အရွေးခံရဘူးခြင်းမရှိသေးပေ။

## ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖွဲ့စည်းမှု

အမေရိကန် ကွန်ဂရက်၏ လွှတ်တော်နှစ်ရပ်စလုံး၌ ပြည်နယ်အသီးသီးက ပါဝင်ဖွဲ့စည်းခွင့်ရထားသော ကိုယ်စားလှယ်ဦးရေ အရေအတွက်သည် သမတရွေးချယ်တင်မြှောက်ရေးအဖွဲ့ ဖွဲ့စည်းရာ၌ ပြည်နယ်များက ပါဝင်သော ရွေးချယ်တင်မြှောက်ရေးအဖွဲ့

၁၉၈၁– ၁၉၉၀ နှင့် ၁၉၉၁–၂၀၀၀ နှစ်များအတွင်းရွေးချယ် တင်မြှောက်ရေးအဖွဲ့ အဖွဲ့ဝင် အရေအတွက် ပြောင်းလဲလာပုံ

| *State* | *1981-1990* | *1991-2000* | *State* | *1981-1990* | *1991-2000* |
|---|---|---|---|---|---|
| Alabama | 9 | 9 | Missouri | 11 | 11 |
| Alaska | 3 | 3 | Montana | 4 | 3 |
| Arizona | 7 | 8 | Nebraska | 5 | 5 |
| Arkansas | 6 | 6 | Nevada | 4 | 4 |
| California | 47 | 54 | New Hampshire | 4 | 4 |
| Colorado | 8 | 8 | New Jersey | 16 | 15 |
| Connecticut | 8 | 8 | New Mexico | 5 | 5 |
| Delaware | 3 | 3 | New York | 36 | 33 |
| D.C. | 3 | 3 | North Carolina | 13 | 14 |
| Florida | 21 | 25 | North Dakota | 3 | 3 |
| Georgia | 12 | 13 | Ohio | 23 | 21 |
| Hawaii | 4 | 4 | Oklahoma | 8 | 8 |
| Idaho | 4 | 4 | Oregon | 7 | 7 |
| Illinois | 24 | 22 | Pennsylvania | 25 | 23 |
| Indiana | 12 | 12 | Rhode Island | 4 | 4 |
| Iowa | 8 | 7 | South Carolina | 8 | 8 |
| Kansas | 7 | 6 | South Dakota | 3 | 3 |
| Kentucky | 9 | 8 | Tennessee | 11 | 11 |
| Louisiana | 10 | 9 | Texas | 29 | 32 |
| Maine | 4 | 4 | Utah | 5 | 5 |
| Maryland | 10 | 10 | Vermont | 3 | 3 |
| Massachusetts | 13 | 12 | Virginia | 12 | 13 |
| Michigan | 20 | 18 | Washington | 10 | 11 |
| Minnesota | 10 | 10 | West Virginia | 6 | 5 |
| Mississippi | 7 | 7 | Wisconsin | 11 | 11 |
| | | | Wyoming | 3 | 3 |

မှတ်ချက်။ ။
အမေရိကန်ပြည်ထောင်စု ရွေးချယ်တင်မြှောက်ရေးကော်မရှင် မှတ်တမ်းကို ကိုးကားဖော်ပြသည်။

အဖွဲ့ဝင် အရေအတွက်လည်းဖြစ်သည်။ ပြည်နယ်အသီးသီးက ကွန်ဂရက်၏ လွှတ်တော်နှစ်ရပ်စလုံးတွင် ပါဝင်ခွင့်ရသောဦးရေအတိုင်း ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်ခွင့်ရသည်။ သို့သော် မည်သည့်ကွန်ဂရက်လွှတ်တော်ကိုယ်စားလှယ်မျှ ရွေးချယ်တင်မြှောက်ရေးအဖွဲ့၏ အဖွဲ့ဝင်ဖြစ်ခွင့်မရှိပေ။ ပြီးခဲ့သည့် (၂၀၀၀)ပြည့်နှစ်သမတရွေးကောက်ပွဲအတွက် ဖွဲ့စည်းသော ရွေးချယ်တင်မြှောက်ရေးအဖွဲ့ တနိုင်ငံလုံးအဖွဲ့ဝင်များမှာ (၅၃၈)ဦးဖြစ်သည်။ ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပြည်နယ်အသီးသီးက ပါဝင်ခွင့်ရသော ဦးရေမှာ သမတရွေးကောက်ပွဲတခုနှင့်တခုအကြား အနည်းငယ်စီ အပြောင်းအလဲရှိသည်။ တဖက်စာမျက်နှာ ဖေါ်ပြပါဇယားကို နှိုင်းယှဉ်ကြည့်လျှင် မည့်သည့် ပြည်နယ်များက ဦးရေမည်မျှ တိုး၍ပါဝင်ခွင့်ရလာပုံနှင့် ပြည်နယ်အသီးသီး ပါဝင်ခွင့်ရသော အရေအတွက်ကို သိနိုင်သည်။

## ရွေးချယ်တင်မြှောက်ရေးအဖွဲ့ အဖွဲ့ဝင် ရွေးကောက်ပွဲများ

ပြည်နယ်တိုင်းသည် ရွေးချယ်တင်မြှောက်ရေးအဖွဲ့၏ အဖွဲ့ဝင်နေရာကို တိုက်ရိုက်ရွေးကောက်ပွဲများဖြင့် ရွေးချယ်တင်မြှောက်ရသည်။ မဲဆန္ဒရှင်ပြည်သူများသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲပြားပေါ်တွင် ဖေါ်ပြထားသော ပါတီကိုယ်စားပြု သမတလောင်းများနှင့် တသီးပုဂ္ဂလ သမတလောင်းများ အနက်မှ မိမိတို့ နှစ်သက်သူကို မဲပေးရွေးချယ်ကြရသည်။ ပြည်သူများက ၎င်းတို့ကြိုက်နှစ်သက်သော သမတလောင်းနှင့် နိုင်ငံရေးပါတီတူသူများကိုသာ မဲပေးထောက်ခံကြသည်။ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်ရွေးချယ်သည်ဆိုသော်လည်း စင်စစ် ပြည်သူများက သမတလောင်းများကို မဲပေးနေခြင်းဖြစ်သည်။ မဲပြားများအားလုံးကို ပြည်နယ်တခုလုံးပေါင်း၍ ရေတွက်သဖြင့် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များ ရွေးသော မဲဆန္ဒနယ်မြေစနစ်သည် ပြည်နယ်အတိုင်းအတာ မဲဆန္ဒနယ်မြေ (Statewide constituency) ဖြစ်သည်။ ဥပမာ ဖလော်ရီဒါပြည်နယ်တွင် သမတရွေးချယ်တင်မြှောက်ရေးအဖွဲ့၌ အဖွဲ့ဝင်(၂၅)ဦးပါဝင်သည်။ ပြည်နယ်တခုလုံးမှ မဲဆန္ဒရှင်များအားလုံး၏ မဲအများစုက ထောက်ခံမှုပေးသော သမတလောင်းသည် ဖလော်ရီဒါ ပြည်နယ်မှ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင် (၂၅)ဦးစလုံးကို ပိုင်ဆိုင်သည်။ ပြီးခဲ့သည် ရွေးကောက်ပွဲတွင် ဒီမိုကရက်သမတလောင်း အယ်လ်–ဂိုးနှင့် ရီပါဘလီ ကန်သမတလောင်း ဂျော့ရှ–ဘုရ်ှ တို့ ရရှိသော ပြည်သူ့ထောက်ခံဆန္ဒမဲများမှာ မဲသန်းပေါင်းများစွာအနက်မှ ဂျော့ရှ–ဘုရ်ှ က ရာဂဏန်းမျှသာ အသာရရှိသော်လည်း အားလုံးပေါင်းအချိုးချလိုက်လျှင် စုစုပေါင်းအတည်ပြုနိုင်သော မဲအားလုံး၏ ထက်ဝက်စီခန့်ဖြစ်နေကြသည်ကိုတွေ့ရပေမည်။ မဲအချိုးအစားအရသာ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင် (၂၅)ဦးကို ခွဲတမ်းချပေးလျှင် ဂျော့ရှ်–ဘုရ်ှ က (၁၃)ဦး၊ အယ်လ်–ဂိုးက (၁၂)ဦးစီ ရရှိမည်ဖြစ်သည်။ သို့သော် (၂၅)ဦးစလုံးကို ဂျော့ရှ်–ဘုရ်ှ ကရရှိသွားသည်။ ဤနည်းဖြင့် ပြည်နယ်အသီးသီးတွင် မဲအနည်းငယ်ပင်ဖြစ်ပါစေ အနိုင်ရသောသူသည် ထိုပြည်နယ်၊ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင် ဦးရေအားလုံးကို အနိုင်ရရှိသည်။ ထို့ကြောင့် ပြည်နယ်တခုတွင် နိုင်ငံရေးပါတီတခုမှ ကိုယ်စားလှယ်လောင်းက အများစုအနိုင်ရလျှင် ထိုပြည်နယ်

တွင် ထိုပါတီက သမတရွေးကောက်ပွဲတွင် အနိုင်ရခြင်းနှင့်တူသည်။

ပြည်နယ်များတွင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များ ရွေးချယ်ရေးအတွက် ပြည်သူလူထုက မဲပေးမှုကို လူထုမဲ(popular vote) ဟုလည်းခေါ်သည်။

## ရွေးချယ်တင်မြှောက်ရေးအဖွဲ့က သမတအားရွေးချယ်မှု

ပြည်နယ်အသီးသီးမှ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များသည် သက်ဆိုင်ရာပြည်နယ်မြို့တော်များတွင်စုဝေးကာ သမတလောင်းများအနက်မှ တဦးကိုရွေးချယ်တင်မြှောက်ရသည်။ ပြည်နယ်အသီးသီးတွင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ ရွေးကောက်ပွဲ (ဝါ) လူထုမဲတွင် အနိုင်ရထားသော သမတလောင်းကိုသာ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များက မဲပေးကြသည်။ ထိုသို့မဲပေးနိုင်ရန်အတွက်ငှါ ၎င်းတို့အား ပြည်သူလူထုက မဲပေးရွေးချယ်လိုက်ခြင်းဖြစ်သည်။ ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် နိုင်ငံရေးပါတီမတူသူများပါဝင်နေစေကာမူ လူထုမဲတွင်အနိုင်ရသောသမတလောင်းသည် ထိုပြည်နယ်မှ ကိုယ်စားပြုခွင့်ရသော ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များအားလုံး၏ မဲကိုရရှိသည်။ လူထုမဲများသည် သမတအဖြစ် မည်သူ့ကိုမဲပေးရမည်ဟု ရွေးချယ်တင်မြှောက်ရေးအဖွဲ့အား လမ်းညွှန်ချက်ပေးလိုက်ခြင်းနှင့်တူ၏။ ထို့ကြောင့် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ မှ တဆင့်ကြားခံ၍ ရွေးချယ်သည်ဆိုသော်လည်း အနှစ်သာရမှာ အမေရိကန်သမတကို ပြည်သူလူထုမှ ရွေးချယ်ခြင်းနှင့်တူကြောင်း သုတေသီများက ထောက်ပြကြသည်။

## မဲရေတွက်မှု

ပြည်နယ်အသီးသီးမှ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များသည် ၎င်းတို့၏မဲစာရင်းကို ကွန်ဂရက်လွှတ်တော်သို့ပေးပို့ရသည်။ ကွန်ဂရက်လွှတ်တော်သည် ပြည်နယ်အသီးသီးမှပေးပို့သောမဲအားလုံးကို လွှတ်တော်နှစ်ရပ်ပေါင်းအစည်းအဝေးရှေ့မှောက်တွင် ရေတွက်သည်။ စုစုပေါင်းမဲအားလုံး၏ ထက်ဝက်ကျော်ရရှိသောသူကို သမတအဖြစ်ရွေးချယ်ခံရသူဖြစ်ကြောင်း ထုတ်ပြန်ကြေညာပေးသည်။ သမတလောင်းမှာ သုံးဦးနှင့် အထက်ဝင်ရောက်ယှဉ်ပြိုင်အရွေးခံပါက မဲများပြန့်နှံ့နေတတ်ပြီး ရန်ဖန်ရန်ခါ မည်သူမှ မဲအားလုံး၏ ထက်ဝက်ကျော်မရရှိပဲဖြစ်တတ်သည်။ ထိုအခါ ကွန်ဂရက်၏ အောက်လွှတ်တော်အမတ်များက ပြည်နယ်တခုတမဲနှုန်းဖြင့် မဲအများဆုံးရရှိသူ သမတလောင်းနှစ်ဦးအနက်မှတဦးကို မဲပေးရွေးချယ်ရသည်။ ထိုသို့ဖြစ်ခြင်းမျိုး အမေရိကန်သမိုင်းတွင် မရှိသေးပါ။ အဘယ်ကြောင့်ဆိုသော် သမတရွေးကောက်ပွဲအားလုံးတွင် ပါတီကြီးနှစ်ခုတည်းကသာ လက်ဝါးကြီးအုပ်ထားရာ နှစ်ဦးတည်းကို မဲပေးခြင်းနှင့်တူနေပြီး တဦးဦးမှာ သေချာပေါက် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်အားလုံး၏ မဲထက်ဝက်ကျော်ရရှိနေမြဲဖြစ်၍ပင်။

## ၂၀၀၀ ပြည်နှစ်ရွေးကောက်ပွဲပြသနာ

၂၀၀၀ ပြည်နှစ်၊ နိုဝင်ဘာလ(၇)ရက်နေ့က ကျင်းပခဲ့သော သမတရွေးကောက်ပွဲသည် ပါတီကြီးနှစ်ခု၏သမတလောင်းနှစ်ဦး မဲရေတွက်ရာတွင် သူမသာကိုယ်သမာ ကပ်လျက်ရှိနေသည်။ နောက်ဆုံး ဖလော်ရီဒါပြည်နယ်မှ ရွေးချယ်တင်မြှောက်ရေးအဖွဲ့(၂၅)ဦး၏မဲများကို မည့်သည့်သမတလောင်းက အနိုင်ရရှိသနည်းဟု အဆုံးအဖြတ်ပေးရမည့် အချိန်တွင် အယ်လ်–ဂိုး က (၂၆၆)မဲ ရရှိနေပြီး ဂျော့ရှ်–ဘုရ်ှ က ၂၅၆ မဲရရှိထားသည်။ ထို့ကြောင့် မည်သည့်သမတလောင်းမဆို ထို(၂၅)မဲရရှိလျှင် သမတအဖြစ် အရွေးခံရန်လိုအပ်သော(၂၇၀)မဲ ထက်ကျော်လွန်မည်ဖြစ်ရာ ထို(၂၅)မဲရရှိရေးမှာ သေရေးရှင်ရေးဖြစ်သည်။ ထိုအချိန်တွင် သမတလောင်း နှစ်ဦးစလုံးမှာ ဖလော်ရီဒါ မဲဆန္ဒရှင်များ၏ လူထုမဲများတွင် သူမသာကိုယ်မသာဖြစ်နေရာ ထိုမဲပြားများရေတွက်မှု၌ အမှားအယွင်းမရှိပဲ တိကျမှန်ကန်ရန်လိုအပ်သည်။ မဲပြားများကို ကွန်ပျူတာစက်ဖြင့် ပဏာမရေတွက်မှုအရ ဂျော့ရှ်–ဘုရ်ှ က မဲရာဂဏန်းမျှသာနေသည်။ ယခုနှစ်အသုံးပြုသော မဲပြားမှာ လိပ်ပြာပုံဖြစ်သဖြင့် ကွန်ပြူတာစက်ထဲ ထည့်၍မဲရေတွက်ခိုင်းရာ စက်ကမှန်ကန်တိကျစွာ မဖတ်နိုင်သဖြင့် မှားယွင်းမှုများရှိခဲ့ကြောင်း အယ်လ်–ဂိုး ဖက်မှ ကန့်ကွက်တင်ပြပြီး လက်ဖြင့် ရေတွက်ရန် တရားရုံး၌ တင်ပြခဲ့သည်။ ဖလေယ်ရီတာပြည်နယ် ဗဟိုတရားရုံးက အယ်လ်–ဂိုး တင်ပြမှုကိုလက်ခံပြီး လက်နှင့်ပြန်ရေတွက်ရန် အမိန့် ချမှတ်ပေးခဲ့သည်။ မဲပြားများကို လက်နှင့်ရေတွက်နေစဉ် ဂျော့ရှ–ဘုရ်ှ က လက်နှင့်ရေတွက်မှုကို ကန့်ကွက်ကြောင်း အမေရိကန်ပြည်ထောင်စုတရားရုံးချုပ်သို့တင်ပြခဲ့သည်။ ဗဟိုတရားရုံးချုပ်က ဂျော့ရှ်–ဘုရ်ှ တင်ပြသည့်အတိုင်း လက်နှင့်ရေတွက်မှု အဆုံးသတ်ရန် ဆုံးဖြတ် ချက်ချမှတ်ပေးလိုက်သောအခါ စက်နှင့်ရေတွက်မှုမှာ အတည်ဖြစ်သွားပြီး၊ ထိုစက်နှင့်ရေတွက်မှုတွင်အနိုင်ရသော တက္ကဆက်ပြည်နယ် အုပ်ချုပ်ရေးမှူးဖြစ်သူ ရီပါဘရီကန် သမတလောင်း ဂျော့ရှ်–ဘုရ်ှ က ဖလော်ရီဒါပြည်နယ် (၂၅)မဲစလုံးကို ရရှိသွားသည်။ သို့ဖြင့် ဂျော့ရှ်–ဘုရ်ှ မှာ အမေရိကန်ပြည်ထောင်စု၏ သမတအဖြစ် အရွေးခံရန် လိုအပ်သော ရွေးချယ်တင်မြှောက်ရေးအဖွဲ့မဲ (၂၇၀)ကျော်ရရှိသွားသဖြင့် သမတအဖြစ် အရွေးခံလိုက်ရသည်။

၂၀၀၀ ပြည့်နှစ် သမတရွေးကောက်ပွဲသည် အမေရိကန် သမတရွေးကောက်ပွဲသမိုင်းတွင် သမတလောင်းနှစ်ဦး မဲအနီးကပ်ဆုံးရရှိပြီး ရှုတ်ထွေးမှုအများဆုံးဖြစ်ခဲ့သည့် ရွေးကောက်ပွဲဟု မှတ်တမ်းတင်လိုက်ပြီဖြစ်သည်။ အရွေးခံရသော သမတ ဂျော့ရှ်–ဘုရ်ှ မှာလည်း ရွေးချယ်တင်မြှောက်ရေးအဖွဲ့မဲတွင် နှာတဖြားသာ၍ နိုင်သွားခြင်းသာဖြစ်ပြီး၊ တနိုင်ငံလုံး လူထုဆန္ဒမဲတွင်မူ အယ်လ်–ဂိုးက များနေသည်ကို တွေ့ရသည်။ ၂၀၀၀ ပြည့်နှစ် သမတရွေးကောက်ပွဲရလဒ်ကို တဖက်စာမျက်နှာပါ ဇယားတွင်လေ့လာနိုင်သည်။

အမေရိကန်ပြည်ထောင်စုတွင် ပြည်သူလူထုထောက်ခံမှု လျော့နည်းရရှိသော သမတလာင်းများ သမတအဖြစ် အရွေးခံရခြင်းမှာ ယခုအကြိမ်သည် ပထမဦးဆုံးမဟုတ်ပါ။ ယခင်က သုံးကြိမ်ရှိခဲ့ဘူးသည်။ ယခုတကြိမ်မှာ အရှုတ်ထွေးဆုံးဖြစ်သည်။ ထို့ကြောင့် အမေရိကန်သမတရွေးချယ်တင်မြှောက်ပုံစနစ်ကို ပြုပြင်ပြောင်းလဲရန် ယခင်ကတည်းက တင်ပြလာမှုများရှိရာ အခုအချိန်တွင် ထောက်ခံမှုမိုများများရလာသည်။ သို့

သော် ပြောင်းလဲဖြစ်မလားဆိုသည်မှာ မသေချာသေးပေ။ သမတဦးဆောင်အစိုးရစနစ်ရှိသည့် အခြားနိုင်ငံများတွင် သမတအား တိုက်ရိုက်မဲပေးစနစ်ဖြင့် ရွေးချယ်တင်မြှောက်နေချိန်တွင် အဘယ်ကြောင့် အမေရိကန်ပြည်ထောင်စုတွင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးနေရပါသနည်း–မေးစရာရှိပါသည်။ ထိုစနစ်ကို ရွေးချယ်ကျင့်သုံးရခြင်းအကြောင်းအရင်း အမျိုးမျိုးရှိနိုင်သည့်အထဲတွင်တချက်မှာ အမေရိကန်ပြည်ထောင်စုကို ဖက်ဒရယ်စနစ်ဖြင့် စုပေါင်းဖွဲ့စည်းထားခြင်းကြောင့်ဖြစ်သည်။ ဖက်ဒရယ်စနစ်ဖြစ်သည့်အားလျော်စွာ ပြည်နယ်ငယ်များ၏ နိုင်ငံရေးတန်းတူညီမျှမှုကို အတတ်နိုင်ဆုံးဖေါ်ဆောင်ပေးရန် လိုအပ်သည်။ ပြည်နယ်ကြီး(၁၀)ခုလောက်မှ လူဦးရေမှာ တနိုင်ငံလုံးလူဦးရေ၏ ထက်ဝက်ကျော်ရှိရာ အကယ်၍ သမတကို ပြင်သစ်၊ ဖိလစ်ပိုင် နိုင်ငံများမှာကဲ့သို့ ပြည်သူလူထုတိုက်ရိုက်ဆန္ဒမဲဖြင့်ရွေးချယ်လိုက်လျှင် ထိုပြည်နယ်ဆယ်ခုလောက်က သမတ ရွေးချယ်မှုတွင် အသာစီးရနေပြီး ပြည်နယ်ငယ်များ နစ်နာနေပေလိမ့်မည်။ ယခုအခါ အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ်(၅၀)ရှိပြီး အများစုမှာ အလွန်သေးငယ်သော ပြည်နယ်များဖြစ်သည်။ ရွေးချယ်တင်မြှောက်ရေးအဖွဲ့စနစ်ဖြင့် ကြားခံရွေးချယ်ခြင်းက တနိုင်ငံလုံး လူထု တိုက်ရိုက်မဲပေးစနစ်ထက် ထိုပြည်နယ်ငယ်များအဖို့ အခွင့်အရေး ပို၍သာသည်။ ထို့ကြောင့် ထိုစနစ်ကို အမေရိကန်ပြည်ထောင်စုကို ဖက်ဒရယ်စနစ်ဖြင့် စတင်တည်ထောင်ခဲ့သော လွန်ခဲ့သည့် အနှစ်(၂၀၀)ကျော်ကတည်းက ကျင့်သုံးလာခြင်းဖြစ်သည်။ လွယ်လွယ်နှင့် ပြောင်းလဲဖြစ်ရန် မဖြစ်နိုင်သေးချေ။

**သမတလောင်းနှစ်ဦး၏ တနိုင်လုံးလူထုမဲနှင့် ရွေးချယ်တင်မြှောက်ရေးအဖွဲ့မဲများ ရရှိပုံ အခြေခံပြဇယား**

| *သမတလောင်း* | *ပါတီ* | *လူထုမဲ၊* | *ရာနှုန်း* | *ရွေးချယ်ရေးအဖွဲ့မဲ* |
|---|---|---|---|---|
| ဂျော့ရှ်–ဘုရှ် | ရီပါဘလစ်ကန် | ၅၀၄၅၆၁၆၇၊ | ၄၇.၉ | ၂၇၁ |
| အယ်လ်–ဂိုး | ဒီမိုကရက် | ၅၀၉၉၆၀၆၄၊ | ၄၈.၄ | ၂၆၆ |
| ရာ့ဘ်–နာဒါး | မြစိမ်းရောင် | ၂၈၆၄၈၁၀၊ | ၂.၇ | ၀ |
| အခြားသမတလောင်းများ | | ၁၀၇၃၀၇၄၊ | ၁.၀ | ၀ |

သမတအား တိုက်ရိုက်ရွေးချယ်တင်မြှောက်ပွဲဖြင့်ရွေးလျှင် ထိုနိုင်ငံတွင် စုပေါင်းနေထိုင်သော တိုင်းရင်သားလူမျိုးအလိုက် လူဦးရေအချိုးအစား၊ ပြည်နယ်ကြီးငယ် စသည်တို့ကို ထည့်သွင်းစဉ်းစားရန်လိုသည်။ လူမျိုးအသီးသီး၊ ပြည်နယ်အသီးသီးရှိ လူဦးရေကွာခြားမှုမှာ ကြီးကြီးမားမားမရှိသောအခါမျိုးတွင် တိုက်ရိုက်ရွေးချယ်တင်မြှောက်မှုသည် ပြည်နယ်များ အခွင့်အရေးကို ထူးခြားစွာ ထိခိုက်မည်မဟုတ်သော်လည်း လူဦးရေကွာခြားမှုကြီးလာသည်နှင့်အမျှ ပြည်နယ်များအခွင့်အရေးကွာဟမှု ကြီးလာပေမည်။

မြန်မာနိုင်ငံသည် တိုင်းရင်သားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သော နိုင်ငံတခုဖြစ်ပြီး

ထိုအထဲတွင် ဗမာတိုင်းရင်းသားလူမျိုးတမျိုးတည်း၏ လူဦးရေက အခြားတိုင်းရင်းသား လူမျိုး အားလုံးပေါင်းနှင့် ညီမျှနေသည်။ ထိုအခြေအနေမျိုးတွင် တိုင်းရင်းသားလူမျိုးများ အကြား နိုင်ငံရေးညီမျှမှုရှိအောင် ရွေးချယ်တင်မြှောက်ပုံစနစ်ကို မည်သို့ စီမံမည်နည်းဆို သည်မှာ အလေးအနက်ထားစဉ်းစားရမည့်အချက်ဖြစ်သည်။ အမေရိကန် သမတရွေး ချယ်တင်မြှောက်ပုံစနစ်ကို လေ့လာလျှင် မြန်မာနိုင်ငံအတွက် သင်ခန်းစာယူစရာများ ရှိ နေသည်ကို တွေ့နိုင်သည်။ ။

ဘိုမှတ်ဆိတ် (ဥပဒေ)

ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေး

# အခြေခံဥပဒေသစ်နှင့် ရွေးကောက်ပွဲသစ် –ထိုင်းနိုင်ငံ

ဦးဝင်းမောင်

ထိုင်းနိုင်ငံတွင် ဇန္နဝါရီလ (၆) ရက်နေ့တွင် ထွေထွေရွေးကောက်ပွဲကို ကျင်းပသည်။ အမေရိကန်သမ္မတရွေးကောက်ပွဲအခြေအနေကို ကမ္ဘာ့ပြည်သူများကစိတ်ဝင်စားနေကြသကဲ့သို့ ထိုင်းပြည်သူလူထုအဖို့ ထိုင်းအစိုးရ မည်သည့်ပါတီမှ မည်သူတွေဖြစ်လာမည်ကို စိတ်ဝင်စားလျက်ရှိနေကြပေသည်။ ထို့အပြင် မဲပေးခွင့်ရှိသူ ထိုင်းနိုင်ငံသားတိုင်း မဲမပေးမနေရ မဲပေးကြရမည်ဖြစ်သည်။ အကြောင်းမခိုင်လုံဘဲ မဲပေးခြင်းပျက်ကွက်ပါက အခြေခံဥပဒေအရ ပေးအပ်ထားသော အခွင့်အရေးများယုတ်သိမ်းခြင်းခံရမည်ဖြစ်ပေမည်။ ထို့ကြောင့်လည်း မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပါတီကို မဲပေးကြမည်ဖြစ်ကြောင်း အလေးအနက်စဉ်းစားကြရသည်။

ထိုင်းနိုင်ငံရွေးကောက်ပွဲသည် ပြည်သူများသာမက အိမ်နီးချင်းနိုင်ငံများ၊ အာစီယံနိုင်ငံများမှ နိုင်ငံရေးစိတ်ပါဝင်စားသူများနှင့် ပညာရှင်များက အထူးစိတ်ဝင်စားကြပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုင်းနိုင်ငံ၏ ၁၉၉၇ တွင်အတည်ပြုပြဋ္ဌာန်းခဲ့သော အခြေခံဥပဒေသစ်အရကျင်းပသည့် ပထမဆုံး ရွေးကောက်ပွဲဖြစ်သောကြောင့်ဖြစ်သည်။

ထိုင်းနိုင်ငံအခြေခံဥပဒေသစ်အရ ကျင်းပမည့်ရွေးကောက်ပွဲပုံစံမှာ အာစီယံနိုင်ငံ အဖွဲ့ဝင်နိုင်ငံများထဲတွင် တမူထူးခြားသည်ဟုဆိုရပေမည်။ အာစီယံနိုင်ငံများအနက် အချို့မှာ အစိုးရအဖွဲ့ခေါင်းဆောင်ကို လူထုကတိုက်ရိုက်ရွေးချယ်သည့်စနစ်ကိုသုံးပြီး (ဥပမာ –ဖိလစ်ပိုင်သမ္မတရွေးချယ်ခြင်း)၊ အချို့နိုင်ငံက ပါတီကိုမဲပေးသည့် အချိုးကျကိုယ်စားပြုစနစ် (Proportional Representation or Party List System)မှတဆင့် အစိုးရအဖွဲ့ရွေးချယ်သည့်စနစ်ကို အသုံးပြုသည်။ (ဥပမာ– ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား)၊ အချို့က မဲဆန္ဒနယ်မြေကိုယ်စားလှယ် (Single Member Constituency) မဲပေးသောစနစ်ကို ကျင့်သုံးသည်။ ယခင်က ထိုင်းနိုင်ငံရွေးကောက်ပွဲများသည် မဲဆန္ဒနယ်မြေကိုယ်စားလှယ်မဲပေးသည့်စနစ် ကိုသာကျင့်သုံးသည်။ ယခုအကြိမ်တွင် ရောပြွမ်းသောစနစ်ဟုခေါ်ဆိုနိုင်သော ပါတီကိုမဲပေးသောစနစ်နှင့် မဲဆန္ဒနယ်မြေကိုယ်စားလှယ်ကိုမဲပေးသော စနစ်နှစ်မျိုးပေါင်းစပ်ထားသည့်စနစ်ကို စမ်းသပ်ကျင့်သုံးထားသည်။

ထိုစနစ်ကျင့်သုံးမှုကို စဉ်းစားလာရခြင်းမှာ ရွေးကောက်ပွဲတွင် မဲဝယ်၍လည်း

ကောင်း သို့မဟုတ် ငွေကြေးအသုံးပြု၍လည်းကောင်း ကိုယ်စားလှယ်နေရာယူ၍ ကိုယ်ကျိုးရှာမည့်သူများထက် ပြည်သူလူထုအတွက်၊ တိုင်းပြည်အတွက် အမှန်တကယ်အလုပ်လုပ်မည့် ကိုယ်စားလှယ်များကို နေရာ ရရှိစေလိုသောကြောင့်ဖြစ်သည်။ တနည်းအားဖြင့် ငွေကြေးနိုင်ငံရေးဟူသော ထိုင်း၏နိုင်ငံရေးစနစ်ကိုပြုပြင်ပြောင်းလဲရန် ဒုတိယခြေလှမ်းကို စတင်လိုက်ခြင်းဟုလည်း ဆိုနိုင်ပေသည်။

ပထမခြေလှမ်းမှာ နိုင်ငံရေးစနစ်တစ်ခုလုံးကို အပြောင်းအလဲလုပ်ရန်ရှေ့ရှု၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ၁၉၉၇ ခုနှစ်တွင် ပြန်လည်ရေးဆွဲခြင်းဖြစ်သည်။ အခြေခံဥပဒေပြဌာန်းချက်များကို အကောင်အထည်ဖော်သည့်အနေနှင့်လည်း အကျင့်ပျက်ချစားမှုကိစ္စရပ်များကို တိတိကျကျ အရေးယူဆောင်ရွက်မှုများပြုလုပ်လာခဲ့သည်။

ထိုင်းပြည်သူများအနေဖြင့် တိုင်းပြည်တစ်ခုလုံးကိုနေ့စဉ်ရှုဝ စီမံခန့်ခွဲအုပ်ချုပ်ရသော အစိုးရအဖွဲ့၌ တာဝန်ယူမည့်ပုဂ္ဂိုလ်များထဲတွင် တကယ်ကို တိုင်းပြည်အကျိုး၊ လူထုအကျိုး သယ်ပိုးဆောင်ရွက် မည့်ကိုယ်စားလှယ်များကို မကြာမီရွေးချယ်ပေးကြရပေမည်။ သို့သော်လည်း စီးပွားရေးအရချို့တဲ့ပြီး လူထုအနေဖြင့် နိုင်ငံရေးအသိနည်းပါးသောပြည်နယ်များတွင်၊ မမှန်မကန်မဲဆွယ်နေမှုများ ရှိခဲ့ကြောင်း သတင်းများထွက်ပေါ်သည့်အတွက် သက်ဆိုင်ရာနိုင်ငံရေးပါတီခေါင်းဆောင်တို့က ထိုသတင်းနှင့်ပတ်သတ်၍ လိုက်လံရှင်းလင်းခဲ့ကြရသည်။ တဖက်တွင်လည်း မဲပေးရမည့်နည်းနာနှင့်စပ်လျဉ်း၍ ဝေးလံသောကျေးလက်ဒေသမဲဆန္ဒရှင်များအား ပညာပေးမှုများမလုပ်နိုင်သောအခက်အခဲများလည်းရှိနေသည်။

ထိုင်းနိုင်ငံတွင် မဲဆန္ဒနယ်ပေါင်း(၄၀၀)ရှိသည်။ မဲဆန္ဒရှင်များသည် မဲပေးရာတွင် တပြိုင်နက်ထဲ၌ အရောင်ကွဲပြားသောမဲပြား(၂)ပြားဖြင့် မဲထည့်ကြရမည်ဖြစ်သည်။ မဲပြားတစ်ခုမှာ မိမိမဲဆန္ဒနယ်ကိုယ်စားလှယ် (လူပုဂ္ဂိုလ်)အတွက်မဲထည့် ကြရမည်ဖြစ်ပြီး၊ ကျန်မဲပြားတစ်ခုမှာ (Party List System အရ) နိုင်ငံရေးပါတီကိုမဲထည့်ကြရသည်။ နိုင်ငံရေးပါတီမှ ပါတီကိုယ်စားလှယ်များကို သက်ဆိုင်ရာပါတီက ရွေးချယ်ပေးရသည်။ ဥပမာ– ဒီမိုကရက်တစ်ပါတီက ၎င်းပါတီ၏ (Party List) စနစ်အရ ရွေးကောက်ပွဲဝင်မည့်ကိုယ်စားလှယ် (၁၀၀) ကို ရွေးချယ်ပေးရခြင်းမျိုးဖြစ်သည်။

ပါတီမဲပေးစနစ်အရ မဲပေးသူများသည် (Party List) စာရင်းပါ ကိုယ်စားလှယ်များ၏ အရည်အချင်းကိုကြည့်၍လည်းကောင်း၊ ပါတီ၏မူဝါဒများကိုကြည့်၍လည်းကောင်း မိမိနှစ်သက်ရာပါတီကို မဲထည့်ကြရမည်ဖြစ်သည်။ မဲများရေတွက်ရာတွင် ငါးရာခိုင်နှုန်းအောက်လျော့ရရှိသောပါတီအား လွှတ်တော်အမတ်နေရာအတွက် ထည့်သွင်းစဉ်းစားမည်မဟုတ်ပေ။ ထို့ကြောင့် (၅)ရာခိုင်နှုန်းအောက် ရသောပါတီ၏မဲများကိုဖယ်ရှားပြီး ကျန်ရှိသည့်မဲစုစုပေါင်းအနက် သက်ဆိုင်ရာပါတီက မဲရရှိသည့်ရာခိုင် နှုန်းအလိုက် လွှတ်တော်တွင် (Party List စနစ်အရ) ကိုယ်စားလှယ်အမတ်နေရာရရှိမည်ဖြစ်သည်။ ဥပမာ ဒီမိုကရက်တစ်ပါတီက (Party List) စနစ်အရ မဲရာခိုင်နှုန်း(၄၀)ရသည်ဆိုလျှင် ထိုပါတီမှ စာရင်းပြုရွေးချယ်ထားပေးသော ကိုယ်စားလှယ်အမှတ်စဉ်(၁)မှ(၄၀)သည် အောက်လွှတ်တော်အမတ်များဖြစ် လာပေမည်။ အကယ်၍ လွှတ်တော်သက်တမ်းကာလအတွင်း သက်ဆိုင်ရာပါတီမှ လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်သွားပါက ပါတီကရွေးချယ်ပေးထားသောအမှတ်စဉ်အလိုက် ကိုယ်စားလှယ် တက်လာမည်ဖြစ်သည်။

အထက်ပါဥပမာအရဆိုလျှင် ဒီမိုကရက်ပါတီမှ အမှတ်စဉ်(၄၁)သည် ကိုယ်စားလှယ် ဖြစ်လာပေမည်။

နိုင်ငံရေးပါတီကိုယ်စားပြုကိုယ်စားလှယ်များသည် မဲဆန္ဒနယ်တစ်နယ်ကိုသာ ကိုယ်စားမပြုဘဲ တစ်နိုင်ငံလုံးကိုကိုယ်စားပြုရပေသည်။ မဲဆန္ဒနယ်ကိုယ်စားပြုလွှတ်တော်အမတ်များသည် သက်ဆိုင်ရာမဲဆန္ဒနယ်ကို ကိုယ်စားပြုရပေသည်။ သို့သော် ၎င်းကိုယ်စားလှယ်သည် ပါတီတစ်ခု ခုဏ်ပါတီဝင်ဖြစ်ရပေသည်။

လွန်ခဲ့သောမတ်လအတွင်းက အထက်လွှတ်တော်ရွေးကောက်ပွဲကျင်းပခဲ့သည်။ အထက်လွှတ်တော်ရွေးကောက်ပွဲတွင် ရွေးကောက်ခံသူများသည် နိုင်ငံရေးပါတီဝင်များမဖြစ်ရပေ။ တသီးပုဂ္ဂလများသာ ရွေးကောက်ပွဲဝင်ခွင့်ရှိသည်။ တနည်းအားဖြင့် အထက်လွှတ်တော်သည် နိုင်ငံရေးပါတီများနှင့် သက်ဆိုင်ခြင်းမရှိစေရဘဲ၊ အောက်လွှတ်တော်မှာ တသီးပုဂ္ဂလများအား ရွေကောက်ခံခွင့်မပြုပေ။ လွှတ်တော်နှစ်ရပ်စလုံးတွင် နိုင်ငံရေးပါတီတစ်ခုတည်းမှလွှမ်းမိုးထားခြင်းကို ကာကွယ်ရန်ဖြစ်ဟန်တူပြီး ဥပဒေပြုရာတွင် ပါတီတစ်ခု (သို့မဟုတ်) နှစ်ခုတို့သဘောထားအရ ဥပဒေပြုခြင်း /ဥပဒေကိုပယ်ဖျက် ခြင်းမျိုးမှ ကာကွယ်ရန်ဖြစ်ဟန်တူသည်။

အောက်လွှတ်တော်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း (၄၃) ပါတီသည် မဲဆန္ဒနယ်မြေ(Single Member Constituency) အတွက် ဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး၊ ၄၃ ပါတီအနက်(၆)ပါတီမှာ (Party List System) ရွေးကောက်ပွဲတွင် ဝင်အရွေးခံမည်မဟုတ်ပေ။ နိုင်ငံရေးပါတီများအနက် ဒီမိုကရက်တစ်ပါတီ၊ နယူးအက်စ်ပရေးရှင်း (New Aspiration Party)၊ ထိုင်းရပ်(က)ထိုင်း (Thai Rak Thai)၊ ချပ်ပါတနာ(Chat Pattana ) ပါတီတို့မှာ အင်အားကြီးပါတီများဖြစ်ကြသည်။

ထိုင်းရပ်(က)ထိုင်းပါတီခေါင်းဆောင် တက်ဆင်–ဆင်ဝါနပ်ထရာမှာ ဝန်ကြီးချုပ်ဖြစ်ရန်အလားအလာကောင်းလျက်ရှိသကဲ့သို့ တဖက်တွင်လည်း အခြေခံဥပဒေပုဒ်မ (၂၉၁) နှင့် ညိစွန်းလျက်ရှိသည်။

ထိုင်းအခြေခံဥပဒေအရ ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်အမတ်များ၊ နိုင်ငံရေးဆိုင်ရာအရာရှိများ၊ ဒေသဆိုင်ရာအရာရှိများသည် ရာထူးတာဝန်စတင်ထမ်းဆောင်ချိန်မှ ရက်ပေါင်း(၃၀)အတွင်း (မိမိဇနီး၊ အရွယ်မရောက်သေးသောသားသမီးများအပါအဝင်) မိမိပိုင်ဆိုင်ပစ္စည်းနှင့်ပေးရန်တာဝန်ကို စာရင်းပြုစု၍ အမျိုးသား ချစားမှုတိုက်ဖျက်ရေးကော်မရှင်ထံ တင်ပြရပေသည်။ တက်ဆင်သည်လည်း ၁၉၉၇ခုနှစ်တွင် ဒုတိယဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်စဉ်နှင့် တာဝန်မှ အနားယူချိန်တွင် ၎င်း၏ ပိုင်ဆိုင်ပစ္စည်းစာရင်းကိုတင်ပြခဲ့သည်။ ထိုသို့တင်ပြခဲ့ရာတွင် ဘတ်ငွေသန်းပေါင်း(၆၀၀) လျော့နည်းတင်ပြထားကြောင်း၊ စွပ်စွဲခံထားရသောကြောင့် အမျိုးသားချစားမှုတိုက်ဖျက်ရေးကော်မရှင်၏ စုံစမ်းစစ်ဆေးမှုများကိုခံခဲ့ရသည်။ အကယ်၍ တက်ဆင်မှာ စာရင်းများကို မမှန်မကန်တင်ပြထားကြောင်း အခြေခံဥပဒေတရားရုံးမှဆုံးဖြတ်ပါက ဝန်ကြီးချုပ်ဖြစ်ရန် အခွင့်အလမ်းပိတ်သွားနိုင်ပေသည်။ တက်ဆင်အလားအလာမကောင်းတော့ပါက ၎င်း၏ ပါတီအနေနှင့် ယူထိုင်း–ပင်မ်ချိုင်းချွန် (Uthai Pimchaichon)အား ဝန်ကြီးချုပ်အဖြစ် အမည်စာရင်းတင်သွင်းမည်ဖြစ်သည်။ ဘန်ကောက်တက္ကသိုလ်မှ သဘောထားကောက်ယူချက်အရ သဘောထားပေးသူများ၏ (၃၄) ရာခိုင်နှုံးက ယူထိုင်း

အားထောက်ခံကြောင်း၊ (၂၄.၉)ရာခိုင်နှုန်း ကကန့်ကွက်ပြီး၊ (၄၂.၅) ရာခိုင်နှုန်းက သဘောထားမပေးကြကြောင်း သိရသည်။

ထိုင်းပြည်သူများသည် နိုင်ငံ၏နိုင်ငံရေးစနစ်ကိုပြောင်းလဲလိုသောရည်ရွယ်ချက်နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ကို ရေးဆွဲခဲ့ကြခြင်းဖြစ်သည်။ အခြေခံဥပဒေသစ်နှင့် အညီဖွဲ့စည်းထားသော အဖွဲ့အစည်းများကလည်း တာဝန်ဝတ္တရားများကို ပြတ်ပြတ်သားသားဆောင်ရွက်လာနေကြောင်း တွေ့ရသည်။ အမျိုးသားချစားမှုတိုက်ဖျက်ရေးကော်မရှင်သည် မကြာသေးမီက ထိုင်းဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး ဆနန်ကပရာခွမ်အား ပိုင်ဆိုင်ပစ္စည်းစာရင်းမမှန်မကန်တင်ပြမှုနှင့် အရေးယူခဲ့သည်။

ရွေးကောက်ပွဲကော်မရှင်ကလည်း ရွေးကောက်ပွဲတွင် မဲဝယ်မှု၊ မမှန်မကန်မဲဆွယ်မှုများကင်းအောင် ဆောင်ရွက်လျက်ရှိသည်။ ဆူရင်ပြည်နယ် မဲဆန္ဒနယ် လွှတ်တော်အမတ်လောင်း( ချပ်ပါတနာ ပါတီ အမတ်လောင်း)က မဲဆန္ဒရှင်များအား ငွေပေး၍ မဲဆွယ်စည်းရုံးသဖြင့် ရွေးကောက်ပွဲဥပဒေပုဒ်မ(၄၄)အား ချိုးဖေါက်ကြောင်း ရွေးကောက်ပွဲကော်မရှင်က ဒီဇင်ဘာ(၈)ရက်နေ့ကဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် ဆူရင်ပြည်နယ် မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ဝီချိုင်းသတ်ဆနာဆက် (Wichi Thassanaset)သည် ရွေးကောက်ပွဲဝင်ခွင့်ဆုံးရှုံးခဲ့ရရုံမက နိုင်ငံရေးလုပ်ခွင့် (၁၀)နှစ်ပိတ်ပင်ခံခဲ့ရသည်။ ရွေးကောက်ပွဲတွင် မဲဆွယ်မှုနှင့်ပတ်သက်၍ တိုင်ကြားစာ (၄၀၀)ကျော်ရရှိထားသည်ဟု ရွေးကောက်ပွဲကော် မရှင်မှဆိုသည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း ထိုင်းနိုင်ငံ၏ ငွေကြေးနိုင်ငံရေး၊ ချစားမှုများနှင့်ရောပြွမ်းနေသော နာတာရှည်နိုင်ငံရေးကိုပြုပြင်ရန်၊ လူမှုရေးတရားမျှတမှုကိုဖေါ်ဆောင်ရန် ထိုင်းပြည်သူလူထုက အခြေခံဥပဒေသစ်ကို ရေးဆွဲခဲ့ကြခြင်းဖြစ်သည်။ ဤအခြေခံဥပဒေကို မှန်မှန်ကန်ကန်၊ လေးလေးစားစားကျင့်သုံးခြင်းအားဖြင့် မှန်ကန်သောဒီမိုကရေစီနိုင်ငံရေးနှင့် လူမှုတရားမျှတမှုကို ဖေါ်ဆောင်နိုင်မည်ဟုလည်း ယုံကြည်ကြသည်။ ထိုယုံကြည်ချက်ကိုဖေါ်ဆောင်ရန် ရွေးကောက်ပွဲသည်လည်း အရေးပါသောအခန်းကဏ္ဍတစ်ရပ်ဖြစ်ပေသည်။ ။

ဦးဝင်းမောင်

အခြေခံဥပဒေရေးရာ

# အခြေခံဥပဒေရေးရာ သတင်းအတိုအထွာ

## ပြင်သစ်နိုင်ငံ သမ္မတသက်တမ်းလျှော့ချခြင်း

သမ္မတသက်တမ်းလျှော့ချမှုနှင့်စပ်လျဉ်း၍ ယခုနှစ်စက်တင်ဘာလ(၂၄) ရက်နေ့တွင် ပြင်သစ်နိုင်ငံ၌ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ လူထုဆန္ဒခံယူပွဲကျင်းပခဲ့သည်။ ဆန္ဒခံယူပွဲတွင် မဲပေးခွင့်ရှိသူများ၏ ၆၈၈၄ ရာခိုင်နှုန်း လာရောက်မဲပေးခဲ့ကြပြီး မဲပေးသူများ၏ ၇၃၈၅ ရာခိုင်နှုန်းက သမ္မတသက်တမ်းလျှော့ချသည့် အခြေခံဥပဒေပြင်ဆင်မှုကို ထောက်ခံခဲ့ကြသည်။ သက်တမ်းရှည်ကြာစွာသတ်မှတ်ပေးထားပြီး နိုင်ငံရေးအာဏာလည်း အပြည့်အဝပေးထားသော နိုင်ငံဦးဆောင်မှုပုံစံအား အပြောင်းအလဲလုပ်မည့် ပထမခြေလှမ်းဖြစ်သည်။ သမ္မတရာထူးကိုပြောင်းလိုကြခြင်းမှာ တစ်ဦးတစ်ယောက်တည်းက နှစ်ရှည်လများ သမ္မတရာထူးလက်ကိုင်ရှိခြင်းမျိုး မဖြစ်စေလို၍ဖြစ်သည်။

မူလက ပြင်သစ်နိုင်ငံအခြေခံဥပဒေတွင် သမ္မတတစ်ဦးသည် တစ်ကြိမ်လျှင် (၇) နှစ်ရာထူးထမ်းဆောင် ခွင့်ရှိသည်။ ယခုမူ တစ်ကြိမ်လျှင် (၅) နှစ်သာတာဝန်ထမ်းဆောင်ရန် ပြင်ဆင်လျှော့ချလိုက်ခြင်းဖြစ်သည်။ သို့သော် ပြန်လည်ရွေးကောက်ပွဲဝင်ခွင့်ကို ကန့်သတ်မထားပေ။ သက္ကရာဇ် (၂၀၀၂) ခုနှစ်ရွေးကောက်ပွဲမှစ၍ သမ္မတရာထူးကို (၅) နှစ်သတ်မှတ်မည်ဖြစ်သည်။

ထို့အပြင် မတူကွဲပြားသောနိုင်ငံရေးပါတီမှသမ္မတနှင့် ဝန်ကြီးချုပ်တို့အကြား အာဏာခွဲဝေရေးကို ပြန်လည်စဉ်းစား လို၍လည်း ဖြစ်ဟန်တူသည်။ ပြင်သစ်နိုင်ငံတွင် နိုင်ငံဦးသျှောင်ဖြစ်သော သမ္မတထံတွင် နိုင်ငံရေးအာဏာ တစုံတရာ ရှိပြီးဝန်ကြီးချုပ်ထံတွင်လည်း အာဏာရှိသည်။ ထိုသို့ ခေါင်းဆောင်နှစ်ဦးအား အာဏာပေးထားခြင်းဖြင့် အစိုးရတွင်း အာဏာထိန်းညှိမှုကို ပိုမိုဖြစ်စေသည်ဟုယူဆကြသည်။ ၁၉၈၀ခုနှစ်များအတွင်း မဲဆန္ဒရှင်များက ထိုသို့ အာဏာချိန်ခွင် လျှာထိန်းညှိသည့်ပုံစံရအောင် ထောက်ခံမဲပေးခဲ့ကြသည်။ သို့သော် အစိုးရအတွင်း နိုင်ငံရေးအရ ရှေ့မတိုးသာ နောက်မဆုတ်သာ နိုင်ငံရေးပိတ်ဆို့မှုများ ကြုံတွေ့ရမှုများအတွက် မဲဆန္ဒရှင်များက ငြီးငွေ့လာဟန်ရှိသည်။

ပြင်သစ်နိုင်ငံတွင် သမတကို ပြည်သူလူထုက တိုက်ရိုက်မဲပေး ရွေးချယ်တင်မြှောက်သည်။ သမတလောင်း သုံးဦးနှင့်အထက် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံသောအခါများတွင် မည့်သည့် သမတလောင်းကမျှ စုစုပေါင်းအတည်ပြုနိုင်သော ပြည်သူ့ဆန္ဒမဲ၏ ထက်ဝက်

ကျော်မရရှိသော အခါမျိုးကြုံရတတ်သည်။ ထိုအခါ မဲအများဆုံးရရှိထားသော သမတလောင်းနှစ်ဦးတည်းကို နောက်တကြော့ ပြန်၍ရွေးကောက်ပွဲဝင်စေသည်။ ထိုအခါ တဦးဦးမှာ စုစုပေါင်းအတည်ပြုနိုင်သော ပြည်သူ့ဆန္ဒမဲ၏ ထက်ဝက်ကျော်ရရှိသွားသဖြင့် သမတ အဖြစ်အရွေးခံရသည်။ ထိုသို့ လိုအပ်လျှင် ဒုတိယအကြိမ် ရွေးကောက်ပွဲကျင်းပရသဖြင့် ပြင်သစ်နိုင်ငံ သမတရွေးချယ်တင်မြှောက်ပုံစနစ်ကို ဒုတိယမဲပြားစနစ် **(Second Ballot System)** ဟုခေါ်သည်။ ယခုအခါ ရုရှားနှင့် အရှေ့ဥရောပမှ နိုင်ငံအများစုသည် သမတရွေးကောက်ပွဲများတွင် ဒုတိယမဲပြားစနစ် ရွေးချယ်တင်မြှောက်ပုံစနစ်ကို ကျင့်သုံးသည်။

## ဘာရိန်းနိုင်ငံ စော်ဘွားအတိုင်ပင်ခံကောင်စီတွင် အမျိုးသမီး (၄)ဦးခန့်အပ်

ဘာရိန်းနိုင်ငံစော်ဘွား ရှိုက်အာမက်–အိုင်ဘင်အီဆာ–အယ်လ်ခလီဖာ က ခရစ်ယာန်အမျိုးသမီးတစ်ဦး၊ ဂျူးအမျိုးသမီးတစ်ဦးအပါအဝင် အမျိုးသမီး (၄) ဦးကို နိုင်ငံ၏အတိုင်ပင်ခံကောင်စီတွင် အဖွဲ့ဝင်များအဖြစ် ယခုနှစ် စက်တင်ဘာလ(၂)ရက်နေ့က ခန့်အပ်လိုက်သည်။ ထိုကောင်စီသည် ဥပဒေပြုရန်တာဝန်မရှိသော်လည်း အစိုးရမူဝါဒများကို တိုင်ပင်အကြံပြုရန်ဖြစ်သည်။ ထိုကောင်စီတွင် အဖွဲ့ဝင် (၄၀) ပါဝင်ပြီး အမျိုးသမီးနှင့် မူဆလင်မဟုတ်သူများ ပထမ ဆုံးအကြိမ်ပါဝင်ခွင့်ရခြင်းဖြစ်သည့်အတွက် အမျိုးသမီးများအား နေရာပေးမှုရှိလာကြောင်း သိသာစေသည်။ ကောင်စီ ၏သက်တမ်းမှာ (၄) နှစ်ဖြစ်ပြီး သက္ကရာဇ် (၂၀၀၄)ခုနှစ်တွင် ရွေးကောက်ပွဲဖြင့် ပြန်လည်ရွေးချယ်တင်မြှောက်မည်ဖြစ်သည်။

ဘာရိန်းနိုင်ငံသည် အာရပ်ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများအနက် နိုင်ငံ၏ နိုင်ငံရေးဆုံးဖြတ်ချက်လုပ်ငန်းစဉ်များတွင် အမျိုးသမီးများကိုနေရာပေးလာသော ဒုတိယမြောက်နိုင်ငံဖြစ်သည်။ အိုမန် နိုင်ငံက အမျိုးသမီးများကို ပထမဆုံး နေရာပေးခဲ့သည်။ အခြားသော ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများမှာ ဆော်ဒီအာရေးဗီးယား၊ ပြည်ထောင်စုအာရပ်စော်ဘွားများနိုင်ငံနှင့် ကွာတာနိုင်ငံတို့ဖြစ်သည်။

## ဖယ်ရှားခံရသောအစိုးရ အာဏာလက်ရှိဖြစ်ကြောင်း ဖီဂျီတရားရုံးမှဆုံးဖြတ်

၂၀၀၀ပြည့်နှစ် မေလ(၁၉)ရက်နေ့တွင် ဖြုတ်ချခြင်းခံရသော ဖီဂျီအစိုးရသည် လက်ရှိအခြေအနေအထိ တရားဝင်အာဏာရှိသော အစိုးရဖြစ်ကြောင်း ဖီဂျီတရားရုံးချုပ်က နိုဝင်ဘာလ (၁၅) ရက်နေ့က ဆုံးဖြတ်လိုက်သည်။

ထို့အပြင် နိုင်ငံရေးနှင့် အခြေခံဥပဒေဆိုင်ရာအကြပ်အတည်းပြဿနာများ (၆)လခန့်ရှိခဲ့ပြီးနောက် တရားဥပဒေစိုးမိုးမှုရှိရေးအတွက် ဖီဂျီပါလီမန်သည် မူအတိုင်းတရားဝင်ရှိနေကြောင်း တရားသူကြီး တိုနီ–ဂိတ် က တရားရုံးစီရင်ချက်တွင် ဖော်ပြသည်။ ၎င်း

က ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအားထောက်ခံပြီး အစိုးရအားဖြုတ်ချခဲ့မှုမှာ တရားမဝင်ကြောင်းဆုံးဖြတ်ခဲ့သည်။ သမ္မတအားလည်း နိုင်ငံ၏လုပ်ငန်းဆောင်တာများ ကိုဆောင်ရွက်နိုင်ရန် ပါလီမန်အစည်းအဝေးကျင်းပရန်လည်း ဆုံးဖြတ်ချက်ချပေးထား သည်။ ဝန်ကြီးချုပ် မဟင်ဒရာ–ချောင်ဒရီဦးဆောင်သော အစိုးရအဖွဲ့အား စီးပွားရေး လုပ်ငန်းတွင်မအောင်မြင်သူ မစ္စတာ ဂျော့–စပိတ် က မေလ (၁၉)ရက်နေ့တွင် ပါလီ မန်အားဝင်ဆီးကာ ဖြုတ်ချခဲ့သည်။ နိုင်ငံရေးအကြပ်အတည်းကာလအတွင်း စစ်တပ် က ကြားဖြတ်အစိုးရကို ဖွဲ့စည်းပေးခဲ့သည်။

ဖီဂျီစစ်တပ်ကမူ တရားရုံးဆုံးဖြတ်ချက်ကို အယူခံဝင်မည်ဟုဆိုသည်။ တရားရုံးဆုံး ဖြတ်ချက်များအရ လူထုက ၎င်းအားအပြည့်အဝထောက်ခံကြမည်ဟုယုံကြည်ကြောင်း ဖြုတ်ချခံရသော အိန္ဒိယအနွယ်ဝင် ဖီဂျီဝင်ကြီးချုပ်က နိုဝင်ဘာလ(၁၆)ရက်နေ့တွင် ပြောကြားခဲ့သည်။ ၎င်းမှာ ၁၉၉၉ခုနှစ် ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့် အနိုင်ရ ထားသော ပထမဦးဆုံး အိန္ဒိယအနွယ်ဝင် ဝန်ကြီးချုပ်ဖြစ်သည်။

## တံစိုးလက်ဆောင်လက်ခံခြင်းဆိုင်ရာ ထိုင်းနိုင်ငံ၌ စည်းကမ်းချမှတ်

ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော အမျိုးသား ချစားမှု တိုက် ဖျက်ရေးကော်မရှင်အဖွဲ့ ( National Counter Corruption Commission) သည် အစိုးရအရာရှိများ ဘတ်ငွေ(၃၀၀၀)ထက်ကျော်လွန်သော လက်ဆောင်ပစ္စည်း များကို လူထုထံမှသော်လည်းကောင်း၊ ဆွေမျိုးသားချင်းများထံမှသော်လည်းကောင်း လက်ခံ ရယူပါက အများဆုံးထောင်ဒဏ် (၃)နှစ်ကျခံစေရမည်။ ထို့အပြင်အများဆုံးဒဏ ငွေ ဘတ် (၆၀၀၀၀) လည်းကျခံစေနိုင်သည်ဟူသော စည်းကမ်းချက်တစ်ရပ်ကို မကြာ သေးမီက ထုတ်ပြန်ခဲ့သည်။

တစုံတဦးက လက်ဆာင်ပဏ္ဏာပေးခဲ့သော် ပေးသူအား ချက်ချင်းပြန်လည်ပေးအပ် စေရမည်ဖြစ်ပြီး၊ အကယ်၍ ထိုသို့ ပြန်လည်မပေးအပ်နိုင်ခဲ့ပါမူ သက်ဆိုင်ရာဌာနသို့ လှူ ဒါန်းပေးပစ်ရမည်ဟု သိရသည်။ အကယ်၍ အရာရှိများသည် ဌာန၏ထိပ်တန်းအရာ ရှိဖြစ်ခဲ့ပါမူ ၎င်းတို့အား တိုက်ရိုက်ကြီးကြပ်သူထံ အကြောင်းကြားရမည်။ အစိုးရလက် အောက်ခံ မဟုတ်သောအဖွဲ့အစည်းများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကမူ အမျိုးသားချစား မှုတိုက်ဖျက်ရေးကော်မရှင်ထံ အကြောင်းကြားရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဤစည်းကမ်းချက်မထုတ်ပြန်မီရက်ပိုင်းအတွင်းက ထိုင်းနိုင်ငံတွင် သေနတ်ဒဏ်ရာ နှင့် အဖမ်းခံထားရပြီး ဆေးကုသမှုခံယူနေသော အိန္ဒိယ မာဖီးယားဂိုဏ်းခေါင်းဆောင် တစ်ဦးဖြစ်သူ ချိုတားရာဂျန်ဆိုသူသည် လူဝင်မှုကြီးကြပ်ရေးအရာရှိများကို လာဒ်ငွေ ဘတ် (၂၅) သန်းပေးကာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သတင်းထွက်ပေါ်ခဲ့ သည်။

## ဂရုဏာလူသတ်ခွင့်ဥပဒေ အတည်ပြုရေး နယ်သာလန်တွင်လုပ်ဆောင်

နှစ်ပေါင်းများစွာအငြင်းအခုံဖြစ်နေသော သက်တောင့်သက်သာစွာဖြင့် လူ့အသက်ထွက်သွားစေရန် ဆရာဝန်များကိုဆောင်ရွက်ခွင့်ပြုသည့် ဥပဒေကြမ်းတစ်ရပ်ကို နယ်သာလန်နိုင်ငံ အောက်လွှတ်တော်တွင် နိုဝင်ဘာလ (၂၈)ရက်နေ့က မဲခွဲဆုံးဖြတ် အတည်ပြုခဲ့ကြသည်။ သို့သော် ထိုဥပဒေကြမ်းကို အထက်လွှတ်တော်တွင် ထပ်မံဆွေးနွေးဆုံးဖြတ်ကြရဦးမည်ဖြစ်သည်။

ထိုဥပဒေကြမ်းအရမူ ဆရာဝန်များသည် ရောဂါအသည်းအသန်ဖြစ်နေပြီး အသက်ရှင်ရန် မျှော်လင့်လျက်မရှိသောလူနာများအား ဆေးထိုးသတ်နိုင်ခွင့်ရှိသွားသည်။ အကယ်၍ အထက်လွှတ်တော်က အဆိုပါဥပဒေကြမ်းကိုအတည်ပြုလိုက်ပါက နယ်သာလန်နိုင်ငံသည် ဝေဒနာရှင်များကို ဆေးထိုးသတ်ခွင့်ပြုသည့်ဥပဒေပြဋ္ဌာန်းသော ကမ္ဘာ့ ပထမဆုံးနိုင်ငံဖြစ်လာပေမည်။

ထိုကိစ္စကိုထောက်ခံသူဆရာဝန်များရှိသလို အချို့ဆေးဘက်ဆိုင်ရာအဖွဲ့များနှင့် ဘာသာရေးအသင်းများက ရှုံ့ချကြသည်။ အချို့က ဆရာဝန်များသည် ဤဥပဒေအား တလွဲအသုံးချမည်ကိုလည်း စိုးရိမ်ကြသည်။

ဘာသာရေးရှုထောင့်၊ အစဉ်အလာရှုထောင့်မှကြည့်ပါက မိမိကိုယ်ကို သတ်သေခြင်း၊ သတ်သေသူကိုအားပေးခြင်း၊ သူတပါးအားသေစေခြင်းတို့သည် မလုပ်သင့်မလုပ်အပ်ဟုမြင်သည်။ လုံးဝတားမြစ်ထားသည်။ ရာဇဝတ် ဥပဒေအရလည်း ထိုသို့ပြုလုပ်မှုသည် ရာဇဝတ်မှုမြောက်သည်။

သို့သော် အသက်အရွယ်ကြီးရင့်ပြီး ပြင်းထန်သောဝေဒနာခံစားနေရသူများ၊ အသက်ရှင်ရန်မျှော်လင့်ချက် လုံးဝမရှိတော့သောဝေဒနာရှင်များ၏ "သနားကြင်နာမှုရှိမယ်ဆိုရင် ငါ့ကိုသတ်ပေးပါတော့" ဟု ရက်ရောစွာတောင်း ဆိုလာမှုကို အချို့ပုဂ္ဂိုလ်များက စဉ်းစားလာကြဟန်ရှိပေသည်။

## ဖိလစ်ပိုင်သမ္မတအား အရေးယူ

ဖိလစ်ပိုင်သမ္မတ ဂျိုးဇက်–အက်(စ)ထရာဒါအား တရားမဝင်လောင်းကစားဒိုင်တစ်ခုထံမှ ဒေါ်လာ ၈.၅ သန်း (ဘတ် ၃၄၄ သန်း ) လာဒ်ယူခဲ့ကြောင်း စွပ်စွဲချက်များ ပေါ်ထွက်လာပြီးကတည်းက နိုဝင်ဘာလကတည်းက သမတ ရာထူးမှနုတ်ထွက်ပေးရန် လူထု တောင်းဆိုဆန္ဒပြမှုများ ဖိလစ်ပိုင်နိုင်ငံတဝှမ်းဖြစ်ပေါ်လာခဲ့သည်။ ထိုလူထုတောင်းဆို ဆန္ဒပြပွဲများကို ဒုတိယသမတနှင့် အယ်စထရာဒါ အယင်တာဝန်ထမ်းဆောင်ခဲ့သော သမတဟောင်းများက ဦးဆောင်ခဲ့သည်။ နိုင်ငံ၏ ထိပ်တန်းဘာသာရေးခေါင်းဆောင် ကာဒီနယ်ဆင်းကလည်း သမ္မတအား နုတ်ထွက်ပေးရန် တောင်းဆိုထားသည်။

သို့သော် သမတသည် ၎င်းတွင် အပြစ် မရှိဟုဆိုကာ ရာထူးမှနုတ်ထွက်ပေးရန် ငြင်းဆန်ခဲ့သဖြင့် နောက်ဆုံး ဖိလစ်ပိုင် ကွန်ဂရက်က သမတ အယ်(စ)ထရာဒါအား အရေးယူရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ဒီဇင်ဘာလ (၇)ရက်နေ့မှစ၍ သမတအား အ

ထက်လွှတ်တော် ဆီးနိတ်တွင် အပြစ်ရှိမရှိ စစ်ဆေးလျက်ရှိသည်။ ဆီးနိတ်လွှတ်တော်ကို ခုံရုံးအဖြစ်ကြေငြာကာ လွှတ်တော်အမတ် (၂၂) ဦးစလုံးက ဂျူရီ တရားသူကြီးများအဖြစ် ဆောင်ရွက်ကြသည်။

အထက်လွှတ်တော်အမတ်ဦးရေ (၂၂) ဦးမှ သုံးပုံနှစ်ပုံထောက်ခံမဲဖြင့်သာ သမ္မတအား ရာထူးမှဖယ်ရှားနိုင်မည်ဖြစ်သည်။ သမ္မတအက်စထရာဒါအနေဖြင့် ဆီးနိတ်လွှတ်တော်၏အဆုံးအဖြတ်ကို နာခံမည်ဖြစ်ကြောင်း၊ သို့သော် အကယ်၍ ဆီးနိတ်မှ ၎င်းအား တရားသေလွှတ်ခဲ့လျှင် ထိုသို့လွှတ်သောကြောင့် လမ်းမများပေါ်တွင် ဆန္ဒပြမှုများကို သည်းခံမည်မဟုတ်ကြောင်း နိုဝင်ဘာ (၂၀) ရက်နေ့က ပြောကြားခဲ့သည်။

သမ္မတ ဂျိုးဇက်–အက်(စ)ထရာဒါ က ၎င်းအား ကိုယ်ကျင့်တရားပျက်ယွင်းမှုစွပ်စွဲထားချက်ကို ပယ်ဖျက်ပေးရန် အထက်လွှတ်တော်သို့တင်သွင်းထားရာ အထက်လွှတ်တော်က နိုဝင်ဘာည (၂၈) ရက်နေ့က ပယ်ချခဲ့သည်။

ယခုကဲ့သို့ ကိုယ်ကျင့်တရားပျက်ပြားမှုကြောင့် နိုင်ငံဦးသျှောင်တရားစွဲဆိုခံရခြင်းမှာ ဖိလစ်ပိုင်နိုင်ငံတွင်သာမက အာစီယံနိုင်ငံများတွင် ပထမဆုံးဖြစ်သည်။ သမ္မတအနေဖြင့် ၎င်းအားစွပ်စွဲထားသောမှုများအပေါ် ငြင်းဆိုထားသော်လည်း ၎င်းအနေဖြင့် အမှုရှုံးနိမ့်ပါက သက်တမ်းမစေ့မီ ရာထူးမှထုတ်ပယ်ခြင်းခံရမည်ဖြစ်ပြီး ဆက်လက်အမှုရင်ဆိုင်ရဖွယ်ရှိသည်။ အမှန်အားဖြင့် ၎င်း၏ သမ္မတသက်တမ်းမှာ (၂၀၀၄)ခုနှစ်အထိဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လူထုကရွေးချယ်တင်မြှောက်ထားသော နိုင်ငံထိပ်တန်းခေါင်းဆောင်တစ်ဦး ဖြစ်စေကာမူ ဥပဒေကိုချိုးဖောက်ပါက အရေးယူခြင်းခံရခြင်းမှ ရှောင်လွှဲနိုင်မည်မဟုတ်ပါ။ ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံခေါင်းဆောင်တစ်ဦး ကိုယ်ကျင့်တရားပျက်ပြားခြင်းလောက် သိက္ခာမဲ့သည့်ကိစ္စဟူ၍ မရှိပေ။ ခေါင်းဆောင်ကို ယုံကြည်အားထားလျက် အများစုက ရွေးချယ်တင်မြှောက်ထားရာ လူထု၏ယုံကြည်မှုပျက်ပြားစေပါက ထိုခေါင်းဆောင်မှာ နိုင်ငံခေါင်းဆောင်နေရာတွင် မရှိစေရပေ။

## မြန်မာနိုင်ငံ၌ အခြေခံဥပဒေရေးဆွဲသူအား အပြင်းအထန် အရေးယူရန်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ယခင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့) အတွင်းရေးမှူး(၂) ဗိုလ်ချုပ်တင်ဦးမှ နယ်ချဲ့ဝါဒသမားအလိုကျပုံစံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲသူ မည်သူမဆို ပြင်းထန်စွာအရေးယူခံရမည်ဖြစ်ကြောင်း ထပ်မံပြောကြားသည်ဟု နိုဝင်ဘာလ(၂၀) ရက်နေ့ထုတ် မြန်မာ့အလင်း (အင်္ဂလိပ် ဘာသာဖြင့်ထုတ် ဝေသော) သတင်းစာတွင် ဖော်ပြထားသည်။

ဗိုလ်ချုပ်တင်ဦး၏ခြိမ်းခြောက်ပြောဆိုမှုမှာ စက်တင်ဘာလ (၁၂)ရက်နေ့တွင် အဖွဲ့ဝင် (၂၀၀)ခန့်တက်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစည်းအဝေးတွင် ပါတီအနေဖြင့် ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ရပ်ရေးဆွဲမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်ကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။ ထို့အပြင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ကိုလိုနီအစိုးရ ဆန္ဒအလိုကျ ရေးဆွဲခဲ့ရသောကြောင့် စည်းလုံးညီညွတ်မှု ပြိုကွဲနေရခြင်းဖြစ်ကြောင်းနှင့်၊ စစ်အစိုးရအနေဖြင့်လည်းယခုအခါ အခြေခံ

ဥပဒေတခု ရေးဆွဲနေကြောင်း အတွင်းရေးမှူး(၂)က ဆိုသည်ဟု အဆိုပါသတင်းစာ တွင် ဖော်ပြထားသည်။

အမှန်အားဖြင့်မူ အခြေခံဥပဒေရေးဆွဲရာတွင် လူတိုင်းပါဝင်ခွင့်ရှိပေသည်။ အခြေခံဥပဒေရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ လူတိုင်း၊ နိုင်ငံသားတိုင်း အကြံပေးခွင့်ရှိရပေမည်။ ပြည်သူလူထု ဆန္ဒအခြေခံဖြင့်သာရေးဆွဲသော အခြေခံဥပဒေမျိုး ဖြစ်ရပေမည်။ မကြာသေးမီကရေးဆွဲခဲ့ကြသည့် နိုင်ငံများ၏အခြေခံဥပဒေရေးဆွဲရေးဖြစ်စဉ်ကို လေ့လာ နမူနာယူသင့်သည်။ အထူးသဖြင့် တိုင်းပြည်၏ လက်တွေ့ပကတိအခြေအနေကိုသိမြင်ကြသော ဥပဒေပညာရှင်များ၊ နိုင်ငံရေးသိပ္ပံပညာရှင်များ၊ သမိုင်းပညာရှင်များနှင့် ပြည်သူ့ကိုယ်စားလှယ်များပါဝင်သော ရေးဆွဲရေးအဖွဲ့ဖြင့် ရေးဆွဲစေမှသာ လူထုလက်ခံနိုင်သော အခြေခံဥပဒေတစ်ရပ် ရရှိမည်ဖြစ်ပြီး တိုင်းပြည်တိုးတက်ဖွံ့ဖြိုးမှုဖြစ်ထွန်းနိုင်သည်။ ။

## ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

ဘမောင်ဇင်

# အာဏာရှင်၏ ဆိုးမွေများ

### အိုက်ဗိုရီကို့(စ)နိုင်ငံ သင်ခန်းစာ

အိုက်ဗိုရီကို့(စ)နိုင်ငံမှာ အောက်တိုဘာလကတည်းစလို့ နိုင်ငံရေး အကြမ်းဖက်မှုတွေ ဖြစ်ခဲ့တဲ့အတွက် လူရာပေါင်းများစွာဟာ အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်ပါတယ်။ အာဏာရှင်သမတ ဗိုလ်ချုပ်ကြီး ရောဘတ်–ဂေး(လ)ကို တော်လှန်ဆန့်ကျင်ယင်း ဒီမိုကရေစီစနစ်ကို တည်ထောင်လိုတဲ့ အိုက်ဗိုရီပြည်သူတွေဟာ အာဏာရှင်သမတ ရောဘတ်–ဂေး(လ)ကို ဖြုတ်ချနိုင်ခဲ့ပေမဲ့ အချင်းချင်း သတ်ဖြတ်မှုတွေဖြစ်နေရပါတယ်။ အာဏာရှင်သမတကို လူထုအားနဲ့ တော်လှန်ဖယ်ရှားနိုင်ခဲ့ပေမဲ့ အာဏာရှင်ချန်ရစ်ခဲ့တဲ့ ဆိုးမွေတွေကို ဒီမိုကရေစီအင်အားစုတွေက ရင်ဆိုင်ရင်း အခုလိုနိုင်ငံရေးအကြမ်းဖက်မှုတွေဖြစ်လာရတဲ့အတွက် အဲဒါတွေဟာ လေ့လာသင်ခန်းစာယူစရာတွေ ဖြစ်ပါတယ်။

လူဦးရေ(၁၉)သန်းကျော်နေထိုင်တဲ့ အာဖရိကနိုင်ငံလေးတခုဖြစ်တဲ့ အိုက်ဗိုရီကို့(စ)နိုင်ငံမှာ သမတရွေးကောက်ပွဲတရပ်ကို အောက်တိုဘာလ(၂၃)ရက်နေ့က ကျင်းပခဲ့ပါတယ်။ ရွေးကောက်ပွဲကော်မရှင်က မဲရေတွက်မှုအဆုံးမသတ်ခင်မှာ သမတ ဗိုလ်ချုပ်ကြီး ရောဘတ်–ဂေး(လ)ဟာ ရွေးကောက်ပွဲကော်မရှင်ကို ဖျက်သိမ်းလိုက်ပါတယ်။ ဒီနောက် စုစုပေါင်းမဲရဲ့ (၅၂)ရာနှုန်းကျော်အနိုင်ရရှိတဲ့အတွက်၊ သူ သမတအဖြစ်ထပ်မံအရွေးခံရကြောင်း အာဏာရှင်သမတ ရောဘတ်–ဂေး(လ)က ကြေညာပါတယ်။ အဲဒီအခါမှာ အတိုက်အခံ သမတလောင်း လောရီးယန့်–ဘာဘို ကိုထောက်ခံတဲ့ ပြည်သူထောင်ပေါင်းများစွာဟာ မြို့တော် အဘိုင်ဂျန်ရဲ့ လမ်းမတွေပေါ် ထွက်လာပြီး ဆန္ဒပြကြပါတယ်။ သမတ ရောဘတ်–ဂေး(လ)နဲ့ ရွေးကောက်ပွဲကော်မရှင်ကမဲလိမ်တယ်လို့ယုံကြည်တဲ့ အတွက် အစိုးရအဖွဲ့ဝင်ဝန်ကြီးတွေတောင် နုတ်ထွက်ပြီး အာဏာရှင်သမတ ဗိုလ်ချုပ်ကြီး ရောဘတ်–ဂေး(လ)ကို ကန့်ကွက်ခဲ့ကြပါတယ်။ ဆန္ဒပြပွဲတွေဖြစ်နေချိန်မှာပဲ လက်နက်ကိုင်တပ်ဖွဲ့တွေဟာ ဆန္ဒပြသူတွေနဲ့ ပူးပေါင်းသွားပါတယ်။ ဒါကြောင့် သမတ ရောဘတ်–ဂေး(လ)ဟာ လူထုနဲ့စစ်တပ် ပူးပေါင်းအားကို မရင်ဆိုင်ရဲတော့ပဲ ဟယ်လီကော်

ပတာနဲ့ အိမ်နီးချင်းနိုင်ငံတခုကို ထွက်ပြေးခိုလှုံသွား ရပါတော့တယ်။

အိုက်ဗိုရီ ပြည်သူတွေဟာ အာဏာရှင်ကို အောင်မြင်စွာ ဖြုတ်ချနိုင်ခဲ့ပေမဲ့ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းမှုအစား ပြည်သူအချင်းချင်းသတ်ဖြတ်မှုတွေနဲ့ အသစ်တဖန် ကြုံလာရပြန်ပါတယ်။ အကြောင်းကတော့ အဲဒီသမတ ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်ခွင့်မရှိဘူးလို့ အာဏာရှင်သမတ ရောဘတ်–ဂေး(လ) အစိုးရရဲ့ တားမြစ်ခြင်းကို ခံခဲ့ရတဲ့ RDR ပါတီခေါင်းဆောင်ဖြစ်သူ ဝန်ကြီးချုပ်ဟောင်း အာလာဆိန်း–ကွာတာရာ ကပြီးခဲ့တဲ့ သမတရွေးကောက်ပွဲဟာ တရားမျှတမှုမရှိတဲ့အတွက် အဲဒီသမတရွေးကောက်ရလဒ်ကို အသိအမှတ်ပြုဖို့ ငြင်းဆန်ရာကနေ သမတသစ် လောရီယန့်–ဘာဘို ကို ထောက်ခံသူတွေနဲ့ ကွာတာရာကို ထောက်ခံသူတွေအကြား အကြမ်းဖက်မှုတွေ ဖြစ်ပေါ်လာလို့ပါပဲ။

## လတ်တလော နောက်ခံသမိုင်း

၁၉၉၉ခုနှစ် ဒီဇင်ဘာလမှာဖြစ်ပွါးခဲ့တဲ့ စစ်အာဏာသိမ်းမှုကတဆင့် ဗိုလ်ချုပ်ကြီး ရောဘတ်–ဂေး(လ) ဟာ သမတအဖြစ် အာဏာရလာခဲ့ပါတယ်။ အာဏာမသိမ်းခင်က သမတဖြစ်နေတဲ့ ဟင်နရီ–ကိုနန်–ဘီဒီ ကို တော်လှန်ပုန်ကန်တဲ့ တပ်တွင်းပုန်ကန်မှုတခုကို အောက်ခြေစစ်သားတွေက ၁၉၉၉ခုနှစ် ဒီဇင်ဘာလ (၂၃)ရက်နေ့မှာ စတင်ခဲ့ပါတယ်။ နောက်တနေ့မှာတော့ အဲဒီစစ်သားတစုပုန်ကန်မှုဟာ စစ်တပ်တခုလုံးရဲ့ တော်လှန်မှုအဖြစ်ပြောင်းလဲသွားပါတယ်။ အဲဒီအချိန်မှာ အငြိမ်းစားယူထားပြီးဖြစ်တဲ့ စစ်ဦးစီးချုပ်ဟောင်း ရောဘတ်–ဂေး(လ) ဟာ အမျိုးသားကယ်ဆယ်ရေးကော်မတီဆိုတာကို စစ်တပ် ပုန်ကန်မှုမှာပါခဲ့တဲ့ စစ်သားတချို့နဲ့ဖွဲ့စည်းပြီး နိုင်ငံတော်အာဏာသိမ်းယူကာ သူက သမတအဖြစ် တာဝန်ယူခဲ့ပါတယ်။ တနှစ်အတွင်း သမတရွေးကောက်ပွဲနဲ့ လွှတ်တော်ရွေးကော်ပွဲတွေကျင်းပပေးပြီး အရပ်သားအုပ်ချုပ်မှုရှိတဲ့ ဒီမိုကရေစီအစိုးရစနစ်ကို ဖေါ်ထုတ်ပေးမယ်၊ သူလည်း ရွေးကောက်ပွဲဝင်မယ်၊ ရွေးကောက်ပွဲမှာ သူရှုံးနိမ့်ယင်လည်း ရွေးကောက်ပွဲရလဒ်ကို လက်ခံကာ အာဏာလွှဲပေးမယ်လို့ ကတိပေးခဲ့ပါတယ်။

ထင်ရှားလူကြိုက်များတဲ့ အတိုက်အခံပါတီ RDR ခေါင်းဆောင် အာလာဆိန်း–ကွာတာရာ ကို သမတရွေးကောက်ပွဲဝင်ဖို့ အရည်အချင်းအပြည့်မှီဘူးလို့ အောက်တိုဘာ (၂၃)ရက်နေ့ သမတရွေးကောက်ပွဲမတိုင်ခင်မှာ တရားရုံးက ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ ဒ့ါအပြင် တခြားအတိုက်အခံခေါင်းဆောင်တွေကိုလည်း သမတရွေးကောက်ပွဲ မဝင်နိုင်အောင်တားမြစ်ထားပြီး၊ သမတ ရောဘတ်–ဂေး သေချာပေါက် အနိုင်ရအောင် အကွက်ချလုပ်ဆောင်ခဲ့တာကို သုံးသပ်မိကြတဲ့ ကမ္ဘာ့ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂနဲ့ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ စတဲ့နိုင်ငံတွေက ရွေးကောက်ပွဲဟာ တရားမျှတမှုရှိမှာမဟုတ်ဘူးလို့ ပြောဆိုကန့်ကွက်ခဲ့ပါတယ်။ ဒါပေမဲ့ အတိုက်အခံသမတလောင်း လောရီယန့်–ဘောဘို ကိုတော့ သမတ ရောဘတ်–ဂေး(လ)ဟာ အလွယ်တကူ ယှဉ်ပြိုင်နိုင်လိမ့်မယ်အထင်နဲ့ ရွေးကောက်ပွဲဝင်ခွင့်ပေးခဲ့ပါတယ်။ အတိုက်အခံသမတလောင်း တဦးထည်း သမတ ရောဘတ်–ဂေး(လ)နဲ့ ယှဉ်ပြိုင်ခွင့်ရသွားတာဟာ သမတ ကိုမကြိုက်တဲ့ ပြည်သူအားလုံးက အတိုက်အခံ သမတလောင်းတဦးထည်းကို စုပုံမဲပေးခွင့်ရသွားတဲ့အ

တွက် ရွေးကောက်ပွဲမှာ သမတ ရောဘတ်–ဂေး(လ) ရှုံးနိမ့်ဖို့ ဖြစ်လာရပါတယ်။ သမတ ရောဘတ်–ဂေး(လ) ရွေးကောက်ပွဲရလဒ်ကို ခန့်မှန်းတွက်ချက်မှုမှားသွားတာ ဖြစ်ပါတယ်။

ဒါပေမဲ့ အောက်တိုဘာလ(၂၃)ရက်နေ့ ရွေးကောက်ပွဲ စတင်ကျင်းပစဉ်က အဲဒီရွေးကောက်ပွဲမှာ အထင်ကရ အတိုက်အခံ သမတလောင်းတွေ ပိတ်ပင်ခံထားရတာကို ကန့်ကွက်တဲ့ အနေနဲ့ မဲဆန္ဒရှင်တချို့က မဲမပေးပဲနေခဲ့ကြတဲ့အတွက် တချို့မဲဆန္ဒနယ်မြေတွေမှာ မဲပေးမှုရာနှုန်းဟာ (၃၄)ရာနှုန်းအထိ ကျဆင်းခဲ့ပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲပိတ်ပင်ခံလိုက်ရတဲ့ အတိုက်အခံသမတလောင်း ကွာတာရာ ကိုထောက်ခံသူတွေက အဲဒီရွေးကောက်ပွဲရလဒ်ကို ကန့်ကွက်ဆန့်ကျင်တဲ့ လူထု ဆန္ဒပြ ပွဲတွေကို စည်းရုံးခဲ့ပါတယ်။ နောက်ဆုံးတော့ အတိုက်အခံခေါင်းဆောင်ကို ထောက်ခံသူတွေနဲ့ သမတသစ် လောရီယန့်–ဘိုဘေ ကိုထောက်ခံသူတွေကြားမှာ အဓိကရုဏ်းတွေဖြစ်ပြီး ရာချီသေဆုံးရတဲ့အထိ ဖြစ်လာရပါတယ်။ ရွေးကောက်ပွဲအသစ်တွေ ပြန်လုပ်ပေးမှသာ အိုက်ဗိုရီကို့(စ) နိုင်ငံဟာ စစ်မှန်တဲ့ ဒီမိုကရေစီ လမ်းကြောင်းပေါ်ကို ပြန်တက်လာနိုင်မှာ ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုနဲ့ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်တို့က သတိပေးပြောကြားထားပါတယ်။ သမတသစ် လောရီယန့်–ဘိုဘေကတော့ ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာ သူဟာ ဒီမိုကရေစီနည်းကျအရွေးခံထားရတဲ့ သမတ ဖြစ်တဲ့အတွက် ရွေးကောက်ပွဲသစ် လုပ်မပေးနိုင်ဘူးလို့ အတိအလင်း ကြေညာပါတယ်။

အကြမ်းဖက်မှုတွေကတော့ ဆက်ဖြစ်နေပါတယ်။ သမတ လောရီယန့်–ဘိုဘေ အစိုးရကိုဖြုတ်ချနိုင်ရေး တိုင်းပြည်ကထွက်ပြေးသွားတဲ့ သမတ ရောဘတ်–ဂေး(လ)က လည်း သူပုန်တွေကိုစစ်သင်တန်းပေးနေတယ်ဆိုတဲ့ သတင်းတွေထွက်နေကြောင်း သမတ ဘိုဘေက ပြောပါတယ်။ ဒါကြောင့် ဒီနှစ် ခရစ္စမတ်နဲ့ နှစ်သစ်ကူး အားလပ်ရက်တွေအစား သေနတ်သံတွေက နေရာယူမှာပဲလို့ ပြောနေသူတွေရှိပါတယ်။

အိုက်ဗိုရီကို့(စ)နိုင်ငံမှာ အာဏာရှင်တွေကို ဖြုတ်ချနိုင်ခဲ့တာဟာ စစ်တပ်ရဲ့ ထူးခြားတဲ့ ရပ်တည်မှုကြောင့် ဖြစ်ပါတယ်။ ၁၉၉၉ခုနှစ် ဒီဇင်ဘာလ အာဏာသိမ်းမှုမှာ ဖြုတ်ချခံလိုက်ရတဲ့ သမတ ဟင်နရီ–ကိုနန် ဟာ အာဏာရှင်ဖြစ်လာတဲ့အတွက် စစ်တပ်က စတင်တော်လှန်ပုန်ကန်ခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီး ရောဘတ်–ဂေး(လ) အာဏာရလာကာ အာဏာရှင်သမတ ဟင်နရီ–ကိုနန် တိုင်းပြည်က ထွက်ပြေးခဲ့ရပါတယ်။ တဖန် ဗိုလ်ချုပ်ကြီး ရောဘတ်–ဂေး(လ)ဟာလည်း အာဏာရှင်ဆန်ဆန် လုပ်လာတဲ့အတွက် သူ့ကိုလုပ်ကြံဖို့ နှစ်ကြိမ်တိတိကျိုးစားခဲ့ပါတယ်။ နောက်ဆုံးရွေးကောက်ပွဲမှာ မဲလိမ်ပြီး ဒီမိုကရေစီကို ဖျက်ဆီးပစ်ဖို့ ကြံစည်တာကို သိသွားတဲ့အခါ စစ်တပ်ဟာ ဆန္ဒပြပြည်သူတွေနဲ့ ပူးပေါင်းသွားပါတယ်။ ဒါ့အပြင် ဗိုလ်ချုပ်ကြီး ရောဘတ်–ဂေး(လ) နဲ့အတူ အမျိုးသားကယ်ဆယ်ရေးကော်မတီဖွဲ့ပြီး အတူတကွ အာဏာသိမ်းရာမှာပါဝင်ခဲ့တဲ့ ပြန်ကြားရေးဝန်ကြီးဖြစ်သူ ဗိုလ်ကြီး ဟင်နရီ–ဆီဇာ–ဆာမာ ကိုယ်တိုင် ဗိုလ်ချုပ်ကြီး ရောဘတ်–ဂေး(လ)ရဲ့ မဲကလိမ်ကကျစ် ကျမှုကို မထောက်ခံနိုင်ကြောင်းပြောပြီး ရွေးကောက်ပွဲမှာ အတိုက်အခံဘက်က အနိုင်ရသွားတာကို ဝန်ခံပြောဆိုကာ ဒီမိုကရေစီကို ကာကွယ်သွားပါတယ်။ အခုတော့ (၁၀)လသား အာဏာရှင် သမတ ဗိုလ်ချုပ်ကြီး ရောဘတ်–ဂေး(လ) ဟာလည်း အာဏာလက်လွှတ်ကာ တိုင်းပြည်က ထွက်ပြေးသွားရပါတယ်။ ရောဘတ်–

ဂေး(လ)ဟာ ပြည်ပမှာအင်အားစုပြီး ဒီမိုကရေစီနည်းအရ အရွေးခံ ထားရတဲ့ သမတ လောရီယန့်-ဘိုဘေ အစိုးရကို လာရောက်တော်လှန်တာကို လက်ခံမှာမဟုတ်ဘူး၊ ချေမှုန်းပစ်မယ်လို့ သတိပေးပြောကြားထားပါတယ်။ ဒါကြောင့် အိုက်ဗိုရီစစ်တပ်ဟာ အာဏာရှင်ကို ဆန့်ကျင်ပြီး ဒီမိုကရေစီကို အကာအကွယ်ပေးတဲ့ စစ်တပ်ဖြစ်နေတာ အထင်အရှား တွေ့ရမှာဖြစ်ပါတယ်။

အိုက်ဗိုရီကို့(စ)နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအကြမ်းဖက်မှုတွေကို ပြန်သုံးသပ်မယ်ဆိုယင် သမတသစ် ဘိုဘေက အာဏာရှင်သမတ ဗိုလ်ချုပ်ကြီး ရောဘတ်-ဂေး(လ) ကို ပြည်သူလူထုအားနဲ့ ဆန့်ကျင်ယင်း အောင်ပွဲခံခဲ့တဲ့ ဒီမိုကရေစီရွေးကောက်ပွဲ ရလဒ်ကို ကာကွယ်နေတဲ့အတွက် အခုလိုအကြမ်း ဖက်မှုတွေဖြစ်နေတယ်လို့ ပြောနိုင်ပါတယ်။ အခြားတဖက်မှာလည်း ရွေးကောက်ပွဲမှာ ပိတ်ပင်ခံခဲ့ရတဲ့ အတိုက်အခံတွေဘက်ကကြည့်ယင် အဲဒီသမတရွေးကောက်ပွဲဟာ တရားမျှတမှုမရှိတဲ့ ရွေးကောက်ပွဲလို့ ပြောလို့ရပါတယ်။ တချို့က အခုဖြစ်ပေါ်နေတဲ့ အကြမ်းဖက်မှုတွေကို ထောက်ပြပြီး ဒီမိုကရေစီရတာနဲ့စာယင် အာဏာရှင်စနစ်အောက်မှာနေတာက ပိုတောင်ငြိမ်းချမ်းမှုရှိသေးတယ်လို့ ပြောကြပါတယ်။ အမှန်ကတော့ အိုက်ဗိုရီကို့(စ)နိုင်ငံမှာ အခုဖြစ်ပေါ်နေတဲ့ အကြမ်းဖက်မှုတွေရဲ့ အဓိက တရားခံဟာ အခုပဋိပက္ခမှာ ပါဝင်နေ သူတွေမဟုတ်ပဲ တိုင်းပြည်က ထွက်ပြေးသွားတဲ့ အာဏာရှင် သမတ ရောဘတ်-ဂေး(လ) သာဖြစ်တယ်ဆိုတာ မှန်မှန်ကန်ကန် သုံးသပ်နိုင်သူတွေအားလုံး သိနိုင်မှာဖြစ်ပါ တယ်။ ဆိုးကျိုးတွေအားလုံးဟာ အာဏာရှင်သမတ ရောဘတ်-ဂေး(လ) အိုက်ဗိုရီပြည် သူတွေကို ပေးခဲ့တဲ့ လက်ဆောင်ပဲဖြစ်ပါတယ်။

## မဲလိမ်တဲ့ အာဏာရှင်ကို လူထုကဖယ်ရှား ယူဂိုဆလားဗီးယား သမတရွေးကောက်ပွဲ

စက်တင်ဘာလ နောက်ဆုံးပတ်အတွင်းက သမတရွေးကောက်ပွဲတရပ်ကို ယူဂိုဆလားဗီးယားနိုင်ငံမှာ ကျင်းပခဲ့ပတယ်။ မဲရေတွက်မှုအရ အတိုက်အခံ သမတလောင်း ဘိုဂျီဆလပ်-ကော်စတူနီကာ က စုစုပေါင်းမဲရဲ့ (၅၀)ရာနှုန်းကျော် အနိုင်ရထားတဲ့အတွက် သမတအဖြစ် အရွေးခံရပြီးသူဖြစ်တယ်လို့ အတိုက်အခံတွေနဲ့ နိုင်ငံတကာက ပြောပါတယ်။ ဆာဗီးယားက သြဇာအာဏာကြီးမျှားလှတဲ့ ခရစ်ယန် ဘုရားရှိခိုးကျောင်းတော်ကလည်း အတိုက်အခံခေါင်းဆောင် ကော်စတူနီကာကို သမတအဖြစ် အရွေးခံရသူဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်ပါတယ်။ ဒါပေမဲ့ အတိုက်အခံသမတလောင်း ကော်စတူနီကာ က မဲ(၄၈)ရာနှုန်းကျော်နဲ့ သမတ ဆလိုဗိုတန်-မီလိုဆေးဗစ်က (၃၈) ရာနှုန်းကျော် အသီးသီးရရှိတယ်လို့ အစိုးရရွေးကောက်ပွဲကော်မရှင်က ကြေညာပါတယ်။ ဒါကြောင့် ဘယ်သမတလောင်းကမှ စုစုပေါင်းမဲရဲ့ ထက်ဝက်ကျော်မရတဲ့အတွက် အောက်တိုဘာလ(၈)ရက်နေ့မှာ ဒုတိယအကြော့ရွေးကောက်ပွဲကျင်းပမဲ့ စီမံကိန်းကို သမတ မီ

လိုဆေးဗစ်ရဲ့အစိုးရက အကွက်ချလုပ်ဆောင်နေပါတယ်။

အဲဒီအစီအအစဉ်ကို အတိုက်အခံတွေနဲ့ ဒီမိုကရေစီလိုလားထောက်ခံသူတွေက ဆန့်ကျင်ကန့်ကွက်တဲ့အနေနဲ့ လူသိန်းနဲ့ချီတက်ရောက်တဲ့ လူထုဆန္ဒပြပွဲတွေကို ဘဲဂရိတ်မြို့တော်မှာ နေ့စဉ် ရက်ဆက်ကျင်းပနေပါတယ်။ သမတ မီလိုဆေးဗစ် အနေနဲ့ ရွေးကောက်ပွဲရလဒ်ကို လက်ခံလာအောင် ဖိအားပေးတဲ့အနေနဲ့ အတိုက်အခံတွေက လူထုအာဏာဖီဆန်ရေးတိုက်ပွဲကို နေ့စဉ်ရက်ဆက် ဦးဆောင်ပြုလုပ်ပါတယ်။ တက္ကသိုလ်တွေ၊ ကျောင်းတွေကိုလည်း ပိတ်ထားလိုက်ပြီး လူထုအာဏာဖီဆန်ရေးတိုက်ပွဲမှာ ပညာရေးဝန်ထမ်းတွေ ပါဝင်လာခဲ့ပါတယ်။ ယူဂိုဆလားဗီးယား တနိုင်ငံလုံးအတွက် လျှပ်စစ်ထုတ်ပေးတဲ့ တာဘိုင်စက်မှာအသုံးပြုဖို့ အဓိက ကျောက်မီးသွေး ထုတ်လုပ်ပေးတဲ့ ကျောက်မီးသွေးတွင်းဝန်ထမ်းတွေ သပိတ်တိုကပွဲမှာ ပါဝင်လာတာဟာ မီလိုဆေးဗစ် အစိုးရအတွက် အထိနာဆုံးပါပဲ။ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေကလည်း ရွေးကောက်ပွဲမှာ သမတ မီလိုဆေးဗစ်ရှုံးနိမ့် သွားတာကို လက်ခံပြီး အေးအေးဆေးဆေး အာဏာလွှဲပြောင်းပေးဖို့ ဖိအားပေးပါတယ်။ သမတ မီလိုဆေးဗစ် ရာထူးက နုတ်ထွက်သွားပြီး ဒီမိုကရေစီအစိုးရ တက်လာယင် ယူဂိုဆလား ဗီးယားနိုင်ငံအပေါ် ချမှတ်ထားတဲ့ စီးပွါးရေးပိတ်ဆို့မှုကို ရုတ်သိမ်းပေးမယ်လို့ အမေရိကန် သမတ ဘေ–ကလင်တန် က ကြေညာလိုက်ပါတယ်။

ဒါပေမဲ့ အာဏာရှင်သမတ မီလိုဆေးဗစ်ကတော့ ဘယ်လိုနည်းနဲ့ပဲဖိအားပေးပေး လက်ခံမှာ မဟုတ်ဘူးလို့ အစပိုင်းမှာ ကြေညာလိုက်ပါတယ်။ ဒါကြောင့် လူထုအာဏာဖီဆန်ရေးတိုက်ပွဲကို အင်အားသုံးဖြိုခွင်းလာမှာကို တချို့ကလေ့လာသူတွေက စိုးရိမ်ခဲ့ကြပါတယ်။ အတိုက်အခံတွေအနေနဲ့ ရွေးကောက်ပွဲမှာ အနိုင်ရဖို့သေချာတယ်လို့ ယုံကြည်မှုရှိယင် နောက်တကြိမ်ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ပြီး အနိုင်ယူမဲ့နည်းလမ်းကို ဘာကြောင့် မရွေးချယ်ရဲရတာလည်းလို့ တချို့က မေးခွန်းထုတ်ကြပါတယ်။ သမတရွေးကောက်ပွဲမှာ သမတ မီလိုဆေးဗစ်ရဲ့ အစိုးရက ထိမ်းချုပ်ထားတဲ့ ရွေးကောက်ပွဲကော်မရှင်က မဲလိမ်မှုတွေရှိခဲ့တဲ့အတွက် နောက်ထပ်ကျင်းပတဲ့ ရွေးကောက်ပွဲမှာလည်း မဲလိမ်မှုတွေရှိမှာသေချာကြောင်း၊ ရွေးကောက်ပွဲလုပ်ယင်လည်း အဲဒီရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖေါ်ပေးမယ်လို့ အာမခံချက်မရှိကြောင်း၊ နောက်ထပ် ရွေးကောက်ပွဲ မကျင်းပမှီကာလအတွင်း သမတ မီလိုဆေးဗစ် အနေနဲ့အောက်လမ်းနည်းသုံးပြီး အာဏာလက်မလွှတ်ရေး လုပ်ဆောင်နိုင်ကြောင်း အတိုက်အခံတွေနဲ့ နိုင်ငံတကာက ယုံကြည်ထားတဲ့အတွက် ပထမအကြိမ်ကျင်းပခဲ့တဲ့ သမတရွေးကောက် ပွဲရလဒ်အရ အတိုက်အခံ သမတလောင်းက အနိုင်ရပြီးဖြစ်တဲ့အတွက် အဲဒီရွေးကောက်ပွဲရလဒ်ကိုသာ အကောင်အထည်ဖေါ်ပေးဖို့ အခိုင်အမာတောင်းဆိုခဲ့ကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သမတ မီလိုဆေးဗစ် စီမံကိန်းချ လုပ်ဆောင်ချင်သလို မဖြစ်ခဲ့ပါဘူး။ အတိုက်အခံ သမတလောင်း ကော်စတူနီကာ အနိုင်ရသွားခဲ့ပါတယ်။ အတိုက်အခံ ဒီမိုကရေစီ သမတလောင်း အနိုင်ရခဲ့ပါတယ်။ အဲဒီလို အနိုင်ရခဲ့တာဟာ ဘာကြောင့်ပါလဲ။ စစ်တပ်နဲ့ ရဲတပ်ဖွဲ့တွေကိုယ်တိုင်က သမတ မီလိုဆေးဗစ်အမိန့်ပေးတိုင်း လိုက်မလုပ်တော့တာကတကြောင်း၊ မီလိုဆေးဗစ် ကို တချိန်က ထောက်ခံအားပေးခဲ့တဲ့ သူတွေကတောင် အတိုက်အခံတွေနဲ့ပူးပေါင်းသွားတာတကြောင်းတို့ကြောင့် ရွေးကောက်ပွဲက

လိမ်ကကျစ်နည်းနဲ့ အာဏာဆက်မြဲအောင် လုပ်ဖို့ဟာ သမတ မီလိုဆေးဗစ်အကြံအစည် ထုတ်တာ မအောင်မမြင်ဖြစ်ခဲ့ရပါတယ်။ မီလိုဆေးဗစ်ကို ဖြုတ်ချခဲ့တဲ့ အင်အားစုတွေထဲမှာ အရေးပါဆုံးကတော့ ပါလီမန်အဆောက်အဦအထိ ဝင်ရောက်သိမ်းပိုက်ခဲ့ပြီး ဖိအားပေးခဲ့တဲ့ လူထုအာဏာတော်လှန်ရေးပဲဖြစ်ပါတယ်။ ။

ဘမောင်ဇင်

### အခြေခံဥပဒေရေးရာ

# မြန်မာနိုင်ငံ အခြေခံဥပဒေသစ်ရေးဆွဲရေး

B. K Sen
*ဦးချိုချိုထွန်းငြိမ်း ဘာသာပြန်ဆိုသည်။*

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးများ၏ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်များ အရှိန်ရလာသည်ကို တွေ့နေရသည်။ ချင်းပြည်သူများက ၎င်းတို့ပြည်နယ်အတွက် အခြေခံဥပဒေတရပ်ကို စတင်ရေးဆွဲလိုက်သကဲ့သို့ ရှမ်းတိုင်းရင်းသားများကလည်း အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်များ ပြင်ဆင်ရန်အတွက် ညှိနှိုင်းရေးညီလာခံတရပ်ကို ကျင်းပပြီးဖြစ်သည်။ ထို့အတူ၏ မွန်၊ ကရင်၊ ကရင်နီတိုင်းရင်းသားများကလည်း ပြည်နယ် အခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် ပြင်ဆင်မှုများ လုပ်ဆောင်နေသည်။ ဤသို့သော ပြည်နယ်အသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ဆောင်ချက်အား တိုင်းရင်းသားညီနောင်များအကြား စိတ်ဝမ်းကွဲစေသည့်လှုပ်ရှားမှု တရပ်အဖြစ် မသတ်မှတ်ပဲ နိုင်ငံရေးကြိုးပမ်းစွမ်းဆောင်ချက်တရပ်အဖြစ်သာ သဘောထား မှတ်ယူသင့်ပေသည်။ အဆိုပါကြိုးပမ်းချက်အသီးသီးအား ဆက်စပ်ညီညွတ်ပေးကာ ပြည်ထောင်စုပုံဖေါ်ပေးမည့် အနာဂတ်မြန်မာနိုင်ငံ၏ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ ယခုအခါ လိုအပ်နေပေသည်။ (နအဖ)မှ ရေးဆွဲနေသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းမှာ အာဏာရှင်အခြေခံဥပဒေဖြစ်ရာ မြန်မာနိုင်ငံတိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အထောက်အကူမဖြစ်ပေ။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင်လည်း ပြည်နယ်များ အခြေခံဥပဒေ ရေးဆွဲရေးကို လမ်းဖွင့်ထားခြင်းမရှိသည်ကို တွေ့နိုင်သည်။

၁၉၄၇ ခုနှစ် အခြေခံဥပဒေ ပုဒ်မ ၉၂၊ ပုဒ်မခွဲ (၁) အရ ပြည်ထောင်စုတနိုင်ငံလုံးအတွက် ဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်ခွင့်အာဏာကို ပြည်ထောင်စုပါလီမန်တွင် အပ်နှင်းထားပြီး၊ ပုဒ်မခွဲ(၂)တွင် ပြည်နယ်ဥပဒေပြုစာရင်း၌ သီးခြားပြထားသည့်ကိစ္စများနှင့် စပ်လျဉ်း၍ ပြည်နယ်ကောင်စီများတွင် ဥပဒေပြုအာဏာရှိသည်ဟုသာ ပြဋ္ဌာန်းထားပေသည်။

ပြည်နယ်ကောင်စီများ၏ ဖွဲ့စည်းမှုပုံသဏ္ဍာန်မှာလည်း ပြည်နယ်တခုနှင့်တခု မတူခြားနားမှုရှိသည်။ ရှမ်းပြည်နယ်ကို ဥပမာအဖြစ် လေ့လာကြည့်ပါစို့။ ပြည်ထောင်စုပါလီမာန်၏ ရှမ်းပြည်နယ်ဆိုင်ရာ ကိုယ်စားလှယ်အမတ်အားလုံးသည် ရှမ်းပြည်နယ်ကောင်စီ

ကို ပါဝင်ဖွဲ့စည်းသူများဖြစ်သည်။ ရှမ်းပြည်နယ်ဥက္ကဌအဖြစ် ရှမ်းပြည်နယ်ဆိုင်ရာ ပါလီမန်ကိုယ်စားလှယ်များထဲမှတဦးကို ပြည်ထောင်စုဝန်ကြီးချုပ်က အမည်စာရင်း တင်သွင်း၍ ရှမ်းပြည်နယ်ကောင်စီဆုံးဖြတ်ချက်ဖြင့်ခန့်အပ်ပြီး ထိုသူမှာ ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်ဖြစ်လာသည်။ ပြည်ထောင်စုဝန်ကြီးချုပ် အမည်စာရင်းတင်သွင်းမှုနှင့် ရှမ်းပြည်နယ်ကောင်စီ၏ဆုံးဖြတ်တို့ သဘောထားမတိုက်ဆိုင်၍ ပဋိပက္ခဖြစ်ရသော သာဓကများ ရှိသည်။ ထိုအခါမျိုးတွင် ဝန်ကြီးချုပ်၏ အမည်စာရင်းတင်သွင်းမှုက တဖက်သတ် အနိုင်ရစမြဲဖြစ်သည်။ ထိုအချက်သည် ရှမ်းပြည်နယ်၏ ကိုယ်ပိုင်အုပ်ချုပ်မှုအခွင့်အရေးကို ထိပါးနေသော အချက်ပင်ဖြစ်သည်။

ယခုဖြစ်ပေါ်နေသော တိုင်းရင်းသားပြည်နယ်များ၏ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်သည် ဖယ်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေ မူဘောင်အတွင်းတွင်ရှိရမည်ဖြစ်ပြီး၊ တိုင်းရင်းသားပြည်နယ်များနှင့် ဖက်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေတို့အကြား လိုအပ်သော မူပိုင်းဆိုင်ရာညှိနှိုင်းမှုများ ပြုလုပ်ရမည်သာဖြစ်သည်။ ပြည်နယ်များက အခြေခံဥပဒေရေးဆွဲရာတွင် ပြည်နယ် ဥပဒေပြုအဖွဲ့၊ ပြည်နယ်အစိုးရ၊ ပြည်နယ်တရားစီရင်ရေး၊ ပြည်နယ်ပြည်သူ့ဝန်ထမ်းရေးရာ၊ ပြည်နယ်ဘဏ္ဍာရေး၊ စီးပွားရေးရာ၊ လုံခြုံရေးရာ၊ လမ်းပမ်းဆက်သွယ်ရေး၊ ပြည်သူ့ကျန်းမာရေး၊ ဒေသန္တရအစိုးရ စသည့်အရေးကိစ္စများကို အလေးပေး ပြဋ္ဌာန်းပေလိမ့်မည်။

ပြည်နယ်များသည် အာဏာခွဲဝေသုံးစွဲရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ အာဏာခွဲခြားကျင့်သုံးရေး၊ လွတ်လပ်သော တရားရေးဌာနတည်ထောင်ရေးဆိုင်ရာ၊ အမျိုးသား–အမျိုးသမီး တန်းတူညီမျှရေး၊ လူနည်းစုအခွင့်အရေးနှင့် ဒီမိုကရေစီ အစိုးရစနစ်ဆိုင်များတွင် အခြေအတင်ဆွေးနွေး အဖြေရှာကြရမည်ဖြစ်သည်။ ပြည်နယ်ပါလီမာန် (ပြည်နယ်လွှတ်တော်)၏ စီရင်ပိုင်ခွင့်အာဏာနှင့် ပတ်သက်၍ ညှိနှိုင်းကြရပေမည်။ ကမ္ဘာပေါ်ရှိ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေများသည် တခုနှင့်တခု တထေရာတည်း တူညီကြသည်မဟုတ်ပါ။ အနာဂတ်မြန်မာနိုင်ငံ၏ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေကိုလည်း အခြားမည်သည့်တိုင်းပြည်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကိုမှ ပုံတူကူးမချပဲ မိမိတိုင်းပြည်နှင့်အကိုက်အညီဆုံး၊ အသင့်တော်ဆုံးဖြစ်အောင် စီမံရေးဆွဲရပေမည်။

အနာဂတ်မြန်မာနိုင်ငံ၏ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို–

- တိုင်းပြည်၏ အခြေအနေ လိုအပ်ချက်များနှင့်အညီ ကိုက်ညီစေရန်၊
- တိုင်းရင်သားလူမျိုပေါင်းစုံပြည်သူများ၏ ဆန္ဒနှင့်မျှော်မှန်းချက်များ ထင်ဟပ်နေရန်၊
- ဒီမိုကရေစီနည်းကျသော၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုကို လမ်းဖွင့်ထားသော၊ နိုင်ငံသားအခွင့်အရေး၊ နိုင်ငံရေးအခွင့်အရေးနှင့် စီးပွါးရေးအခွင့်အရေးများအပါအဝင် လူ့အခွင့်အရေးကို အာမခံချက်ပေးစေရန်၊
- အမျိုးသားပြန်လည်သင့်မြတ်ရေး နောက်ခံကျောရိုးပေါ်ရှိ တိုင်းရင်းသားလူမျိုးစု/လူနည်းစုများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အခွင့်အရေးကို အများဆုံး ဖေါ်ထုတ်ပေးရန်၊
- ဈေးကွက်စီးပွားရေးစနစ်ကို အာမခံချက် ပေးစေရန်၊

စသည့် အခြေခံသဘောတရားများကို လက်ကိုင်ထား၍ ရေးဆွဲရန်လိုအပ်သည်။

ဖွံ့ဖြိုးစည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းသည် ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ ရှေ့နေရှေ့ရပ်များကသာ လုပ်ဆောင်ရသောအလုပ် မဟုတ်ပေ။ ပြည်သူတရပ်လုံးကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းပါဝင် ရေးဆွဲအကောင်အထည် ဖော်ဆောင်ရွက်နိုင်မှသာ တိုးတက်မှု၊ ငြိမ်းချမ်းမှုတို့ကို ဖေါ်ဆောင်ပေးမည့် တည်ငြိမ်သည့် ဖွံ့စည်းပုံအခြေခံဥပဒေ တရပ် ပေါ်ထွန်းလာမည်ဖြစ်ပေသည်။ ။

B K Sen